www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

# ပုညခင်

## ကျွန်မရဲ့ပုခုံးပေါ်မှာ လိပ်ပြာလေးတွေနားဖူးတယ်…




THEE ZAR

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၉၂၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၁၅၀၆၁၁
ထုတ်ဝေခြင်း - ၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀ ကျပ်
အဖုံးဒီဇိုင်း - ကိုဆန်း
ကွန်ပျူတာစာစီ - ကိုသက်အောင်
ထုတ်ဝေသူ - ဒေါ်သင်းသင်းမာ (ယာယီ-၈၅၆)
ပုညခင်စာအုပ်တိုက်
တိုက်-၆၁၊ အခန်း-၁၁
ကမ္ဘာအေးဘုရားလမ်း၊
(ပါရမီလမ်းထောင့်)
အတွင်းပုံနှိပ် - ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)
ကလျာပုံနှိပ်တိုက်
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်
မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း
သိန်းမြင့်ဝင်း ပုံနှိပ်တိုက်
၉၆၊ ၁၁-လမ်း၊ ရန်ကုန်။



ပုညခင် စာအုပ်တိုက်

## ပုညခင်

# ကျွန်မရဲ့ ပခုံးပေါ်မှာ လိပ်ပြာလေးတွေ နားဖူးတယ်



www.burmeseclassic.com

www.burmeseclassic.com



ပုရိသအတော်များများဟာ...

ဣတ္ထိယ လှလှလေးတွေကိုတွေ့ရင် ပျော်ရွှင်အုမြူးလာတတ်ကြပါတယ်။

အိပ်ငိုက် ထိုင်းမှိုင်းနေတဲ့အခါ...

မိန်းမလှလေးတွေ အများကြီးရှိတဲ့နေရာကို သွားကြည့်ပါလား...

ကျွန်တော်ပြောတာ မှန်မမှန် ခင်ဗျားတို့ သိကြလိမ့်မယ်။

နောက်ပြီး... ပြောရဦးမယ်။

ဒီကမ္ဘာပေါ်မှာ မိန်းကလေးအတော်များများဟာ သူတို့ကို ယောကျ်ားတွေက များများပိုးပန်းလေ ပျော်ရွှင်လေပဲ။

သူတို့ကသာ ပြန်မကြိုက်ရင်နေမယ်၊ ဘယ်သူကဖြင့် ငါ့ကို အသည်းအသန် ကြွေနေတာဆိုတဲ့စကားမျိုးကို သူငယ်ချင်းတွေ ကြားမှာပြောပြီး ဂုဏ်လုပ်ချင်တတ်ကြတယ်။

ယောကျ်ားတွေကို အရူးလုပ်နိုင်ခြင်းဟာ သူတို့ရဲ့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတဲ့ ဆွဲဆောင်မှုကြောင့်ဆိုပြီး ဘဝင်လေဟပ်တတ်ကြတာပေါ့။

ကျွန်တော် သိသလောက်ကတော့ ပိုးပန်းခြင်းခံရတဲ့ မိန်းကလေးအတော်များများဟာ ဘဝကိုကျေနပ်ပျော်ရွှင်တတ်ကြပြီး...

ဘယ်ယောကျ်ားလေးကမှ အရေးတယူစိတ်ဝင်စားခြင်း မခံရတဲ့ ရုပ်ဆိုးမလေးတွေခများမှာတော့ သူတို့ဘဝကို သူတို့ တိတ်တိတ်လေးကြိတ်ပြီး အားငယ်နေတတ်ကြတယ်။

တကယ်တော့ ကျွန်တော်တို့ ယောကျ်ားထုကြီးရဲ့ ဂရုစိုက်မှုဆိုတာ မိန်းကလေးတွေကို ပျော်ရွှင်စေမယ့် ဆေးတစ်ခွက်ပါ။

ဒါကြောင့် အားငယ်ပြီး မပျော်ရွှင်တဲ့ မိန်းကလေးတစ်ယောက်ကို ကူညီချင်ရင် ဂရုစိုက်ပေးရပါမယ်။

ကျွန်တော်ကတော့ ရေများရာ မိုးမရွာချင်ပါဘူး။ အားနည်းတဲ့ဘက်ကိုပဲ ဖေးမကူညီချင်ပါတယ်။

(ကျော်ရှိသ)





ယောကျ်ားတွေဟာ သိပ်ကိုရယ်စရာကောင်းတာပဲရှင်...

မိန်းမလှလှလေးတွေ့တာနဲ့ ‘ကူညီပါရစေ’ ဆိုတဲ့ ဆိုင်းဘုတ်ကို ရဲစခန်းကနေ အတင်းပြေးယူပြီး သူတို့ရင်ဘတ်မှာ ချိတ်ပစ်ချင်ကြတော့တာ။

အဲဒီလိုယောကျ်ားမျိုးတွေကို ‘ကျေးဇူးပြုပြီး တစ်ခုလောက် ကူညီပါရှင်’ ဆိုတဲ့ စကားလုံးလှလှလေး သုံးပြီး ခိုင်းရတာ သိပ်အရသာ ရှိတာပါပဲ။ ဒါကြောင့် ကျွန်မအလှမှာ ဝပ်တွားခဲ့သမျှ ယောကျ်ားမှန်သမျှကို ဖွတ်ဖွတ်ညက်ညက်ကြေအောင် ခိုင်းခဲ့မိတာ ကျွန်မအလွန်တော့ မဟုတ်ပါဘူးနော်။

(မေကျော့ရှင်)



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေက မတရားပါဘူးရှင်...

မိန်းကလေးလှလှမြင်တာနဲ့ အပေါ်ယံ ရွှေမှုန်ကြဲတာ ကလေးကိုပဲမြင်ပြီး သွားကြီးအဖြီးသားနဲ့ အတင်း ပိုးပန်း အရောဝင်တတ်တဲ့ သူတွေချည်းပါပဲ။

ရုပ်ဆိုးတဲ့မိန်းမများဆို ရှိတယ်လို့တောင် မထင်တာ မှန်းစရာသိပ်ကောင်းပဲ။

တစ်ခါတလေများဆို ဒီလောကမှာ ကိုယ့်ကို ချစ်ခင် ဂရုစိုက်မယ့် ယောကျ်ားတစ်ယောက်မှ မရှိတော့ဘူးလား လို့ တွေးပြီး တိတ်တိတ်လေး မျက်ရည်ကျရတယ်။

တကယ်ဆို ကျွန်မက သွားကလေးခေါပြီး နှာခေါင်းကလေး ပြားတာရယ်၊ ပိန်ပြီး အသားမည်း တာလေးရယ်ကလွဲရင် ဒီလောက်ကြီး ရုပ်ဆိုးလှတာ လည်း မဟုတ်ပါဘူးရှင်။

(သိုချော)





ဘယ်သူတွေ ဘာပဲပြောပြော 'ကျော်ရသ' ဟာ ကျွန်မတို့အားလုံးရဲ့ သူရဲကောင်းပဲ...။


(မွေးမွေးဥ၊ လှမျိုးမြတ်မြတ်နွယ်၊ ဖေးသန္တာခင်)



www.burmeseclassic.com

www.burmeseclassic.com





## (၁)

ကျော်ရသတို့အုပ်စုထိုင်နေသော အအေးဆိုင်ကလေး ရှေ့မှ မကျေ့ာရှင်း ဖြတ်လျှောက်မလာမီအချိန်ကလေးတွင် ကျော်ရသ၏ သူငယ်ချင်းများသည် 'ယောက်ျားဝါဒ' နှင့် 'မိန်းမ ဝါဒ' အကြောင်းကို အကြိတ်အနယ် ဆွေးနွေးငြင်းခုံရင်း ခုမှ ရည်းစားရခါစ နောင်မျိုးကို အပြင်းအထန် လက်ချာရိုက်လျက် ရှိလေသည်။ အထူးသဖြင့် အာဘောင်အာရင်းသန်လှသော ရဲသမိန် က သူ့ရုပ်အင်္ကျီလက်နှစ်ဖက်ကို ပင့်ပင့်တင်ကာ လက်သီး လက် မောင်းတန်းတော့မတတ် ဩဝါဒ ခြွေမိန့်သည်မှာ...

"မှတ်ထား နောင်မျိုး၊ ယောကျ်ားဆိုတာ မိန်းမတစ်ယောက် ကို ဘယ်လောက် ချစ်ချစ် ယောကျ်ားမာနဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ… လုံးဝ မေ့မထားရဘူး၊ အောက်ကျခံ့ဒူးထောက်ပြစရာလည်း မလိုဘူး၊ ကိုယ်ဟာ သူ့ထက် ကြီးကျယ်မြင့်မြတ်ပြီး အားကိုးအထင်ကြီးရမယ့် ယောကျ်ားဆိုတဲ့အထက်စီးနေရာကို မသိမသာကလေး ယူထားပြီးသားဖြစ်မယ်”

နောင်မျိုးသည် နဝေတိမ်တောင်မျက်နှာကလေးဖြင့် ငြိမ်သက်စွာ နားထောင်လျက်ရှိပြီး ဒီပက ရဲသမိန် ပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံလျက်ရှိသည်။ ကျော်ရသက တော့ ပွဲကြည့်ပရိသတ်အဖြစ်သာ အားလုံးကို ထိုင်ကြည့်နေလိုက်သည်။

“မိန်းမဆိုတာ သူတို့ကို နည်းနည်းလေး ဦးစားပေး အလိုလိုက်တာနဲ့ ‘ငါဟဲ့’ ဆိုတဲ့ ဘဝင်မြူး ဝင်လာပြီး အဲဒီယောကျ်ားကို အပေါ်စီးက ငုံ့ကြည့်ပြီး တစ်သက်လုံးနိုင်ပြီပဲ၊ အဲဒီတော့ မင်း မှတ်ထားရမှာက သူ့ကို အလုံးစုံအလိုလိုက်နေဖို့ မလိုဘူး၊ သူခိုင်းသမျှ လုပ်ပေးစရာမလိုဘူးကွာ၊ ဘယ်လောက်ပဲ ချစ်ချစ် အပြင်ထုတ်ပြီး ချစ်ပြနေစရာ မလိုဘူး၊ စိတ်ထဲကသာ ကျိတ်ချစ်၊ မင်း သိပ်ချစ်မှန်းသာသိရင် အဲဒီ မိန်းမက မင်းကို အနိုင်ကျင့်ပြီပဲ၊ အဲဒီတော့ မိန်းမတွေရဲ့ မိန်းမဝါဒကို ငါတို့ယောကျ်ားတွေရဲ့





ယောကျ်ားဝါဒနဲ့ လွှမ်းမိုးချုပ်ကိုင်ထားရမယ်ဆိုတာ မြဲမြဲမှတ်ပေတော့ နောင်မျိုး”

‘သမိန်ပေါသွပ်’ ဟု အမည်တွင်သော ရဲသမိန်က ယောကျ်ားဝါဒကို အမွှန်းတင်နေဆဲတွင် သူတို့ထိုင်နေသော အအေးဆိုင်ကလေးထဲက ရှိရှိသမျှ ယောကျ်ားအားလုံး လှုပ်လှုပ်ရွရွဖြစ်သွားတာကို ကျော်ရသက သတိပြုမိလိုက်လေသည်။ သူတို့အားလုံးရဲ့အကြည့်သည် ခပ်ဝေးဝေးတစ်နေရာဆီသို့ ညီညာစွာ ရှုးစိုက်လျက်ရှိသည်။

ထိုတစ်နေရာဆီမှ မေကျော့ရှင်းသည် စာအုပ်ထုပ် ပိစိကလေးကို မနိုင်ချင်ဟန်ဆောင်ကာ သူမမျက်နှာလှလှကလေးကို အလှမပျက်ရုံကလေး ရှုံ့မဲ့လာသည်။ ကြော့ကြော့ကလေး လျှောက်လာနေသော သူမနောက်မှာတော့ ညီ့ချောက ကုပ်ချောင်းချောင်းကလေး ပါလာသည်။ မေကျော့ရှင်းသည် သူမတို့အတန်းထဲက လူတွေ တော်တော်များများထိုင်နေသော အအေးဆိုင်ကလေးဘက်သို့ မသိမသာဝေ့ကြည့်ရင်း…

“ဒီစာအုပ်ထုပ်ကြီးကလည်း ဆွဲရတာ စတိုင်လ်ပျက်လိုက်တာဟာ၊ ဘယ်သကောင့်သားကို ဆွဲခိုင်းရင် ကောင်းမလဲ မသိဘူး”

“ကျော့ရှင်းကလည်းဟာ နင့်စာအုပ်ထုပ်ကဖြင့် ပိစိကလေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကို၊ ဒီမှာ ငါဆွဲထားရတဲ့ စာအုပ်ထုပ်ကမှ အရမ်းလေးတာ”

“ဟဲ့…ပိစိလေးလည်း ငါမှ မဆွဲချင်တာ၊ ကိုယ့်ဘာသာ အိတ်လှလှကလေးပဲလွယ်ပြီး လွတ်လွတ်လပ်လပ် လှလှပပ သွားချင်တာပေါ့၊ ဟောတော့…မိုးဖွဲတွေတောင် ကျလာပြီ၊ ဟီဟိ…လာစမ်းပါ…လာစမ်းပါ၊ ထီးမိုးပေးမယ့်သူ တစ်ယောက်လောက် လာစမ်းပါ”

“နင့်မှာ ထီးမပါလာဘူးလား”

“မပါပါဘူး၊ ငါဘယ်တုန်းက ထီးယူဖူးလို့လဲ၊ မိုးရွာရင် ငါ့ကို ထီးလိုက်မိုးပေးမယ့်သူနဲ့၊ ကားနဲ့လိုက်ပို့ပေးမယ့် သူတွေမှ အများကြီး၊ ထီးကြီး ကန့်လန့်ကန့်လန့်ယူရမှာ စိတ်ပျက်လွန်းလို့၊ ဟဲ့…ဒါနဲ့ ကျောင်းလခသွင်းရမှာက မနက်ဖြန်နောက်ဆုံးနော်၊ မနက်ဖြန်ကျ နင်ရော ငါရော ကျောင်းမတက်ဘူးဆိုတော့ ကျောင်းလခသွင်းတာ၊ စာကူးပေးတာတွေလည်း တစ်ယောက်ယောက်ကို ခိုင်းရဦးမယ်”

ညိုချောက ‘အကျင့်ပုတ်လိုက်တာ’ ဟု တိုးတိုးကလေးညည်းတွားရင်း မေကျော့ရှင်း မမြင်အောင် နှုတ်ခမ်းကို မဲ့ပစ်လိုက်မိသောအခါ သွားခေါခေါကလေးတွေက နှုတ်ခမ်းကြားမှ ပြူးခနဲ ထွက်ပေါ်လာလေသည်။





မေကျော့ရှင်းနဲ့သာ ပေါင်းနေရပေမယ့် ကျော့ရှင်း အကျင့်တွေကို ညိုချော လုံးဝသဘောမကျချေ။ ကျော့ရှင်းဟာ ရုပ်ကလေးလှလောက် စိတ်ပုပ်သည်၊ ဗိုလ်ကျသည်၊ ယောကျ်ား တွေကို အရူးလုပ်လွန်းသည်ဟုထင်သည်။

ညိုချောလို နာမည်နဲ့မလိုက်အောင် ပိန်လိန်မည်းပြာကော့ပြီး သွားကလေးခေါ နှာကလေးပိကျာ ရုပ်ဆိုးလှတဲ့သူကိုမှ ကျော့ရှင်းက ဘာလို့ရွေးပေါင်းသလဲဆိုတာကိုလည်း ညိုချော သိသည်။ အဲ့ဒါဟာ အဖြူနဲ့အနက်ကို တမင်ယှဉ်ပြထားလိုခြင်း ဖြစ်သည်။ ညိုချောလို ရုပ်ဆိုးသူကလေးနဲ့ တွဲလိုက်တော့ ကျော့ရှင်း အလှက ပိုပြီးထင်းလင်းတောက်ပသွားသည်။ ညိုချောက ရုပ်ဆိုးလေ ကျော့ရှင်းက လှလေ၊ ကျော့ရှင်း လှလေ ညိုချော ရုပ်ဆိုးတာကို လူပိုသတိထားမိလေ…။

ယောကျ်ားကလေးတွေကလည်း ကျော့ရှင်းနဲ့အတူ ပါလာတတ်တဲ့ ညိုချောကို ရှိတယ်လို့တောင်မထင်ဘဲ ကျော့ရှင်း တစ်ယောက်ကိုသာ ပျာပျာသလဲ ဂရုစိုက်တတ်ကြစမြဲမို့ ညိုချော မှာ အမြဲ စိတ်ခံတတ်ကျရသည်။ ကျော့ရှင်းနဲ့တွဲရတာဟာ ကိုယ် ရုပ်ဆိုးကြောင်း လူပိုသိအောင် လုပ်သလို ဖြစ်နေသည်။

သို့သော် ကိုယ့်မနာလိုစိတ်ကို သူသိမှာစိုးတာမို့ အလိုက်သင့်ကလေး ဆက်ပေါင်းနေရသေးသည်။ စိတ်ထဲမှာတော့ သိပ်ကျေနပ်လှတာ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



“ဟင်း…ဟင်း…အအေးဆိုင်ထဲက ကိုယ်တော်ချောလေးတွေတော့ လှုပ်လှုပ်ရွရွဖြစ်လာကြပြီ၊ ဘယ်သူလာမလဲ… လာခဲ့စမ်း…ခိုင်းပစ်လိုက်မယ်”

မကျော့ရှင်က တိုးတိုးကလေး ရေရွတ်နေဆဲ နောက်ဘက်မှ ခြေသံတဖုတ်ဖုတ်ကြားရကာ ကျော့ရှင်းခေါင်းပေါ်သို့ ထီးရိုပ်မိုးသွားပြီး…

“မိုးရွာထဲမှာ ဒီအတိုင်းလျှောက်နေရသလား ကျော့ရှင်းရာ၊ အအေးမိပြီး ဖျားတော့မှာပဲ”

ဟူ၍လည်းကောင်း။

အအေးဆိုင်ထဲမှ တစ်ယောက်ပြီးတစ်ယောက် ပြေးထွက်လာကာ…

“ကျော့ရှင်းရာ…ဒီလောက်လေးတဲ့ စာအုပ်ထုပ်ကြီးကို ဒီအထိတောင် ဆွဲလာရသလား၊ စောစောကတည်းက ကိုယ့်ကိုပြောရင် ကိုယ် လာသယ်ပေးမှာပေါ့၊ ပေး…ပေး… ကိုယ့်ကို ပေး”

ဟူ၍ လည်းကောင်း။

“ကျော့ရှင်း ကျောင်းလခ သွင်းပြီးပြီလား၊ ကိုယ်သွင်းပေးမယ်လေ”

ဟူ၍ လည်းကောင်း။





အလွန်ကျယ်လောင်သော ဘရိတ်အုပ်သံကြီးနှင့်အတူ ကားတစ်စီးက ကျော့ရှင်းဘေးမှာရပ်ကာ ကားပေါ်မှ လူတစ်ယောက် ခုန်ချလာပြီး…

“ကျော့ရှင်း…အဝေးကြီး လျှောက်လာတယ် ဟုတ်လား၊ လာ…တက်လေ…ကိုယ် လိုက်ပို့ပေးမှာပေါ့”

ဟူ၍လည်းကောင်း အလုအယက် ယောက်ယက်ခတ်ရှုပ်ထွေးသွားလေသည်။ တံချို့များဆို ညိုချောကိုတောင် တွန်းတိုက်သွားတာမို့ ညိုချောမှာ ချော်လဲတော့မတတ် ယိမ်းထိုး ကြားညပ်သွားသည်။

ထိုမြင်ကွင်းသည် ‘ကျော်ရသ’ ရှေ့သို့ တည့်တည့်ကြီးဝင်လာချိန်တွင် ရဲသမိန်က ဖင်တကြွကြွ ဖြစ်လျက်ရှိလေပြီ။ သူက သူ့ရဲ့ပြောလက်စ ယောက်ျားဝါဒကို တိခနဲဖြတ်ချကာ…

“ဟဲ…ဟဲ…ခဏကွာ၊ ငါ ဟိုနား ခ[illegible]”

“ဘယ်ကိုလဲ”

ကျော်ရသက သမိန်ပေါသွပ်လက်ကို စားပွဲနှင့် ကပ်ဖိချထားကာ မေးလိုက်ပါသည်။

“ဟိုနားလေးကွာ”

“အေး…ဘယ် ဟိုနားလဲသာ ပြော”

“မကျော့ရှင်း နားကွာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာသွားလုပ်မှာလဲ"

"သွားနှုတ်ဆက်ရုံလေးပါကွာ၊ လှူမှုရေးလေးပါ၊ အအေးလေး သောက်ပါဦးလား ဘာညာပေါ့"

"မင်း...ခုနပြောနေတဲ့ စကားက ဘာ၊ ငါ ကြားလိုက်တာတော့ မိန်းမတွေနဲ့တွေ့ရင် အထက်စီးနေရာယူထားရမယ်ဆိုလား...ဟုတ်တယ်မဟုတ်လား နောင်မျိုး"

"ဟုတ်တယ်...ဟုတ်တယ်၊ ငါကျပြောပြီး အခု ဒီကောင်မကျော့ရှင်းဆီမှာ ဒူးသွားထောက်တော့မှာ"

"သူ လှလို့ ငါပိုးတာ ဘာဖြစ်လဲကွာ၊ ဒီလောက်လှတဲ့ မိန်းကလေးကို မပိုးပန်းတဲ့ ယောကျ်ားဆိုတာ အရူးပဲ၊ ဟုတ်တယ်မဟုတ်လား ဒီပ၊ မင်းလည်း ကျော့ရှင်းဆီသွားချင်နေတာ မဟုတ်လား၊ ဟန်ဆောင်မနေနဲ့၊ ဟိုကောင်နောင်မျိုးက ရည်းစားရှိတယ်၊ နေပစေ၊ မင်း ငါနဲ့ လိုက်ခဲ့၊ ကျော်ရသ တစ်ယောက်ပဲ အရူးမို့လို့ ကျန်ရစ်ခဲ့မှာ"

"ငါက အဲဒီလို ယောကျ်ားတကာကို မချစ်ဘဲ အရူးလုပ်နေတဲ့ မိန်းမမျိုးကို လုံးဝ စိတ်မဝင်စားဘူး"

"မင်း စိတ်ဝင်စားတာတွေကို ငါသိပါတယ်ကွာ၊ မင်းက normal မဟုတ်တော့ normal မဟုတ်တာတွေကိုပဲ စိတ်ဝင်စားမှာပေါ့"





"ဟော့ကောင်...ပေါ်သွပ် ခဏနေဦး၊ မင်းကို ငါပေးလိုက်စရာရှိလို့"

ကျော်ရသက စက္ကူတစ်ရွက်ပေါ်မှာ 'ကျွန်တော့်ကို ခိုင်းပါ' ဟုရေးပြီး သမိန့်ရင်ဘတ်မှာ ကပ်ပေးလိုက်သည်။ သမိန်က ပါးစပ်လှုပ်ရုံ ဆဲရေးကာ စာရွက်ကို ဖြုတ်ပစ်ပြီး အအေးဆိုင်မှာ စိုက်ထားသည့် ထီးကျားကြီးကို ဆွဲနုတ်လျက် ဒီပနှင့်အတူ ကျော့ရှင်းရှိရာ ပြေးထွက်သွားလေသည်။

♥ ♥ ♥

ကျော့ရှင်းသည် ဝိုင်းဝန်း ကူညီချင်ကြသူတွေရဲ့ အလယ်မှာ ဘယ်သူ့ကိုဖြင့် ဘာခိုင်းရမလဲဟု ဦးနှောက်စားလျက် ရှိရင်း အပြုံးကလေးကို ခြွေခြွေချနေကာ လုပ်ငန်းတာဝန်တွေ ခွဲဝေပေးနေရလေသည်။

"စာအုပ်ထုပ်ကြီး ဆွဲလာရတာ အရမ်း ပင်ပန်းနေတုန်းရှင် ရောက်လာတာ အတော်ပဲ၊ ခုလိုကူညီတာ အရမ်းကျေးဇူးတင်တယ်နော်၊ ကျော့ရှင်းက ဒီကအပြန် သွားစရာလေးတစ်ခုရှိနေတာ၊ ဒီစာအုပ်ထုပ် ကန့်လန့်ကန့်လန့်နဲ့ ဘာလုပ်ရမှန်းမသိဖြစ်နေတာ၊ အိမ်ကိုလည်း တစ်ခေါက်ပြန်မပို့ချင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီစာအုပ်ထုပ်ကို ကိုယ့်အိမ်ကို သယ်သွားပေးမယ်၊ မနက်ဖြန်မှ ပြန်ယူလာပေးမယ်"

"သြော်... အားနာစရာကြီးရှင်"

"အားမနာပါနဲ့ဗျာ... အချင်းချင်းတွေပဲ၊ မနက်ဖြန်ကျလည်း ကားပေါ်ထိ စာအုပ်ထုပ်ကို ပို့ပေးမှာပါ"

"မနက်ဖြန်ကျ ကျော့ရှင်းက ကျောင်း မတက်ဘူးလေ၊ သန်ဘက်ခါမှသာ ပြန်ယူခဲ့ပါ"

"မနက်ဖြန် ကျော့ရှင်း ကျောင်းမတက်ရင် ကျွန်တော် ကျောင်းလခ သွင်းထားပေးမယ်လေ"

"အဲဒါဆိုလည်း ကျေးဇူးပါပဲ၊ စာကူးပေးဖို့အတွက်ကတော့ ကိုမင်းမောင်က လက်ရေးလှတော့ ရှင်ပဲကူးပေးရင် အဆင်ပြေမှာနော်"

"စိတ်ချ... စိတ်ချ၊ ကူးလည်းပေးမယ်၊ ပြန်လည်ရှင်းပြပေးမယ်"

"အဆင်ပြေလိုက်တာ၊ ရှင်က စာသိပ်တော်တော့ အားကိုးရတာပေါ့"

"ဟာ... မိုးက ပိုသည်းလာပြီ၊ ကားပေါ် တက်လေ ကျော့ရှင်း"

တစ်ယောက်က ကားအားကိုးနှင့် ရွတ်ခေါ်နေဆဲ...





ရဲသမိန်က အလွန်ကြီးမားသော ထီးကျားကြီးဖြင့် ကျော့ရှင်းရှေ့သို့ ရောက်ရှိသွားလေသည်။ သူက ကျော့ရှင်းကို မိုးထားသည့် ခပ်သေးသေး ထီးကလေးကို တွန်းဖယ်ပစ်လိုက်ပြီး ထီးကျားကြီးဖြင့် မိုးပေးကာ...

"ဒီလောက် မိုးတွေ သည်းနေတုန်း ကားနဲ့သွားရတာ အန္တရာယ်ရှိတယ် ကျော့ရှင်းရဲ့၊ လာ... လာ ဆိုင်ထဲ ခဏဝင်နားပြီး မိုးနည်းနည်းစဲမှသွား၊ ကိုယ့်မှာလည်း ကားပါတာပဲ၊ ကိုယ်လိုက်ပို့ပေးမှာပေါ့"

ကျော့ရှင်းသည် သမိန့်ကိုအတွေ့မှာ နည်းနည်းပိုကျေနပ်သွားလေသည်။ ရဲသမိန်ဆိုတာ ရုပ်ကသာ သိပ်မချောပေမယ့် ပိုက်ဆံရှိသူပီပီ ဝတ်စားသုံးဖြုန်းနိုင်တာမို့ သူ့ရဲ့ပိုးပန်းဂရုစိုက်မှုကို ခံရတာဟာ ပိုပြီး ဂုဏ်ယူစရာကောင်းသည်ဟု ထင်မိ၏။ ပြီးတော့ သူက ကိုယ့်အပေါ် အလွန်သည်းခံနိုင်သူ၊ အကြမ်းခံနိုင်သည့်နေရာမှာ သရုပ်ဆောင်းနေသူ ဖြစ်သေးသည်။ ပြီးတော့ ခုချိန့်မှာ ကားနဲ့လိုက်ပို့ဖို့ ပြောနေသူရဲ့ ကားဟာ ဆန်နီပစ်ကပ် အမိုးဖွင့်လေးမို့ ကျော့ရှင်းက မစီးချင်။ စီးမယ့်စီး သမိန်ရဲ့ Cilica လေးကိုပဲ စီးမှာပေါ့။

မကျော့ရှင်းက ကျန်သည့်သူတွေကို အပြုံးကလေးဖြင့် ဦးညွှတ်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



“အားလုံးကို ကျေးဇူးပဲနော်၊ ကျော့ရှင်း ခဏထိုင်လိုက်ဦးမယ်”

ဟု နှုတ်ဆက်ထွက်ခွာလာသည်။ သမိန်ကလည်း ဂုဏ်ယူဝင့်ကြွားစွာပင် သူမကို ထီးမိုးခေါ်ဆောင်လာချိန်တွင် ကျော့ရှင်းနောက်မှ ညိုချောသည် မိုးရေထဲမှာ ကြွပ်ကြွပ်အိတ်ထုပ်ကြီးကို ရေမစိုအောင် ရင်ဘတ်မှာ ပွေ့အပ်လျက် ကြွက်စုတ်ကလေးပမာ ကျော့ရှင်းနောက်မှ လိုက်လာသည်။

♥ ♥ ♥

“လာ…ထိုင်…ကျော့ရှင်း၊ ဒီပ ဟိုဘက်ကခုံဆွဲလိုက်ကွာ၊ ကျော့ရှင်းကို မိုးတွေစိုနေတာ ချမ်းနေမှာပဲ၊ ဟိုဘက်ဆိုင်က ရေနွေးကြမ်း ပူပူလေး လှမ်းတောင်းကွာ၊ ကော်ဖီပူပူလေးပါ မှာလိုက်”

“ဒီဘက်မှာထိုင် ကျော့ရှင်း၊ ဒီဘက်က လေကွယ်တယ်”

“ကျော့ရှင်း ဘာစားမလဲ၊ ဟော့…မုန့်တွေ ချပေးကွာ”

သမိန်တို့က ပျာနေအောင် ဂရုစိုက်နေချိန်တွင် မေကျော့ရှင်းသည် မုန့်တွေကိုကြည့်ကာ ခေါင်းကလေး ခါလိုက်ရင်း…





“ဟင်…ဒီလိုမုန့်တွေ ကျော့ရှင်း မကြိုက်တတ်ပါဘူး၊ ပေါက်စီပူပူလေးသာ စားရရင် သိပ်ကောင်းမှာပဲ”

“ရမယ်…ရမယ်၊ ဟိုဘက်ဆိုင်မှာ ပြေးဝယ်ပေးမယ်”

သမိန်က သူ့ရဲကောင်းလုပ်ချင်လှတာမို့ ထီးတောင်မဆောင်းတော့ဘဲ ရှေ့နားက လက်ဖက်ရည်ဆိုင်သို့ ပြေးထွက်သွားသည်။ စားပွဲထိုးကလေးကို ခိုင်းလည်း ရလျက်သားနဲ့ တမင်ဟီးရိုးလုပ်ပြတာ အသိသာကြီးပင်။ ခုတော့ သမိန့်ရဲ့ယောကျ်ားဝါဒဟာ မေကျော့ရှင်းရဲ့ မိန်းမဝါဒအောက်မှာ ပိပြားနေရသည်။

ကျော်ရသသည် ဖြစ်ပုံပျက်ပုံအလုံးစုံကို ငြိမ်ငြိမ်ကလေး အကဲခတ်ကြည့်နေရင်း မေကျော့ရှင်းရဲ့အထာတွေကို မျက်စိဆံပင်မွေး ရူးလာရလေသည်။

ဘာမဆို သူ့အလိုကျဖြစ်ရမယ်မှန်းသိလို့ တမင်အခွင့်အရေးယူ ခိုင်းစားနေတာ အသိသာကြီးပင်။

ထိုအချိန်တွင် သနားစရာ အကောင်းဆုံးကတော့ မေကျော့ရှင်းနောက်မှာ ပါလာသည့် ရုပ်ဆိုးမလေးပင်ဖြစ်လေသည်။

မေကျော့ရှင်း၏ မိုးစိုတယ်ဆိုတာဟာ မိုးတစ်ပေါက်နှစ်ပေါက်ထိရုံလောက်ကလေးဖြစ်ပြီး ထိုကောင်မကလေးခမျာမှာတော့ မိုးရေတုတ်တုတ်ကျ ရွှဲနစ်ကာ ကြွက်စုတ်ကလေးလိုဖြစ်နေသည်။ သို့သော် ဟိုကောင်တွေက ကြွက်ဆေးပန်းခံရ



www.burmeseclassic.com

www.burmeseclassic.com



သလောက်ကလေး စိုနေသည့် မေကျော့ရှင်းကိုသာ အခုချက်ချင်းပဲ အဖျားတက်ပြီး သေသွားတော့မလောက် အစိုးရိမ်ကြီးနေကြကာ ရေရွဲနစ်နေသော သူမကိုတော့ လှည့်တောင်မကြည့်ကြချေ။ အဲဒီအယုတ်တမာကောင်တွေဟာလေ...။

ကျော်ရသသည် တွေးရင်းတွေးရင်း ဒေါသတွေထွက်လာပါသည်။ ကိုယ့်ရှေ့မှာထိုင်နေသည့် အလှပဆေး မေကျော့ရှင်းကိုပင် လှတယ်လို့မထင်ဘဲ ဘီလူးမဟု ထင်လာသည်။

"ကျော့ရှင်း... ကော်ဖီပူလေး သောက်လိုက်ပါဦး... နွေးသွားအောင်"

"ကျော့ရှင်း... ဒီမှာ ပေါက်စီရပြီနော်"

မေကျော့ရှင်းနံဘေးမှာ ဝိုင်းဝိုင်းလည်နေကြဆဲတွင် ကျော်ရသက ရုပ်ဆိုးမကလေးနံဘေးသို့ ရုတ်တရက်ပြောင်းထိုင်လိုက်ပါသည်။ ကောင်မလေးရဲ့ မည်းသောအသားတွေဟာ အအေးဒဏ်ကြောင့် ပြာကျော့နေကာ ထိုအသားမည်းကလေးပေါ်မှာ သွားဖြူဖြူခေါ်ခေါ်ကလေးတွေက ပြူနေပုံက ရယ်စရာ သနားစရာကောင်းနေပါသည်။ ကျော်ရသက ရေနွေးပူပူလေး ငှဲ့ပေးလိုက်ရင်း...

"မင်း သိပ်ချမ်းနေတယ်ထင်တယ်၊ ရေနွေးလေးသောက်လိုက်ဦး၊ ရော့... ဒီမှာ ကိုယ့်မိုးကာဂျာကင် ဝတ်ထားလိုက်"





ကျော်ရသက သူ့မိုးကာဂျာကင် ဖြူလွှလွှလေးကို ချွတ်ကာ ကောင်မလေး ပခုံးပေါ် လွှားပေးလိုက်လေသည်။

ညိုချောသည် ထင်မှတ်မထားသော ဂရုစိုက်ခံရမှုကြောင့် မျက်လုံးတွေတောင် ပြာဝေသွားသည်။ ရင်တွေလည်း ခုန်လာသည်။ မကြုံစဖူး ထူးကဲလှပါသည်။ ဘဝမှာ ဒါ ပထမဆုံး ယောကျ်ားတစ်ယောက်ရဲ့ ဂရုစိုက်မှုကို ခံယူရရှိခြင်းပဲ။ ပြီးတော့ ထိုယောကျ်ားက ချောချောကလေးလေ။

ညိုချောက ကျေးဇူးတင်စကားတောင် မပြောနိုင်အောင် ကျော်ရသကို ဆို့ဆို့နင့်နင့်ကြီး ပြန်ကြည့်နေမိချိန်တွင် မေကျော့ရှင်းရဲ့အကြည့်တွေကလည်း ကျော်ရသထံမှာ ရူးရူးရဲရဲ ကျရောက်နေခဲ့ပါသည်။

ဒါ... တမင်ပေါ့တာပဲ။ အများတကာ ဝိုင်းဂရုစိုက်နေတဲ့ ကျော့ရှင်းကို တမင်ချိုးတာလည်း ဖြစ်နိုင်သည်။ ပြီးတော့ အဲဒီလိုလုပ်လိုက်ခြင်းဖြင့် မေကျော့ရှင်းရဲ့ စိတ်ဝင်စားမှုကို ချူယူလိုက်တာလည်း ဖြစ်နိုင်သည်။

ညိုချောကလည်း သူ့ဂျာကင်ကို တယုတယ တုန်တုန်ယင်ယင် ဝတ်နေသည်။ ထိုမြင်ကွင်းကြောင့် ကျော့ရှင်း ရင်ထဲမှာ တင်းခနဲ ဖြစ်သွားပါသည်။

ညိုချောဟာ ဘယ်တော့မဆို ကိုယ့်အောက်က၊ ကိုယ့်နောက်က၊ ကိုယ်နဲ့ ဘယ်တော့မှ တန်းတူဖြစ်မလာနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်လိုက်ငယ်သားလေးပင်။ ခုလို အချိန်မျိုးမှာ ဒီမှာ ရှိရှိသမျှ ယောကျ်ားတွေထဲက အချောဆုံး အသန့်ဆုံးသူက ကျော့ရှင်းကို ဂရုမစိုက်ဘဲ ညိုချောကိုမှ ယုယပြနေတာဟာ ကျော့ရှင်းကို မခံချိမခံသာ ဖြစ်စေပါသည်။ သူဟာ ဘယ်လိုလူပါလိမ့်။ ရဲသမိန်တို့ ဒီပတို့ကိုတော့ ကျော့ရှင်းနောက် တကောက်ကောက် လိုက်လွှန်းတာမို့ သိနေပေမယ့် သူ့ကိုတော့ ကျော့ရှင်း မသိချေ။

ဒီအုပ်စုထဲက နောင်မျိုး ကလည်း တစ်ချိန်က ကျော့ရှင်းကို ကြွေခဲ့ပြီး မရနိုင်မှန်းသိတော့မှ တခြားတစ်ယောက်နဲ့ ရည်းစားဖြစ်သွားတာ မကြာသေးပေ။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ညို…ညိုချောပါ"

"နာမည်က ချစ်စရာလေးပဲ"

"ရှင်…"

ကျော်ရသကတော့ ညိုချောကိုသာ ဂရုတစိုက် စကားဆိုလျက် ရှိပါသည်။

"ညို…ညိုချောက နာမည်သာ လှတာပါ၊ လူက မလှပါဘူး၊ အဲဒီနာမည်နဲ့ ဒီရုပ်နဲ့တွဲပြီး သိသွားရင် အဟားခံရတာပဲရှင့်၊ ညိုချောက ရုပ်ဆိုးတာကိုး"

"ဟာ…ညိုချောကို ရုပ်ဆိုးတယ်လို့ ဘယ်သူက ပြောလဲ"

"ရှင်ကလည်း … မနောက်ပါနဲ့"





"တကယ်ပြောတာပါ ညိုချောရဲ့၊ ညိုချောရဲ့ရုပ်က မလှပေမယ့် ချစ်စရာ ကောင်းပါတယ်"

"ဒီလောက် သွားခေါတာ"

"သြော်…သွားခေါပေမယ့် အဲဒီသွားက ဖြူတယ်လေ၊ ပြီးတော့ ယုန်ကလေးလို ဖြစ်နေတော့ တစ်မျိုးကလေး ဆန်းတာပေါ့၊ ပြီးတော့ ညိုချောမျက်လုံးလေးတွေက ဖြူစင်တော့ ညိုချောရုပ်က နုနယ်ပြီး ခင်မင်စရာလေး ဖြစ်နေတယ်"

"ရှင် မြှောက်နေတာ ထင်ပါတယ်"

"မမြှောက်ပါဘူး ညိုချောရဲ့၊ လူတစ်ယောက်ကို သေသေချာချာကြည့်မှ မလှဘူးထင်တဲ့ နေရာတွေထဲက လှတာလေးတွေကို မြင်လာနိုင်တာ၊ စိတ်ထားလေးလည်း လှမယ်ဆိုရင် ရုပ်မလှပေမယ့် ခင်မင်နှစ်လိုစရာလေး ဖြစ်နေမှာပေါ့…၊

"လောကကြီးမှာ ညိုချော လှတယ်ထင်တဲ့ အရာတွေကို သေသေချာချာကြည့်ရင် မလှတာတွေကို မြင်လာနိုင်တာပဲ၊ ရုပ်လှပေမယ့် စိတ်မလှရင် နှစ်လိုစရာ မကောင်းနိုင်ဘူးလေ၊ ညိုချောစိတ်ကိုသာ စင်ကြယ်အောင်ထား၊ မလှလို့ဆိုပြီး ဘာမှ အားငယ်စရာမလိုဘူး ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျေးဇူးပါပဲရှင်၊ ကျွန်မကို ဒီလိုဂရုတစိုက် ပြောတာ ရှင်ပထမဆုံးပါပဲ၊ ကျွန်မ အရမ်း ဝမ်းသာပါတယ်ရှင်"

"ကျွန်တော့်နာမည်က ကျော်ရသတဲ့၊ ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက် အဖြစ် သတ်မှတ်နိုင်ပါတယ်"

"တ...တကယ်လားဟင်"

"တကယ်ပေါ့ ညိုချောရဲ့"

"ဒါဆို တ...တကယ့် သူငယ်ချင်းလို့ သတ်မှတ်လိုက်မယ်နော်"

"ဒါပေါ့...ပြီးတော့ ကျွန်တော့်မှာ တခြား သူငယ်ချင်းတွေလည်း ရှိသေးတယ်၊ နောက်ကျမှ မိတ်ဆက်ပေးရမယ်၊ သူတို့နဲ့တွေ့ရင် ညိုချော လုံးဝအားငယ်မှာမဟုတ်တော့ဘူး၊ တစ်ခုခု စားဦးလေ ညိုချော၊ ပေါက်စီစားချင်ရင် စားပွဲထိုးလေးကို ဝယ်ခိုင်းလိုက်မယ်"

"ရပါတယ်...ရပါတယ်၊ ညိုချော မစားတော့ပါဘူးရှင်"

"ဟင်...ဘာမှဖြင့် မစားရသေးဘဲနဲ့"

မကျော့ရှင်းသည် ကျော်ရသကို လှမ်းကြည့်နေမိရင်းက မခံချိမခံသာဖြစ်လှတာမို့ နှုတ်ခမ်းကလေးတွန့်ကာ မဲ့ပြုံးပြုံးလိုက်ရင်း...

"ဒီမှာ ကိုကျော်ရသ၊ အဲဒါမျိုးတွေက ရိုးနေပြီရှင့်"





"ခင်ဗျာ...ဘာပြောတာပါလိမ့်"

"အူကြောင်ကြောင်လုပ်မနေနဲ့၊ ဒါ ဘယ်ဝတ္ထုထဲက ဖတ်ထားတဲ့ ဇာတ်ကွက်လဲ၊ လူတိုင်းက ပျာပျာသလဲ ဂရုစိုက်ခံရတဲ့ မိန်းကလေးမျိုးကို တမင်ဂရုမစိုက်တဲ့ပုံလုပ်ပြပြီး အဲဒီမိန်းကလေးရဲ့ မချင့်မရဲဖြစ်မှု၊ စိတ်ဝင်စားမှုကို ချူယူတဲ့ ဇာတ်လမ်းမျိုးတွေ ဖတ်ရလွန်းလို့ ရိုးလှပြီ၊ ကျွန်မရှေ့မှာ လာလုပ်ပြမနေနဲ့၊ ရှင့်လောက်ကတော့ အရမ်းပျင်းတယ်"

"ခင်ဗျားက ခင်ဗျားကိုယ် ခင်ဗျား တော်တော်အထင်ကြီးတယ်ထင်တယ်၊ အဲဒါဆိုလည်း ကျွန်တော်က အရမ်းသနားတယ် မကျော့ရှင်း၊ ကျွန်တော်က အဲဒီလိုမိန်းမမျိုးတွေကို စိတ်မဝင်စားတတ်လို့ အဲဒီလို မိန်းမမျိုးတွေရဲ့ စိတ်ဝင်စားမှုကိုလည်း မလိုချင်ပါဘူး၊ ညိုချောကို ခင်ဗျားရှေ့မှာမို့ တမင် ဂရုစိုက်ပြနေတာလည်း မဟုတ်ဘူး၊ ကျွန်တော့်မှာ ညိုချောလို သူငယ်ချင်းတွေ အများကြီး..."

"ဟင်း...ဟင်း...ဒါက ရှင့်ဆင်ခြေတွေပါ"

"ခင်ဗျား မယုံလည်း မတတ်နိုင်ဘူးလေ"

သူ့ပြော မကျော့ရှင်းကို မကြည့်တော့ဘဲ ရေနွေးပူပူကို ညိုချောသောက်ဖို့ မှုတ်ပေးနေဆဲ ထူးခြားသော မိန်းကလေးသုံးယောက်က ဆိုင်ကလေးထဲသို့ ဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်...ရသ..."

"ဟာ...ဖွေးဥတို့ပါလား၊ လာ...လာ နင်တို့ လာတာနဲ့ အတော်ပဲ၊ ညိုချောနဲ့ နင်တို့ကို မိတ်ဆက်ပေးရမယ်"

မကျော့ရှင်းသည် ထိုသုံးယောက်ကို အတွေ့မှာ မျက်လုံးပြူး၍ သွားလေသည်။

အံ့သြစရာ...။

အဲဒီသုံးယောက်လုံးဟာ တကယ့်ပဲ ထူးခြားထင်ရှားလှပါသည်။ တစ်ယောက်က 'ပွင့်' လောက်ဝသော ကိုယ်လုံးကြီးဖြင့်။ တစ်ယောက်က ခြေထောက်ကလေးတစ်ဖက် ထော့နင်းနေကာ တစ်ယောက်ကတော့ မကျော့ရှင်းရဲ့ ခါးလောက်ပဲရှိသည့် သက်ကြီးပု ကောင်မလေး ဖြစ်လေသည်။

"ညိုချော...ဒါ ကိုယ့်သူငယ်ချင်း ဖွေးဖွေးဥတဲ့၊ အရမ်းပိန်တာပဲနော်၊ ဟဲ...ဟဲ"

ဖွေးဖွေးဥဆိုသော ဝတုတ်မကို သူက ကျီစယ်လိုက်သေးသည်။

"ဒါက လှမျိုးမြတ်မြတ်နွယ်တဲ့"

သူက သက်ကြီးပုကလေးရဲ့ ခေါင်းကို ချစ်စနိုးပုတ်လိုက်ပြန်သည်။

"သူက ပန်းသဏ္ဍာခင်တဲ့"





အဲဒီ ခြေထော့နင်းကလေးဟာ ပန်းသဏ္ဍာခင်တဲ့တော့။

"တွေ့လား...ကိုယ့်သူငယ်ချင်းတွေရဲ့ နာမည်က အမိုက်စားပဲ"

စောစောတုန်းဆီက မကျော့ရှင်းနှင့် ယှဉ်ကာ စိတ်ဓာတ်ကျညှိုးငယ်နေခဲ့သော ညိုချောရဲ့မျက်နှာကလေးသည် ဘဝတူတွေကြားမှာ ပျော်ရွှင်တက်ကြွ၍လာလေသည်။

ကျော်ရသကတော့ ကိုယ့်သူငယ်ချင်းမကလေးတွေကို သနားကြင်နာစွာ ပြုံးကြည့်နေမိပါသည်။ ဖွေးဥက သူ့ပခုံးကို လက်သီးနှင့် တစ်ချက် လှမ်းထိုးရင်း...

"ရသ...ဦးဝိစာရခန်းမမှာ ကွန်ပျူတာပြပွဲ ရှိတယ်တဲ့၊ ငါတို့ကို လိုက်ပို့ပေးပါလားဟာ"

"အလာလာ...နာလိုက်တာဟာ၊ အေးပါဟာ၊ လိုက်ပို့ပါမယ်"

"ညိုချော လိုက်ခဲ့ပါလား"

"လိုက်တော့ လိုက်ချင်တယ် ဖွေးဥရယ်"

"လိုက်ချင် လိုက်ခဲ့ပေါ့"

ညိုချောက မကျော့ရှင်းကို ခွင့်တောင်းသလိုလေး တစ်ချက်လှမ်းကြည့်လိုက်သည်။ ကျော့ရှင်းက မသိချင်ယောင်ဆောင်နေလိုက်သည်။ သူတို့ အဲဒီလောက် မြန်မြန် ရင်းနှီးသွား



www.burmeseclassic.com

www.burmeseclassic.com



တာကိုလည်း မကြိုက်ချင်ပေ။ သမိန်က မေကျော့ရှင်းနား ကပ်ကာ...

"ဒီကောင်က အရင်ကတည်းက ဒီလိုပဲ ကျော့ရှင်းရဲ့၊ သူ့မှာ အဲဒီလို မိန်းကလေး သူငယ်ချင်းတွေ အများကြီးပဲ၊ လှတဲ့သူဆို အမြင်ကတ်လို့တဲ့၊ မပေါင်းဘူး"

"စတန့်ထွင်နေတာပါ"

ကျော့ရှင်းက တီးတိုးရှုတ်ချနေဆဲ ကျော်ရသက မတ်တတ် ထရပ်လိုက်ရင်း...

"ကဲ...ဟေ့ကောင်တွေ ငါ ဖွေးဥတို့နဲ့ လိုက်သွားလိုက်ဦးမယ်၊ ညီချောလည်း ဒီနေ့မလိုက်ဖြစ်ရင် နောက်နေ့ပေါ့၊ နောက်နေ့ ထပ်တွေ့ကြသေးတာပေါ့၊ မမေကျော့ရှင်း ခင်ဗျာ...သွားပါဦးမယ် ခင်ဗျ"

သူက ငေါ်သလိုလို ခပ်ရှင်ရှင်ပြောရင်းက ကျော့ရှင်းကို အနိုင်ယူသလို အကြည့်မျိုး တစ်ချက်ကြည့်သွားတာမို့ မေကျော့ရှင်း ရင်ထဲမှာ အကျိတ်အခဲဖြစ်၍ ကျန်ခဲ့သည်။

ဘဝမှာ ကိုယ့်ကိုဆန့်ကျင်ဘက်လုပ်သော ယောကျ်ားဆိုလို့ ဒီတစ်ယောက်သာ တွေ့ဖူးသေးသည်လေ။

❁ ❁ ❁



(၂)

ကျော်ရသရဲ့ ခံယူချက်က နည်းနည်းတော့ ရယ်စရာကောင်းခဲ့လေသည်။ သူ့ရဲ့ခံယူချက်ဟာ ရုပ်လှပြီး ယောကျ်ားတွေကို ခိုင်းစားအရှုးလုပ်တတ်တဲ့ မိန်းမတွေကိုကြည့်မရခြင်း၊ အဲဒီလိုမိန်းမတွေကိုမှ အရေးပေးဂရုစိုက်ကြိုးဆွဲတာ က,ချင်သည့် ရုပ်သေးရုပ်ဆန်ဆန် ယောကျ်ားတွေကို အထင်သေးခြင်း၊ ရုပ်ဆိုးဆိုး မိန်းကလေးတွေရဲ့ အားငယ်နွမ်းလျ အထီးကျန်ဆန်မှုကို စာနာသနားခြင်းတို့မှ စ,တင်ခဲ့ခြင်း ဖြစ်သည်။

ရုပ်ကလေး ဗန်းပြကာ ယောကျ်ားတွေကို ခိုင်းစားလှသော မိန်းမတွေကို အမြင်ကတ်မိခြင်းဟာ သူ့ဖေဖေရဲ့ နောက်အိမ်ထောင်မှ အစပြုခဲ့တာဖြစ်သည်။ ဖေဖေဟာ ရှက်ကြမ်းရေကြို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်သာရှိတဲ့ မမေ့ကိုကျတော့ နိုင်စားခဲ့ပြီး မေ့ေမဆုံးပြီးမှ တွေ့ရတဲ့အသစ်ကလေးရဲ့ ရှေ့မှောက်ကျမှ ပြားပြားမှောက်ခဲ့ရတာ ဖြစ်သည်။ မိထွေးတော်ဟာ ရက်ရက်စက်စက်တော့ ချောလှပါပေရဲ့။ ဝမ်းတွင်းပုပ်တာက တော်တော်လေးဆိုးပါသည်။

ယောကျ်ားအပေါ် နည်းနည်းမှ အသနားမရှိ၊ သူ့စိန်ဝတ်ရပြီးရော၊ သူလိုချင်တာရပြီးရော။ တစ်ကိုယ်ကောင်းဆန်လှဖေမယ့် ဖေဖေကတော့ ဒါတွေကို အပြစ်မမြင်ဘဲ ဘာမဆိုလိုတ,ရအောင် စွမ်းဆောင်ပေးချင်သည်။

မေမေနဲ့တုန်းကတော့ ဖေဖေက မေမေ့ အပေါ် အလွန်နိုင်စားခဲ့တာ ဖြစ်သည်။ မေမေဟာ ရုပ်မလှပေမယ့် စိတ်ထားကလေး ဖြူစင်ရိုးဖြောင့်ကာ လင်နဲ့သားသာ တစ်ကမ္ဘာထင်လျက် အနစ်နာခံ ပါရမီဖြည့်ခဲ့၊ စောင့်ရှောက်ပြုစုခဲ့ပါလျက် ဖေဖေက ဒါတွေကို အသိအမှတ်မပြု။ မေမေ ရိုးတုံးတာ၊ အလှအပ စိတ်မဝင်စားတာကိုပဲ အပြစ်မြင် ချိုးနှိမ်ပြောတတ်ခဲ့သည်။

ရသ တွေ့ဖူးခဲ့တဲ့ ယောကျ်ားအများစုကလည်း ဒီလိုချည်းသာဖြစ်သည်။ လှတာကလေး မြင်ရင် သူတို့မှာ တခြားဘာမှမမြင်တော့အောင် ကန်းကြပြီ။ အဲဒီလိုယောကျ်ားမျိုးတွေရှိလို့လည်း မိန်းမလှလေးတွေ ဘဝင်မြင့်ခွင့်ရကြတာဖြစ်မည်။ သူကတော့ လှတဲ့ အဲဒီလိုမိန်းမတွေကို ဝေးဝေးမှရှောင်ခဲ့သည်။





သူတို့ကို ပိုးပန်းမြှောက်ပင့်ပေးပြီးတော့ သူတို့ရဲ့အတ္တကို မမြှင့်ဘင်ပေးလို။

ရုပ်ဆိုးတဲ့ မိန်းကလေးတွေနဲ့ ခင်မင်ဖို့ အစပြုခဲ့တာ ကတော့ ဒီပရဲ့ ပါးစပ် ဆော့မှုကြောင့်ဖြစ်သည်။

တစ်နေ့မှာ ဒီပက လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း လမ်းသွားလမ်းလာ ကောင်မလေးတွေကိုကြည့်ကာ ဝေဖန်ရေးနှင့် ဆလကန်ရေး လုပ်သည်မှာ...

"မိန်းကလေးတွေကို စိတ်ဝင်တစား အပိုးအပန်းသန်တဲ့ ယောကျ်ားတွေကို တချို့က အထင်သေးသလို ရွတ်ချချင်သလို လုပ်ချင်ကြတယ်၊ ငါတို့က ကူညီနေရတာကိုတော့ ဘယ်သူမှ မသိဘူး"

"မင်းက ဘာကူညီနေတာလဲ"

"သူတို့ မိန်းကလေးတွေ ပျော်ရွှင်အောင် ကူညီပံ့ပိုးပေးနေတာလေကွာ၊ ဘယ်မိန်းမဆို ဂရုစိုက်ခံရရင် ကျေနပ်ကြတာချည်းပဲ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ မြင့်မားသွားကြတာချည်းပဲ"

သူ ပြောတာ ဟုတ်သလို ရှိတာမို့ အားလုံးက [illegible]ာက်ခံကြရသည်။

"ဟိုကောင်မလေးကို ကြည့်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဒီပ လက်ညှိုးညွှန်ရာဘက်သို့ အားလုံးလှည့်ကြည့်လိုက်ကြတော့ ညှိုးနွမ်းကုပ်ချိသော ပုံစံကလေးဖြင့် လမ်းလျှောက်လာသော ကောင်မလေး တစ်ယောက်ကို တွေ့ရသည်။

"အဲဒီ ကောင်မလေးကို ဘယ်ယောကျ်ားလေးကမှ စိတ်မဝင်စားဘူး၊ ပိုးပန်းဖို့လည်း ဝေးရော၊ ဂရုတောင် မစိုက်ဘူး၊ သူ့ခမျာ တိတ်တိတ်ကလေး အားငယ်နေရှာမှာ သေချာတယ်"

ကောင်မလေးက တော်တော်လေး ရုပ်ဆိုးပါသည်။ အသားအရည်ကလည်း မည်းရတဲ့အထဲ ညစ်ထပ်ထပ်နိုင်ကာ အလှကလေးရယ်လို့ ဘယ်နေရာမှာမှ ရှာမတွေ့နိုင်သော ပုံစံမျိုး ဖြစ်သည်။ သူမကို ကြည့်ရတာ ညှိုးနွမ်းနေသော ပန်းကလေးနှင့်တူသည်။ ချစ်သူရှိသော မိန်းကလေးတွေ၊ ချစ်သူမရှိသော်လည်း ပိုးပန်းသူတွေ ဝိုင်းဝိုင်းလည်နေသော မိန်းကလေးတွေကတော့ အလိုလိုနေရင်း ဝင့်ကြွားတောက်ပရှင်လန်းကာ လန်းဆွင့်နေသော ပန်းပွင့်ကလေးနှင့် တူသည်။

"အဲဒီ ကောင်မလေးကို ငါ ကူညီပြမယ် ကြည့်နေ..."

ဒီပ စကားလည်းဆုံး ကောင်မလေးက လက်ဖက်ရည်ဆိုင်ထဲဘက် ဝေ့ကြည့်လိုက်တာမို့ ဒီပက ကောင်မလေး ပြုံးပြလိုက်လေသည်။





"တွေ့လား...သူ သဘောကျသွားပြီ"

ဒီပက ရုပ်လည်း တော်တော်ဖြောင့်တာမို့ ကောင်မလေးက သဘောခွေ့သွားပုံရကာ ရှက်ကိုးရှက်ကန်းလိုလို ပြုံးစိစိကလေး ဖြစ်၍သွားသည်။

"မင်းတို့ စောင့်ကြည့်...မနက်ဖြန်ကျ သူပြောင်းလဲလာလိမ့်မယ်၊ မနက်ဖြန် ဒီအချိန်လောက်ဆို ဒီနားကဖြတ်မှာပဲ"

သူတို့ တကယ်ပဲ စောင့်ကြည့်ခဲ့တာမို့ တကယ်ပဲ ပြောင်းလဲသွားတာကို တွေ့ရသည်။ ကောင်မလေးပုံစံက ဟိုနေ့ကလို ညှိုးနွမ်းမနေဘဲ တစ်မျိုးလေးမြူးကြွနေသည်။ အလှတွေလည်း သိသိသာသာ ပြင်ထားကာ လက်ဖက်ရည်ဆိုင်ရှေ့မှ ညင်ညင်သာသာလေး ဖြတ်လျှောက်သွားလေသည်။

သို့သော် အဲဒီပုံသေနည်းက အမြဲတော့ မမှန်ချေ။ ကောင်မျိုးက ရုပ်ဆိုးဆိုး ကုလားမကြီးတစ်ယောက်ကို မျက်စိမှိတ်ပြတော့ 'မသာလေး' ဟု အဆဲခံလိုက်ရသည်။

ဘယ်လိုပဲဖြစ်ဖြစ် ရှသကတော့ ရုပ်ဆိုးဆိုး မိန်းကလေးတွေကို စာနာစိတ်ဖြင့် ဂရုဏာသက်မိပါသည်။ ယောကျ်ားသကာက ဝိုင်းဂရုစိုက်နေကြတဲ့ မိန်းမလှလေးတွေကို မျက်နှာလိုမျက်နှာရလုပ်နေမယ့်အစား...ဘယ်သူမှ သိပ်ဂရုမစိုက်တဲ့ ရုပ်ဆိုးမကလေးတွေကိုပဲ အပေါင်းအသင်းလုပ်ဖို့ သူ ဆုံးဖြတ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ား ဆိုတာကတော့ လှတာကလေးမြင်ရင် သဘောကျတာပဲပေါ့။ သို့သော် အဲဒီ သဘောကျမှုကြောင့် သူ့ ကျွန်တော့ မဖြစ်လို။

ကျော်ရသနှင့် ပထမဆုံး အပေါင်းအသင်းဖြစ်ခဲ့သူက ဖွေးဖွေးဥဆိုသော ဝတုတ်မကလေး ဖြစ်သည်။ အားနာလို့သာ ချစ်စနိုးလိုလို ဘာလိုလိုနဲ့ 'ဝတုတ်မကလေး' လို့ ပြောရပေမယ့် တကယ်တမ်းက 'ဝတုတ်မကြီး' 'ဖက်တီးမကြီး' 'ဘုတ်ထိုင်းမကြီး' ဖြစ်သည်။ ခန္ဓာကိုယ်က ဝရတဲ့အထဲ မျက်နှာကလည်း သိပ်မလှပြန်သောအခါ ဖွေးဖွေးဥဆိုတာ ယောကျ်ားလေးတွေ စကားထဲထည့်မပြောလောက်စရာ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ရသည်။

တစ်နေ့တော့ ကျော်ရသတို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကလေးရှေ့မှ ဖွေးဖွေးဥတစ်ယောက်တည်း ဖြတ်လျှောက်လာလေသည်။ သူမကို ဘယ်ယောကျ်ားကမှ ချစ်စနိုးစိတ်ဖြင့် ငေးမကြည့်ချေ။ တချို့ကတော့ ရယ်ချင်သလို မျက်နှာလေးတွေဖြင့် လှမ်းကြည့်ရင်း...

"ဟိုမှာ ဖက်တီးမတော့ တစ်ယောက်တည်း လိမ့်လာပြီ"

"စိတ်ပျက်စရာကြီးကွာ..."

"ဘယ်လောက်တောင် အစား သောင်းကျန်းထားသလဲမှ မသိတာ"





"သူ့တော့ ဘယ်သူမှ ယုံမှာမဟုတ်ပါဘူး"

"မင်းကလည်းကွာ... ဒီလိုတော့ မပြောပါနဲ့၊ သူ့လို ဖက်တီးချင်းတော့ တွေ့ချင်တွေ့မှာပေါ့ ဟား...ဟား၊ ဟွိ...ဟွတ်...ဟွတ်"

တစ်ယောက်က ပါးစပ်ကို ဖြဲကာ တဟားဟား ထရယ်တာမို့ ကျော်ရသက အမြတ်ကတ်သွားကာ အဲဒီပါးစပ်ဟပြဲထဲကို စမူဆာ သေးသေးလေးတစ်ခု ပစ်ထည့်လိုက်တာ ဖြစ်သည်။ ပြီးတော့ အသာကလေး မသိချင်ယောင်ဆောင်နေလိုက်သည်။ အဲဒီလို တစ်ဖက်သားကို လှောင်ပြောင်သရော်တာမျိုးကို သူ အလွန်မုန်းပါသည်။ ပြီးတော့ အဲဒီကောင်ဟာ မိန်းမလှလေးတွေတွေ့ရင် ဣန္ဒြေမရ ပိုးပန်းအောက်ကျို့အသနားခံတတ်သူ ဖြစ်သည်။ သူ့ရုပ်ဟာ လှတဲ့ မိန်းမတွေရှေ့ကျ တစ်မျိုး၊ မလှတဲ့ မိန်းကလေးတွေရှေ့ကျ တစ်မျိုး...။

"ဘယ်ကောင်လဲကွ...ငါ့ကို လုပ်ကြံတာ"

လုပ်ကြံခံရသူက ဒေါသတွေ ထောင်းထောင်းထကာ အော်ဟစ်နေချိန်မှာ ကျော်ရသက ကျိတ်ရယ်နေမိပါသည်။ အဲဒီအခိုက်မှာ သနားစရာ ဝတုတ်မလေးနံဘေးမှ ကားတစ်စင်း အရှိန်ပြင်းစွာ ဖြတ်မောင်းသွားပြီး ကောင်မလေးဆီ ရွှံ့ဗွက်တွေ ရုပ်ပျက်ဆင်းပျက် လွှင့်စဉ်ထွက်လာလေသည်။ ကောင်မလေးက ဆွေ့ဆွေ့ခုန်သွားကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...အံမလေး ဒုက္ခပါပဲ၊ ရွံ့တွေပေကုန်ပြီ၊ ဟဲ့ ဘယ်လိုလုပ်သွားတာလဲ၊ လူတစ်ယောက်လုံး မမြင်ဘူးလား၊ ကြည့်စမ်း လက်လွှတ်စပယ် လုပ်သွားတာ၊ လှည့်တောင်မကြည့်ဘူး၊ အမေ့ ပလုတ်တုတ်"

ကောင်မလေးက ရွံ့တွေ ရေတွေ အစွန်းသားဖြင့် အသံ တစာစာအော်ပြောရင်း ခြေချော်သွားကာ ချော်လဲသွားတော့သည်။ လက်ဖက်ရည်ဆိုင်ထဲက ယောကျ်ားလေးတချို့က ဝါးခနဲ ထရယ်ပြီး တချို့က ကျိတ်ပြုံးကြသည်။ ကျော်ရသကတော့ စိတ်မကောင်း ဖြစ်စွာဖြင့် သူမဆီ ထသွားလိုက်မိသည်။ ကောင်မလေးနား နီးလာတော့ ကောင်မလေးရဲ့ တတွတ်တတွတ် ရေရွတ်သံကို ကြားရသည်။

"အလကားလူ၊ ကိုယ်ချင်းစာစိတ် မရှိတဲ့သူ၊ အကျင့်ကိုကမကောင်းတာ၊ ငါ့ နေရာမှာများ မိန်းမလှလှလေး တစ်ယောက်လောက် ဖြစ်ကြည့်ပါလား၊ ကားဘီရိတ်ကို အမြီးညပ်သံလိုဖြစ်အောင် အုပ်ပစ်ပြီး ကားပေါ်က ခုန်ဆင်းလာမှာ၊ ပျာပျာသလဲ ဘယ်လိုက်ပို့ရမလဲပြောမှာ၊ ဒင်းတို့ယောကျ်ားတွေအကြောင်းများ မသိရင် ခက်ဦးမယ်"

"အဲဒီလိုမျိုး မဟုတ်တဲ့ ယောကျ်ားတွေလည်း လောကမှာရှိပါသေးတယ်ဗျာ၊ ကဲ...ထ..."





ကျော်ရသက သူမထံ လက်ကမ်းပေးရင်း ပြောလိုက်သည်။ သူမက သူ့ကို တအံ့တဩမော့ကြည့်ရင်း...

"ဟင်...ရှင်က ဘာလဲ"

"ဘာမှမဟုတ်ဘူး၊ အမြင်မတော်လို့ ကူညီတာ၊ ကျွန်တော်က ဘယ်သူ့ကိုမဆို အမြင်မတော်ရင် ကူညီတယ်၊ လှတဲ့မိန်းကလေးမှ ရွေးကူညီတာ မဟုတ်ဘူး"

"ဝတ် မိန်းကလေးကိုလည်း ကူညီတယ်ပေါ့"

"ဟုတ်ပါ့"

"အံမလေး...ဒါဆို ရှားပါးပစ္စည်းပေါ့"

"ဒါပေါ့"

"ရှင်...ကျွန်မကို တကယ် ကူညီမှာနော်"

"yes"

"ကျေးဇူးပါပဲရှင်"

"ဟာ...ဟာ..."

ဝတုတ်မလေးက သူ့လက်ကို အားရဝမ်းသာ လှမ်းဆွဲပြီး ကျုံးအထမှာ ကျော်ရသရဲ့ခန္ဓာကိုယ်ကပါ လဲပြို မလိုလိုဖြစ်သွားသည်။ အားပါးပါး...လေးလိုက်တာ။ ကောင်မလေးကခုမှ အားကိုးရာတွေ့သလို ပုံစံမျိုးဖြင့်...

"ရှင်လည်း ခုနမြင်လိုက်မှာပေါ့...ကျွန်မ အဖြစ်ကိုလေ"



www.burmeseclassic.com

www.burmeseclassic.com



"မြင်ပါတယ်...မြင်ပါတယ်၊ ဟိုကားက တရကြမ်း မောင်းထွက်သွားတာ"

"အေး...အဲဒါပေါ့...လူပါးဝတာလေ၊ သူက တစ်ချက်တော့ လှမ်းကြည့်လိုက်သေးတာ၊ ကျွန်မပုံကြီးကို မြင်မှမျှော်လင့်ချက်မရှိသလိုပုံစံမျိုးနဲ့ လုံးဝ ကျောခိုင်းသွားတာ၊ ရုပ်ဆိုးတဲ့ မိန်းမဆို ဒင်းတို့ မျက်စိထဲမှာ မရှိတော့ဘူး၊ လှတဲ့ မိန်းမများနဲ့ကျမှ အူယားဖားယား၊ အဲဒါမျိုးတွေ သိပ်စိတ်ကုန်တာပဲ"

"ခင်ဗျားကို ရုပ်ဆိုးတယ်လို့ ဘယ်သူက ပြောလဲ"

"ဟင်...ဒီလောက် ဝနေတာကြီးကို ရှင် မမြင်ဘူးလား"

"ဝတိုင်း ရုပ်ဆိုးတာမှ မဟုတ်တာ၊ ဝမှ လှတာတွေမှ အပုံကြီး၊ ပွင့် ဆို ကြည့်ပါလား...ဝလို့ကို လှနေတာ"

"သူ့မျက်နှာကလေးက လှတာကိုးရှင့်"

"ခင်ဗျားမျက်နှာကလည်း အရမ်းမဆိုးပါဘူး၊ ခင်ဗျားမှာ အလှဆုံး အထင်ပေါ်ဆုံးက အသားကလေး ဖွေးဖြူနေတာပဲ၊ ဘာတဲ့...ခုန ခင်ဗျားပြောတာ ကြားလိုက်ပါတယ်၊ နာမည်က ဖွေးဥဆိုလား..."

"ဖွေးဖွေးဥ တဲ့ ရှင့်"

"ခင်ဗျားနဲ့ သိပ်လိုက်တဲ့ နာမည်ပဲ၊ အဲဒီနာမည်ကိုက





ဆွဲဆောင်မှုရှိတာ၊ ခင်ဗျားမှာ အလှတရားတွေ အများကြီးရှိတယ်၊ အဲဒီ အလှတရားလေးတွေကို နောက်ကြုံရင် ကြုံသလို ပြောပြပေးမယ်၊ အခုကစပြီး ခင်ဗျား မှတ်သွားရမှာက ခင်ဗျားဟာ လုံးဝရုပ်ဆိုးတဲ့ မိန်းကလေးမဟုတ်ဘူး၊ လုံးဝ အားမငယ်နဲ့ ဟုတ်ပြီလား"

"ဟုတ်...ဟုတ်ကဲ့၊ လုံးဝ အားမငယ်တော့ဘူး"

"ကဲ...ခင်ဗျား တစ်ကိုယ်လုံးလည်း ညစ်ပတ်နေပြီ၊ ကားငှားပြီး အိမ်ပြန်အဝတ်လဲမှဖြစ်မယ်၊ ခဏစောင့်၊ ကျွန်တော် ကားထွက်ငှားပေးမယ်"

ကျော်ရသက တက္ကစီထွက်ငှားကာ ကောင်မလေးကို တင်ပေးလိုက်သည်။ ကောင်မလေးက သူ့ကို သူ့ရဲကောင်းတစ်ယောက်ကို ကြည့်သလို အကြည့်မျိုးဖြင့် သမင်လည်ပြန်ကြည့်ရင်း...

"ကျွန်မနာမည် ဖွေးဖွေးဥနော်၊ သေသေချာချာ မှတ်ထားဦး"

"စိတ်ချ...မှတ်ထားမှာ၊ ကျွန်တော့် နာမည် ကျော်ရသ၊ ဒီနေ့ကစပြီး ခင်ဗျား သူငယ်ချင်းလို့ မှတ်လို့ရတယ်"

ဖွေးဖွေးဥက ပျော်ရွှင်မြူးကြွသောမျက်နှာကလေးဖြင့် ထွက်ခွာသွားသည်။ သူမ ပျော်သွားမှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် မကြာခင်မှာပဲ ဖွေးဖွေးဥလို သူငယ်ချင်းနှစ်ယောက်ကို ရှေ့ဆင့် နောက်ဆင့် ဆိုသလို သူထပ်တွေ့ခဲ့ရ၏။

တစ်ယောက်က ခြေထောက်ကလေးတစ်ဖက် သိသိသာသာနိမ့်နေသော ကောင်မလေး ဖြစ်သည်။

ထိုကောင်မလေးက လေးပင်မည့်ပုံရသော အထုပ်အပိုးတွေကို မနိုင်မနင်း သယ်ဆောင်လာပုံကို အဝေးကနေ လှမ်းတွေ့ကတည်းက သူ့မျက်စိထဲမှာ အမြင်မတော်ချေ။ ခြေတစ်ဖက် နိမ့်ကျသွားလိုက်၊ အထုပ်အပိုးတွေက နင့်ခနဲဖြစ်သွားလိုက်။ သို့သော် ဘယ်သူကမှ သူမ အထုပ်တွေကို ကူဆွဲမပေးချေ။

သူမပုံစံက အလွန်ရိုးတုံးကာ ကျစ်ဆံမြီးရှည်ကြီးကို ဆီတွေရွှဲနေအောင် လိမ်းပြီးချထားသည်။ အဝတ်အစားကလည်း အပွင့်ကားကား အရောင်မှိုင်းမှိုင်းတွေသာ ဝတ်ထားသည်။ တောသူကြီး သမီးလို ပုံမျိုးပေါ့။ သူမမှာ အပေါင်းအသင်း များများမရှိဘဲ တစ်ယောက်တည်း နေတတ်တာကို သူ သိထားပါသည်။

ကျော်ရသသည် သူမနောက်သို့ အမီလိုက်လာလျက် သူမလက်က အထုပ်တွေကို ဆွဲယူရင်း ပြုံးပြမိကာ...

"အလုအယက်သမားလို့ မထင်စေချင်ဘူးဗျာ၊ အမြင်မတော်လို့ ကူညီတာပါ၊ ခင်ဗျား ကားဂိတ်ထိ လမ်းလျှောက်သွားရမှာ မဟုတ်လား၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"





ဟု ပြောတော့ ကောင်မလေးက ပါးစပ်ကလေး အဟောင်းသားဖြင့် သူ့ကို ငေးကြည့်နေသည်။ သူက သွားတွေပေါ်အောင် ထပ်ပြုံးလိုက်ပြီး...

"ကူညီပါရစေပေါ့ဗျာ...ခင်ဗျား လက်ဖယ်လိုက်...၊ ကျွန်တော် သယ်ပေးမယ်၊ လုံးဝ လုမပြေးဘူး၊ စိတ်ချ"

"လုပြေးမယ်လို့တော့ မထင်ပါဘူး၊ ရှင့်ရုပ်က ဒီလောက် သားနားတာ"

ကောင်မလေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း အူကြောင်ကြောင်ကလေး ပြန်ပြောပါသည်။ အဲဒါ ရုပ်မလှတဲ့ မိန်းကလေးတွေကို ကူညီရခြင်းရဲ့ အရသာပဲ။

လှတဲ့ မိန်းမတွေကတော့ သူတို့ကို ကူညီရင်ပဲ သူတို့ကို ပိုးပန်းသည်ဟု အထင်ရောက်ကာ အပေါ်စီးက ဆက်ဆံတတ်ပြီး ရုပ်မလှတဲ့ မိန်းကလေးတွေကတော့ လှိုက်လှိုက်လှဲလှဲ အံ့သြကျေးဇူးတင် ပျော်ရွှင်သွားတတ်ကြသည်။ အဲဒီလို surprise လုပ်ရတာကို သူ ပျော်ပါသည်။

လှမျိုးမြတ်မြတ်နွယ်ဆိုတဲ့ အဲဒီ ကောင်မလေးနဲ့လည်း အဲဒီနေ့မှစကာ သူငယ်ချင်း ဖြစ်သွားသည်။

နောက်တစ်ယောက်ကတော့ သက်ကြီးပုမလေး ပန်းသဇ္ဇာခင်ဖြစ်သည်။ ထိုကောင်မလေးရဲ့အရုပ်ဟာ ကြွေအရုပ်ရသ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ခါးလောက်ကလေးပဲရှိသည်။ အဆစ်တိုတို သက်ကြီးပုကလေးမို့ ကြည့်ရတာ ရယ်ချင်စရာလေး ဖြစ်သည်။ အဲဒီ ကောင်မလေးက ကံကောင်းချင်တော့ ကျော်ရသရှေ့မှာ ဖိနပ်ပြုတ်သွားသည်။

ဖိနပ်ပြုတ်ကလေး တစ်ဖက်ကိုကိုင်ကာ ငိုင်နေသော ကောင်မလေးရဲ့ထိပ်ကို သူက လက်ညှိုးကလေးဖြင့် လှမ်းတို့ရင်း…

"ဟိတ်…ဘာဖြစ်နေတာတုန်း"

ကောင်မလေးက သူ့ကို လည်ပင်းတစောင်း မော့ကြည့်လိုက်ရင်း…

"ဒီမှာ ဖိနပ်ပြုတ်လို့ စိတ်ညစ်နေရတဲ့အထဲ ဘာလို့ ထိပ်ကို လာပုတ်တာလဲ"

"ပုတ်တာမဟုတ်ပါဘူး…တို့တာပါ ကလေးမရဲ့၊ ကူညီပေးချင်လို့ မေးမိတာပါ၊ ဖိနပ်ပြုတ်နေတာကိုး၊ ဟိဟိ…ခင်ဗျား ဖိနပ်က သေးသေးလေး"

"လူကို လှောင်တာလား၊ ရှင်တို့ ယောကျ်ားတွေဟာ ဒီလိုချည်းပဲ၊ လူကိုတွေ့ရင် ရယ်ချင်သလို ပြုံးချင်သလိုနဲ့"

"ဟာ…အဲလိုမဟုတ်ပါဘူးဗျ၊ တကယ်ကူညီမှာပါ၊ ခင်ဗျားဖိနပ်ကို လွှင့်ပစ်လိုက်ဗျာ၊ ဒီမှာ ကျွန်တော့် တူမလေးဖို့ ဝယ်လာတဲ့ ဖိနပ်တစ်ရံပါလာတာ ခင်ဗျား ကံကောင်းဖို့ပဲ၊ ရော့…ယူစီးလိုက်ပေတော့"





ကောင်မလေးက ဝမ်းသာအားရ ယူစီးလိုက်ပြီး မျက်ရည်လေးဝဲကာ…

"ကျွန်မ ဘဝမှာ ရှင့်လို ရုပ်ချောချော ယောကျ်ားလေး တစ်ယောက်က ခုလိုမျိုး ကူညီတာ ဒါ ပထမဆုံးပဲရှင့်"

ဟု ရိုးရိုးသားသားပြောလိုက်တာမို့ သူစိတ်မကောင်းဖြစ်မိကာ ထိုကောင်မလေးကိုလည်း သူ့သူငယ်ချင်းအဖြစ်လက်ခံပေးလိုက်ပါသည်။

ခုတော့ ကျော်ရသဟာ အဲဒီ ထူးထူး ခြားခြား သူငယ်ချင်းမကလေးတွေဖြင့်သာ လုံးလုံးထွေးထွေး ပျော်မွေ့နေသည်။ သူမတို့ရဲ့ စိတ်ဓာတ်ကလေးဟာ ဖြူစင်ရိုးရှင်းကြကာ အားနည်းချက်ကလေးတွေ ကိုယ်စီနဲ့မို့ သူက ဖေးမကူညီ စောင့်ရှောက်ပေးမိသည်။

သူမတို့အပေါ် ပိုးပန်းတယ်ရယ် ဘာရယ်မဟုတ်ဘဲ စိတ်ရင်းရှင်း ပွင့်ပွင့်လင်းလင်းပေါင်းရတာမို့ သူ့စိတ်မှာ အမြဲပေါ့ပါးလွတ်လပ်နေသည်။

ခုနောက်ဆုံးမှ ကျော်ရသတို့အုပ်စုထဲကို ဝင်လာသူကတော့ဖြင့် ညိုချောဆိုတဲ့ အသားမည်းမ သွားခေါမကလေးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ညိုချောနဲ့ စတွေ့ခဲ့တဲ့ အဲဒီနေ့မှာ ဆုံခဲ့ရတဲ့ မေကျော့ရှင်း အကြောင်းကိုတော့ တွေးရင်း သူအမြင်ကတ်မိပါသည်။

အလုဂုဏ်မောက်တဲ့ အဲဒီလို မိန်းမမျိုးကို လုံးဝလုံးဝ ကြည့်မရ။

❀ ❀ ❀



(၃)

"ဘယ်သူတွေ ဘာပဲပြောပြော ကျော်ရှသကတော့ ငါတို့အားလုံးရဲ့ သူရဲကောင်းပဲ"

ညိုချောသည် မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်ဖြင့် မွေးဖွေးဥတို့ပြောသမျှကို နားထောင်နေခဲ့၏။ ဒီအုပ်စုနဲ့ လာပေါင်းလိုက်တိုင်း သူမစိတ်တွေ ပျော်ရွှင်အားရှိလာတတ်သည်။ မေကျော့ရှင်း နားမှာ နေရတုန်းကလို စိတ်အားငယ်မှုမျိုးကို လုံးဝမခံစားရတော့ချေ။

"နင် မြင်တဲ့အတိုင်းပဲ ညိုချောရယ်၊ ကျော်ရှသ ဒီနိုင်းက ဘယ်လောက်မိုက်သလဲ၊ အရပ်ကလည်း အမြင့်ကြီး၊ ရုပ်ကလည်း ချော၊ အဲဒီလိုလူမျိုးက တို့လို ရုပ်ဆိုးကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို အပြုံးကလေးနဲ့ လာကူညီတဲ့ နေ့ကဆို ဖြစ်သွားတယ် မှတ်သလဲ...”

“ပြောပါဦး...ဘယ်လိုဖြစ်သွားသလဲ”

ညိုချောက စိတ်ဝင်တစား မေးမိတော့ ဖွေးဖွေးဥက တဟိဟိရယ်ရင်း...

“ဘာဖြစ်ရမလဲ...ရင်ထဲမှာ နတ် က,သွားတာပေါ့”

“ဟမ်...နတ် က,တယ်! ဘယ်လို က,တာလဲ”

“နင်ကလည်းဟယ်...ဒုံးဝေးပါ၊ ရင်ထဲမှာ ဒိန်းဒိန်း ဒိုင်းဒိုင်း လှုပ်ရှားသွားတာကို တင်စားတာဟဲ့”

“နင်က ရင်တွေခုန်ပြီး သူ့ကို ချစ်သွားတာလား”

“ဟဲ့...တိုးတိုးပြောပါ၊ ရသ ကြားသွားပါဦးမယ်၊ ချစ်တာတော့ မဟုတ်ဘူးပေါ့ဟဲ့၊ ကြိုက်တာပေါ့၊ သူပုံစံက ဒီလောက်မိုက်တာ၊ သူ့လိုလူမျိုးက နွေးနွေးထွေးထွေး ကြင်ကြင်နာနာ လာလုပ်တော့ ငါ့မှာ အရမ်းသဘောတွေကျ၊ အံ့သြမှင်တက်ပြီး ကံကောင်းလို့ သတိမလစ်တယ်”

“သဲလိုက်တာနော်”

“သော်...တကယ်ပါဆို၊ ငါ့မှာ ပါးစပ်အဟောင်းသားနဲ့ကို သူ့ကိုကြည့်နေမိတာ”

“အဲဒါနဲ့ ပါးစပ်ထဲကို ယင်ကောင် ဝင်သွားရောလား”





“ညိုချောနော်...ငါ အကောင်းပြောနေတာ၊ ရသကလေ အရမ်းစိတ်ထားကောင်းတာ သိလား၊ အရမ်း ချစ်စရာကောင်းတာ”

“ချစ်စရာကောင်းလည်း နင်ချစ်ဖို့တော့ မကြိုးစားပါနဲ့၊ သူနဲ့ နင်က တခြားစီ...လုံးဝ မလိုက်ဘူး”

“အံမလေး အတူတူချင်း တစ်မူးပိုရှုနေရပြန်ပါပြီ၊ ငါ့ကျ ပြောတယ်၊ နင့်ကျ လှလို့လား”

“ဟိဟိ...ရသကတော့ ပြောတယ်ဟဲ့၊ ငါက မချောပေမယ့် ချစ်စရာကောင်းတယ်တဲ့”

“နင့်လို သွားခေါ်ခေါ်ပုံကြီးကိုလေ”

“အံမယ်...အဲဒီ ခေါ်နေတဲ့ သွားဂါ ဖြူပြီး ယုန်ကလေးလို ဖြစ်နေတော့ တစ်မျိုးလေး ဆန်းတယ်တဲ့”

“ဒါများ...အဲဒါမျိုးက ရသပြောနေကျ၊ သူက သူများ တကာကို စိတ်ချမ်းသာအောင်ပြောတဲ့နေရာမှာ ရှုပါ၊ ငါ့ ကိုလည်း ပြောတာပဲ၊ လှမျိုးမြတ်မြတ်နွယ်နဲ့ ပန်းသန္တာခင် ကိုလည်း ပြောတာပဲ၊ ဟိတ် မိပန်းနဲ့ မယ်လှ ရသက နင့်တို့ကို ဘယ်လိုပြောသလဲဆိုတာ ပြန်ပြောလိုက်ပါဦး”

ညိုချောက သူတို့နှစ်ယောက်ကို လှည့်ကြည့်မိသည်။ သူတို့ကလည်း ပီတိဖြာသော မျက်နှာကလေးတွေဖြင့် ပြန်ပြောကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ခြေထောက်ကလေး တစ်ဖက် နိမ့်နင်းနိမ့်နင်း ဖြစ်နေတာဟာ ကဗျာတဲ့"

"ကဗျာ ! "

"ဟုတ်ပါ့ ... ငါ အဲဒီလို နိမ့်နင်း နိမ့်နင်း လျှောက်တဲ့ပုံက ထူးခြားပြီး ကဗျာဆန်တယ်တဲ့၊ သူ အဲဒီလို ပြောလိုက်ကတည်းက ငါ အားမငယ်တတ်တော့တာ၊ မယ်လှကို လည်း ပြောသေးတာနော်၊ ပြောပြလိုက်ပါဦး မယ်လှရဲ့"

"ငါက ထူးခြားဆန်းသစ်တယ်တဲ့၊ တစ်ထောင်မှာ တစ်ယောက် မရှိနိုင်လို့ ရှားပါးလူသားကလေးတဲ့၊ ပြီးတော့ ငါ့ဆံပင်လေးတွေက ထူထူအုပ်အုပ်ကလေးမို့ လှတယ်တဲ့၊ သူနဲ့တွေ့ရင် ငါတို့မှာ ပျော်နေရတာပဲ၊ အရင်လိုလည်း အားမငယ်တော့ဘူး၊ ငါတို့ကို အရေးမစိုက်တဲ့ ကောင်တွေက ရသ ခြေဖျားတောင် မမီတာ၊ ရသလို လူက ဂရုစိုက်ရတဲ့ ငါတို့ အုပ်စုက အရမ်းပေါ်ပြူလာ ဖြစ်တာဟ"

"ငါလည်း နင်တို့ အုပ်စုထဲကို ဝင်မှာနော်"

"အေးပါ ... ဝင်ပါ၊ ရသကလည်း နင့်ကို ဖိတ်ခေါ်ထားတာပဲ၊ ဒါပေမယ့်နော် နင့် မကျော့ရှင်းက ပြဿနာမ နင်က သူနဲ့တွဲနေကျဆိုတော့ အခုမှ ငါတို့နဲ့ လာတွဲရင် ငါတို့ကိုပါ ပြဿနာ လာရှာနေဦးမယ်"





"ဂရုမစိုက်ပါဘူး၊ သူနဲ့တွဲရတာလည်း မပျော်ပါဘူး၊ သူက ငါ့ကို တန်းတူပေါင်းတာမှ မဟုတ်တာ၊ ငါက အမြဲတမ်း သူ့တပည့်လက်သားလို နောက်က လိုက်ပြီး သူ့အလှကို ထင်ပေါ်အောင် ပံ့ပိုးပေးနေရသလိုပဲလို့ ခံစားရတယ်"

"အေးလေ ... ငါတို့လည်း အဲဒီလိုပဲ မြင်တယ်၊ မကျော့ရှင်းက ရုပ်ကလေး လှပေမယ့် စိတ်ထားလုံးဝမကောင်းဘူး"

"သတိတော့ထားနော်၊ သူ့ကြည့်ရတာ ရသကို စိတ်ဝင်စားနေသလိုပဲ၊ ရသက သူ့ကို အရေးမစိုက်လို့ မခံချင်ဖြစ်ပြီး ပိုစိတ်ဝင်စားတာလည်း ဖြစ်နိုင်တယ်"

"သူ့လို ယောကျ်ားတကာကို ခိုင်းစားတဲ့သူမျိုးကို ရသကလည်း စိတ်မဝင်စားပါဘူး"

"ပြောနိုင်မလားဟဲ့ ဖွေးဥရဲ့၊ ယောကျ်ားဆိုတာက အလှကြိုက်မျိုး၊ ကျော့ရှင်းဘက်က မာယာတွေ သိပ်သုံးလာရင် ရသဘက်က မညွှတ်ဘူး မပြောနိုင်ဘူး"

"တို့ရဲ့ ရသနဲ့ မကျော့ရှင်းနဲ့ လုံးဝမတန်တာတော့ အမှန်ပဲ"

"ဘာပဲ ဖြစ်ဖြစ်ဟာ ရသကိုတော့ ကျော့ရှင်းမာယာ မမိအောင် ငါတို့ ကာကွယ်ပေးရမယ်"

ဖွေးဥတို့ ပြောစကားကို နားထောင်ရင်း ညိုမြက



www.burmeseclassic.com

www.burmeseclassic.com



ရင်ထိတ်နေမိပါသည်။ ရသ ကျောရှင်းကို စိတ်ဝင်စားမှာကို ညိုချော တကယ်ပဲ စိုးရိမ်နေမိပါသည်။ ဘဝမှာ ပထမဦးဆုံး အဖြစ် ကိုးကွယ်မတတ် အထင်ကြီးလေးစား သဘောကျမိသော ယောကျ်ားတစ်ယောက်ဟာ တစ်နေ့မှာ ကျောရှင်း ခြေရင်းမှာ ဝပ်စင်းသွားရမည့် အဖြစ်ကို လုံးဝ အရောက်မခံနိုင်ပါ။

ဖွေးဥတို့ရဲ့ အတွင်းစိတ်မှာ ဘယ်လိုရှိသည် မသိရပေမယ့် ညိုချောရဲ့ အတွင်းစိတ်မှာတော့ ရသကို ခပ်နက်နက် ငြိတွယ်သွားသည်။ ပခုံးပေါ်ကို သူ့ဂျာကင်လေး နွေးနွေးထွေးထွေး ကျလာစဉ်က ခံစားရတဲ့ ခံစားမှုမျိုးကို ဘဝမှာ အကြိမ်ကြိမ်ခံစားလိုက်ချင်သည်။ မတန်တရာဟုပဲဆိုဆို ရသကိုမြင်တိုင်း ရင်ထဲမှာ လှုပ်ရှားသွားရပါသည်။

ကိုယ့်ရုပ်ဟာ သူ့ရုပ်နဲ့ မတန်ဘူးပဲထား။ ရင်ထဲမှာတော့ ကျိတ်ပြီး ခံစားပိုင်ခွင့်ရှိသည်။ လှလှ မလှလှ ရင်ထဲမှာ နှလုံးသား ရှိကြတာချင်းတော့ အတူတူပင်။

"ဟော...ဟိုမှာ ရသ လာပြီ"

ဖွေးဥအသံကြောင့် ညိုချောရင်ထဲမှာ တဒိတ်ဒိတ် ခုန်ကာ ထူပူလာသည်။ လူမြင်ရင်တောင်မပြောနဲ့၊ ရသ နာမည်ကြားတာနဲ့တောင် လူက မူမမှန်နိုင်အောင် ဖြစ်ရသည်။ ရသကို ပြန်ပေးဖို့ ကျကျနနလျှော်ဖွပ်လာခဲ့တဲ့ ဂျာကင်လေးကို သူ့ရင်ဘတ်





မှာ ဖိအပ်ထားမိပြီး လက်ဖျားကလေးတွေပင် တုန်ယင်လာသည်။ ရသလာလမ်းကို မရဲတရဲ လှမ်းကြည့်မိသည်။ စမတ်တကျ ကြည့်ကောင်းလှတဲ့ ရသပုံစံ၊ ရသ အပြုံး၊ ရသရဲ့ ပေါ့ပါးလန်းဆန်းမှုတွေကို တွေ့ရစဉ်မှာ ရင်တွေ ဆောင့်ခုန်လာရပြန်ပြီး ပါးစပ်ကလေးက ဟသံထက်ဟသွားသည်။ စောစောတုန်းက ဖွေးဥတို့နဲ့ သွက်သွက် လက်လက် စကားပြောနေတဲ့ ပါးစပ်က ခုတော့လေးပင် နှုတ်ဆွံ့နေသည်။ ရသရယ်...ရှင်ဟာ တကယ်ပဲ ပြုစားနိုင်တာပဲနော်...။

"ဟော...ညိုချောပါ ရောက်နေတာကိုး၊ 'လူစုံတက်စုံပါလား"

ရသက နှုတ်ဆက်လိုက်ပေမယ့် ညိုချောက ကြောင်ငေးနေတာမို့ မယ်လှက ညိုချောလက်ကို ဆွဲဆိတ်လိုက်ရင်း...

"ဟဲ့ ညိုချော နင့်ပါးစပ်တို့ စေ့ပါဦး"

ဟု တီးတိုးကပ်ပြောလိုက်တော့မှ ညိုချောက သတိပြန်ဝင်လာသည်။ ပြီးတော့ နတ်ပူးသလို တုန်ယင်သောလက်ဖြင့် ဂျာကင်လေးကို ရသထံ ကမ်းပေးရင်း...

"ရသ...ဒီ...ဒီမှာ ဂျာကင်၊ ညို...ညိုချော လျှော်လာတယ်၊ ရေ...ရေမွှေးလည်း ဆွတ်လာတယ်၊ မွှေး...မွှေးရဲ့လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ညိုချော နင် အဖျားတက်နေတာလား၊ နင့်ကြည့်ရတာ ကတုန်ကရင်နဲ့"

"ဟင်...မတက်ပါဘူး၊ ဘာ...ဘာမှ မဖြစ်ဘူး"

မိပန်းက လှမ်းပြောတော့လည်း ညိုချောက အူတူတူ ပြန်ဖြေပြီး ရသဘက်သို့ ပြန်လှည့်သွားကာ...

"ရသ...ဒီမှာ ရသဖို့ အုန်းစိမ်းဂျယ်လီကျောက်ကျော၊ ကျွန်မကိုယ်တိုင် ထိုးခဲ့တာ"

"ဒါက သစ်သီးစုံ ကိုးမျိုးလောက်ကို ခွဲစိတ်ပြီး ဘူးထဲ ထည့်လာတာ ရသစားဖို့၊ မနက်ဖြန်ကျရင်လည်း ရသ စားဖို့ တစ်ခုခု လုပ်ခဲ့ဦးမယ် သိလား၊ ကျွန်မက ရသတို့ နဲ့ပဲ တွဲတော့မှာ သိလား၊ ဟင် ရသမှာ ချွေးတွေနဲ့ပါလား၊ ရော့...ရော့ တစ်ရှူးယူပါဦး"

"ကျေးဇူးပါဗျာ...ဟိတ် မွေးဥတို့ ညိုချောက တို့အဖွဲ့ထဲကို နောက်မှ ရောက်လာပေမယ့် နင်တို့ထက် ပိုသိတတ်တယ် တွေ့လား"

ရသက ပေါ့ပေါ့ပါးပါး ပြန်ပြောလိုက်ပြီး မုန့်ဘူး တွေကို ဖွင့်စားလိုက်ပါသည်။ ညိုချောက သူ့ပုံစံကလေးကို သတိလက်လွတ် ငေးမောနေမိပြီး သတိဝင်လာလို့ ပတ်ဝန်းကျင် ကို ကြည့်မိသောအခါ ညိုချောကို အထူးအဆန်းသဖွယ် ဝိုင်းဝန်း ကြည့်ရှုနေကြသော မွေးဥတို့ကို တွေ့ရလေသည်။





"ဟဲ့...ငါတို့ဖို့ရော...ငါတို့ စားဖို့ရော..."

မယ်လှက အငမ်းမရမေးလိုက်တာမို့ ညိုချောက သွားခေါ်လေးတွေ ပြူးခနဲပေါ်လာသည်အထိ ဟီးခနဲ ရှက်ရယ် တစ်ချက်ရယ်ရင်း ခေါင်းငုံ့ထားလိုက်သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





## (၄)

"နှင့်ကို ငါလုံးဝကြည့်မရတော့ဘူး သိလား ညိုချော"

မေကျော့ရှင်းက ညိုချောကို စတင် စိန်ခေါ်လိုက်လေသည်။

"ဟုတ်လား...ကြည့်မရဘူးလား၊ ဘာဖြစ်လို့ပါလိမ့်"

ညိုချောကလည်း အားကိုးတွေ ရှိခဲ့ပြီမို့ မခိုးမခန့်ကလေး ပြန်မေးလိုက်လေသည်။

ကျော့ရှင်းသည် ညိုချောရဲ့ ထိုအမူအရာနှင့် ထိုလေသံကို အမြင်ကတ်ကာ ဆတ်ဆတ်ခါ၍ သွားလေသည်။

ညိုချောဟာ ခုတလောမှ မြောက်ကြွကြွကလေးဖြစ်ကာ ကျော့ရှင်းကို ပမာမခန့် လုပ်ချင်လာသည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ညိုချောဆိုတာ ကျော့ရှင်းကို အမြဲငေးမောအားကျခဲ့ရသူဖြစ်သည်။ ကျော့ရှင်းရဲ့ အလှနှင့် မျက်နှာပွင့်မှုတွေအောက်မှာ ညိုချောက အမြဲမှိန်ဖျော့နေတတ်သည်။

ခုတော့ ကျော်ရသရဲ့စနက်ကြောင့် ညိုချောက မာန်ကလေးတကြွကြွဖြင့် ပြောင်းလဲလာလေသည်။ ကျော်ရသနဲ့ ရုပ်ဆိုးမကလေး သုံးယောက်အုပ်စုထဲမှာ ညိုချောကလည်း ဝင်ဆန့်နေကာ ဟိုသွား ဒီသွား ပျော်ရွှင်တက်ကြွနေတာကို ကျော့ရှင်းက လုံးဝ ကြည့်မရတော့ချေ။

ကျော့ရှင်းရင်ထဲမှာ မခံချင်စိတ်ဖြင့် တနုံ့နုံ့ဖြစ်လှပြီ။ ကျော်ရသဟာ ကျော့ရှင်းကိုတော့ လုံးဝ ဂရုမစိုက်ဘဲ ညိုချောနှင့် တတွဲတွဲ သွားလာရင်း ရယ်မောပျော်ရွှင်နေတာကိုတွေ့ရတိုင်း ဒေါသဖြစ်ရသည်။ သူ့ ရုပ်ဆိုးမကလေးအုပ်စုကို ဂရုစိုက် စောင့်ရှောက်တတ်တာ၊ ရင်းနှီးခင်မင်သံယောဇဉ်ရှိတာ၊ မေကျော့ရှင်းလို လူတကာကဝိုင်းငေးရတဲ့ မိန်းကလေးမျိုးကိုတော့ ဥပေက္ခာ ပြုနိုင်တာတွေဟာ ကျော့ရှင်း ဒေါသကို ဆွနေတာနှင့်တူသည်။ ကျော်ရသကို ဘယ်လိုအနိုင်ယူရင် ကောင်းမလဲဆိုသောအတွေးဟာ ကျော့ရှင်းစိတ်ကို အမြဲစိုးမိုးနေသည်။

"နင် သိပ်မာန်တက်မနေနဲ့ ညိုချော၊ ခုမှ ကျော်ရသတို့ အုပ်စုအားကိုးနဲ့ နင် ငါ့ကို အရေးမစိုက်သလို လုပ်ပြနေ





တာ ငါမသိဘူးမှတ်လို့လား၊ အရင်တုန်းကဆို ငါ ဘယ်သွားသွား နင် အမြဲလိုက်တာမဲ့၊ ခုကျမှ ကျော်ရသတို့နဲ့ ချိန်းထားလို့၊ ကျော်ရသတို့က မုန့်ကျွေးမယ်ဆိုလို့ဆိုတာမျိုး အကြောင်းပြချက်တွေနဲ့ နင် ငါ့ကို ရှောင်တယ်"

"ငါ ရှင်းရှင်းပဲပြောချင်တယ် ကျော့ရှင်းရယ်၊ ငါ နင်နဲ့ တွဲလာသမျှအချိန်တိုင်းမှာ နင်က ငါ့ကိုဖိုလ်ကျစိုးမိုးနေသလိုမျိုး ခံစားရတယ်၊ နင်နဲ့ယှဉ်တိုင်း ငါ့ကိုယ်ငါ သိမ်ငယ်တယ်၊ ဒီပရက်ရှင်ရတယ်၊ နင်နဲ့တွေ့ရင် ငါ့ရုပ်တည်မှုက ပျောက်ဆုံးနေသလိုပဲ၊ ရသတို့ ဖွေးဥတို့နဲ့ကျတော့ အဲဒီလို မျိုးမဟုတ်ဘူး၊ သူတို့က ငါ့ကို တန်းတူဆက်ဆံတယ်၊ သူတို့နဲ့တွေ့မှ ငါ့မှာလည်း ငါ့ရုပ်တည်မှုနဲ့ငါ ရှိခွင့်ရသေးတယ်ဆိုတာ သိလာတယ်၊ ပြီးတော့ သူတို့က ငါ့ကို အသုံးမချဘူး၊ အဲဒါကြောင့် သူတို့နဲ့တွေ့ရင် ငါ ပျော်တယ်"

"ငါက နင့်ကို ဘာအသုံးချမိလို့လဲ၊ တကယ်တမ်း အသုံးချနေတဲ့သူက ကျော်ရသပဲ၊ နင်က တော်တော် အ,တာပဲ နော်၊ ရသက နင့်ကို အသုံးချလို့အသုံးချမှန်းတောင် မသိဘူး"

"ရသက ငါ့ကို ဘာအသုံးချလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ငါ့ဆီက စိတ်ဝင်စားမှုကို လိုချင်လို့ ငါ့လို မလှတဲ့ နင့်ကို ဂရုစိုက်ပြနေတာလေ၊ အဲဒါ နင့်ကိုအသုံးချတာ မဟုတ်လို့ ဘာလဲ"

"လုံးဝမဟုတ်ဘူး ကျော့ရှင်း၊ ရှင့်ကိုရှင် သိပ်အထင်မကြီးစမ်းပါနဲ့၊ ယောကျ်ားတိုင်း ရှင့်ကို ကြိုက်ရမယ်ဆိုတဲ့ စိတ်မျိုးရှိနေတာ သိပ်ရယ်စရာကောင်းတာပဲ၊ ရသက ရှင်ထင်သလို ယောကျ်ားမျိုး မဟုတ်ဘူး၊ သူက ငါ့ကိုရော ဖွေးဥတို့ကိုပါ ဖြူဖြူစင်စင် ခင်တာ"

"အဲဒီလောက် မရိုးစမ်းပါနဲ့ ညီရျောရယ်၊ ရှင်တို့နဲ့တွဲတာဟာ သူ့ကို လူတကာက အံ့ဩဂရုစိုက်လာစေတဲ့ စတန့်ထွင်မှု တစ်မျိုးလည်း ဖြစ်နိုင်သေးတယ်"

"သူက ရှင့်လိုမှ မဟုတ်တာ"

"ရှင်က ယောကျ်ား ဘယ်နှယောက်နဲ့ ခင်မင်ရင်းနှီးဖူးလို့ ဒီလိုတပ်အပ်ပြောနိုင်ရတာလဲ၊ ယောကျ်ားတွေကို အလွယ်တကူ မယုံစမ်းပါနဲ့၊ ငါက ငါ့ကိုချဉ်းကပ်လာတဲ့ ယောကျ်ားတွေ အများကြီးနဲ့ တွေ့ဖူးတယ်၊ ယောကျ်ားတွေမှာလည်း မာယာတွေ လှည့်ကွက်တွေရှိနိုင်တာပဲ၊ ငါတော့ ဘယ်ယောကျ်ားမှ မယုံပါဘူး၊ ကိုယ့်အလှကို မက်မောပြီး ချဉ်းကပ်လာတဲ့ ယောကျ်ားတွေကို ခိုင်းစရာလို့ပဲ မှတ်တယ်"





"နင့်အဲဒီအကျင့်ကြီးကိုလည်း ငါမကြိုက်ဘူး ကျော့ရှင်း၊ ကိုယ်မကြိုက်နိုင်တဲ့ ယောကျ်ားတွေကို မကြိုက်နိုင်ကြောင်း ပြောပြီး ခပ်ရှင်းရှင်းနေပေါ့၊ ဘာလို့ လှျော့ကိုင်းနေမလဲ၊ အဲဒါကြောင့် နင့်ကို ရသက ကြည့်မရတာ"

"ဘာ…သူက အဲဒီလိုပဲပြောလား"

"အဲဒီလိုတော့ မပြောဘူးပေါ့၊ ဒါပေမယ့် သူက အဲဒီအကျင့်မျိုးရှိတဲ့ မိန်းကလေးတွေကို သဘောမကျဘူး"

"သူ သဘောမကျတော့ရော ငါက အရေးစိုက်ရမှာလား"

"ဟိုကလည်း နင့်ကို အရေးမစိုက်ခိုင်းပါဘူး၊ သူ့ဘာသာနေနေတာ၊ နင်သာ ရသ ဘယ်သွားတယ် ဘာလုပ်တယ် ဘယ်သူတွေနဲ့ ပေါင်းနေတယ်ဆိုတာ လိုက်ကြည့် စိတ်ဝင်စားပြီး မလိုတမာ ဖြစ်မနေနဲ့"

ကျော့ရှင်းက ဒေါသဖြင့် ဆတ်ဆတ်ခါသွားကာ…

"ညီရျော…နင်တော်တော် စွာနေပါလားဟင်၊ နင် ရသကို များ ကြိုက်နေသလား"

"ငါ့ဘာသာ ကြိုက်ကြိုက် မကြိုက်ကြိုက်ပေါ့၊ နင့်ကို ပြောပြဖို့ မလိုအပ်ပါဘူး"

"မဖြစ်နိုင်တာကို စိတ်ကူးယဉ် ဘဝင်မြင့်ပြီး တစ်နေ့ကျ နင်ရှုးသွားမှာစိုးလို့ ပြောနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက် မစိုးရိမ်ပါနဲ့၊ နင့် အတွက်သာ နင်စိုးရိမ်ပါ"

"ငါက ဘာကို စိုးရိမ်ရမှာလဲ"

"နင့် ဘေးနားမှာ အစစ်အမှန် လူတွေမှ မရှိတာ၊ အဲဒီဘာသာကြီးကို နင် ထင်ယောင်ထင်မှား ပျော်မိနေမှာ စိုးတယ်၊ ရသက ငါတို့ကိုပြောတယ် သိလား၊ တကယ်တော့ ရုပ်ဆိုးတဲ့ မိန်းကလေးတွေကို အပေါင်းအသင်း လုပ်တဲ့ ကူညီတဲ့ ယောက်ျားတွေမှာ ဘာမျှော်လင့်ချက်မှ မရှိဘူးတဲ့ တကယ့်ကို ရိုးရိုးသားသား ကူညီကြတာတဲ့၊ အဲဒါကြောင့် ရုပ်ဆိုးတဲ့ မိန်းကလေးတွေက အရမ်းကံကောင်းတယ်တဲ့ လှတဲ့ မိန်းကလေးတွေကို ကူညီတဲ့ ယောက်ျားတွေမှာ ကျတော့ မျှော်လင့်ချက်တွေအများကြီးရှိတယ်တဲ့၊ သာယာမှု တွေလည်း လိုချင်ကြတယ်တဲ့၊ အလှတရားအပေါ်မှာ သူတို့ စိတ်က သာယာလို့ သူတို့စိတ်ကို သူတို့ပျော်ရွှင်စေချင်တဲ့ အတ္တနဲ့ လိုက်လျောကူညီကြတာတဲ့၊ အဲဒါကြောင့် ရုပ်ချော ချော မိန်းကလေးတွေက ကံဆိုးနေကြတာတဲ့"

"ကြည့်စမ်း...သူက ဘာသဘောနဲ့ ဒီလိုပြောတာလဲ၊ အဲဒါ ငါ့ကို စောင်းပြောချင်တာပဲ ဖြစ်မှာ..."

"ရှင်ကလည်းနော်...ရသက ရှင့်အကြောင်း အမြဲတွေးပြီး ရှင်နဲ့ပတ်သက်တာတွေကိုပဲ ပြောနေလိမ့်မယ်လို့ ထင်လိုက် ပြန်ပြီ၊ စိတ်ချ...ရသက ရှင့်ကို လုံးဝစိတ်မဝင်စားဘူး"





ညိုချော့က ပိုင်ပိုင်နိုင်နိုင်ကလေး ပြောလိုက်ရာ ကျော့ရှင်းရဲ့ မျက်ဝန်းကလေးတွေက မာနဖြင့် ဖျတ်ဖျတ်ခါသွားပါသည်။

"ယောက်ျားမှန်ရင် ငါ့ကို စိတ်မဝင်စားတဲ့သူ တစ်ယောက်မှမရှိဘူး ညိုချော"

"ဟယ်...အဲဒီလောက်တောင် အထင်ရောက်နေတယ်လား"

"ရှင် စောင့်ကြည့်လိုက်လေ ညိုချော၊ ခုချိန်မှာ ရသဟာ ငါ့ကိုသူ့သိစိတ်ထဲက စိတ်မဝင်စားရင်တောင် မသိစိတ်ထဲမှာတော့ စိတ်ဝင်စားနေမှာပဲ၊ တစ်နေ့ကျ အဲဒီစိတ်ဟာ ဘွားခနဲ ပေါ်လာဦးမှာပဲ၊ ယောက်ျားဆိုတာ အံရုပ်ဆိုးဆိုး မိန်းမတွေဆီမှာ ကြာကြာ မပျော်ရွှင်နိုင်ပါဘူး၊ သူတစ်နေ့ကျ နင်တို့အားလုံးကို ကျော်ခိုင်းပြီး ငါ့ဆီရောက်လာစေရမယ်၊ ငါခိုင်းသမျှလုပ်တဲ့ ယောက်ျားမျိုးပဲ ဖြစ်စေရမယ်"

ကျော့ရှင်းက စိန်ခေါ်ပြီး လှည့်ထွက်သွားသောအခါ ညိုချောစိတ်မှာ စိုးရိမ်စိတ်ဖြင့် ထူပူကျန်ခဲ့လေသည်။

ကျော့ရှင်း ဘာတွေလုပ်မှပါလိမ့်...။ ကျော့ရှင်းမှာ အမျိုး ၄၀ မက မာယာတွေရှိနေတာကို ညိုချောသိထားခဲ့ပါသည်။ သူ့နံဘေးမှာ ဝိုင်းဝိုင်းလည်နေတဲ့ ယောက်ျားကလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



အလျှော့အတင်းကလေးဖြင့် အလိုက်သင့် ကြိုးဆွဲရင်း သူ့နားက မခွာနိုင်အောင် လုပ်ထားနိုင်တာကိုက ကျော့ရှင်းရဲ့ အစွမ်း ဖြစ်သည်။

ရသက ကျော့ရှင်းကို စိတ်မဝင်စားဘူးပဲထား။ ကျော့ရှင်းကသာ အတင်းလာတွယ်ငြိလျှင် ရှောင်နိုင်ပါ့မလားဟင်။ သူလည်း ယောကျ်ားဆိုတော့ ပါးစပ်ထဲ လက်ညှိုးကလေး သွင်းထည့်ပေးရင်တော့ မကိုက်ဘဲ နေနိုင်ပါ့မလားမသိ။

♥ ♥ ♥

မေကျော့ရှင်းရဲ့ စိန်ခေါ်မှုကြောင့် ချောက်ချော်ချားချားဖြစ်သွားခဲ့ရသော ညိုချောသည် ဖွေးဥတို့ထံ အားကိုးတကြီး ရောက်ရှိသွားပြီး ရင်ဖွင့်မိပါသည်။ ဖွေးဥတို့ကလည်း မျက်လုံးလေးတွေ ဝိုင်းဝိုင်းလည်ကာ...

"သူက တကယ်ပဲ အဲဒီလိုပြောတယ်ပေါ့"

"ဟုတ်ပါတယ်ဆိုမှပဲဟယ်၊ သူက သူ့ကိုယ်သူ အရမ်းအထင်ကြီးနေတာ ဖွေးဥရဲ့၊ တကယ်လည်း အဲဒီဘက်မှာ သူက အစွမ်းရှိတယ်၊ သူကြံရင် ဘယ်သူမှ မခံနိုင်ဘူး ရသလည်း ဘာသားနဲ့ ထုထားတာမို့လို့လဲ၊ ကျော့ရှင်း





ဘက်ကသာ နည်းနည်းလေး ကြိုးစားလိုက်ရင် ပါသွားနိုင်တယ်"

"ငါတို့ရဲ့ ရသကို လျှော့မတွက်စမ်းပါနဲ့ ညိုချောရယ်၊ သူ့အကြောင်းကို ငါသိဆုံးပါ၊ သူ ကျော့ရှင်းကို လုံးဝကြည့်မရတာ အမှန်ပဲ"

"ဟဲ့...အဲဒီကြည့်မရဘူးဆိုတာကိုက မူမမှန်တာလေ၊ ပုံမှန်အတိုင်းဆို ဘာခံစားချက်မှ မရှိသင့်ဘူး မဟုတ်လား"

"အေးလေ...ဘာပဲဖြစ်ဖြစ် ငါတို့လေးယောက် ရှိသားပဲ၊ ရသကို ကျော့ရှင်းရန်က ကာကွယ်ပေးနိုင်ပါတယ်"

"ကျော့ရှင်းဆီက မာယာလက်နက်တွေ ထုတ်မသုံးခင် ကြိုတင်သတိပေးထားရင် မကောင်းဘူးလား"

"ပေါ်တင်ကြီးဆိုရင်တော့ မကောင်းဘူးပေါ့ဟာ၊ အရိပ်အမြွက်ကလေးတော့ ဝိုင်းပြောထားကြတာပေါ့"

သူတို့အားလုံးက ရသအလာကို စောင့်ကြိုနေလိုက်ကြသည်။ သိပ်မကြာခင် ရသက လွတ်လပ်ပေါ့ပါးသော စတိုင်လ်လေးဖြင့် သူမတို့ထံ ရောက်ရှိလာသည်။

"ဟိတ်...ရှောင်းရင်းတို့ ဘာဖြစ်နေတာလဲ၊ နင်တို့ မျက်နှာကလေးတွေကို အဝေးကြီးကတည်းက လှမ်းမြင်ပြီး အံ့သြနေတာ၊ မျက်နှာလေးတွေက ဆီးစေ့လောက်ငယ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဥက သက်ပြင်းကြီးကို ခပ်နင့်နင့် ချလိုက်ရင်း…

"နင့်အတွက် စိုးရိမ်လို့ပါ ရသရယ်…"

"ငါ့အတွက် ! ငါက ဘာဖြစ်လို့လဲ…"

"အခု မဖြစ်သေးပေမယ့် နောင်ဖြစ်လာမှာကို ကြိုတွေး စိုးရိမ်မိလို့ပေါ့။ ခုခေတ် မိန်းကလေးတွေက မလွယ်ဘူး ရသရဲ့၊ တို့လို ရိုးရိုးသားသားကလေးတွေဆိုတာ အရှုံး ရှားသွားပြီ"

ဖွေးဥ အပြောကြောင့် ရသက ရယ်လိုက်ရင်း…

"ဒါပေမယ့် နင်ကတော့ မရိုးပါဘူး ဖွေးဥရယ်"

"ရသနော်…ငါက ဘာလို့ မရိုးသားရမှာလဲ"

"နင့်မှာ အရိုးမှ မရှိတာ၊ တစ်ကိုယ်လုံး အသားချည်းပဲ ဟား…ဟား"

ရသက သူ့ကိုယ်ခန္ဓာကို ယိမ်းထိုးကာ တဟားဟား အော်ရယ်လိုက်သေးသည်။

"ဟဲ့…ငါတို့က အတည်ပြောမလို့ နားထောင်"

"အေးပါ…ပြောပါ နားထောင်နေပါတယ်"

"တချို့ လှလှပပ မိန်းကလေးတွေကလေ…"

"အေး…"





"ယောကျ်ားတစ်ယောက်ကို သူတို့အလှမှာ ကျဆုံးအောင် ဖြားယောင်းပြီး သူတို့ကြိုးဆွဲရာ က,အောင် လုပ်တတ် ကြတယ်"

"ဆိုင်းမပါရင် ဘယ်လို က,မှာလဲ"

"ဟမ်…ဘာပြောတယ်"

"ဘောက ဆိုင်းတီးပေးမှ ငါက က,တတ်မှာပေါ့၊ အဲဒီ မိန်းမလှလှလေးတွေက ဆိုင်းပါတီးပေးမယ်တဲ့လား"

"ရသနော်…အတည်ပြောနေတာ၊ လာမနောက်နဲ့၊ နင့် အပေါ် ကျရောက်လာနိုင်ချေရှိတဲ့ အန္တရာယ်ကို ငါတို့က ကြိုတင်ကာကွယ်နေတာ"

ဖွေးဥစကားက လိုရင်းကိုမရောက်နိုင်တာမို့ ညိုချော တာ ကြားဝင်လာကာ…

"ကျွန်မ…ကျွန်မ ပြောမယ် ရသ၊ တ…တကယ်တော့ အလှဆိုတာဟာ အရေပြား တစ်ထောက်ပဲ"

"ညိုချောတို့ကတော့ ရသရှေ့ရောက်ရင် စကားကထစ်ပြီ"

မယ်လှက ဝင်ပြောတာမို့ ညိုချောက စကား မထစ် အောင် သတိထားရင်း အရဲစွန့်ကာ ပြောရ၏။

"လှတာမက်ရင် ညစာခက်မယ်ဆိုတဲ့ စကားလည်း ရသ ကြားဖူးတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရသက ညိုချော စကားကို ရယ်ချင်လာကာ...

"ကြားတော့ ကြားဖူးပါတယ်၊ ဒါပေမယ့် အဲဒါ တကယ် ဟုတ်လို့လား၊ လှတဲ့ မိန်းမကို ယူပြီး သူက ထမင်းချက် မကျွေးလည်း ပိုက်ဆံရှိရင် ဟိုတယ်မှာ သွားစားလို့ ရသား ပဲ၊ ညစာက ခက်စရာ အကြောင်းမရှိပါဘူး"

"စကားပုံက အဲဒီသဘောမဟုတ်ဘူးလေ၊ ကျွန်မ ပြောချင် တာက..."

"အေးပါ...ငါလည်း နားလည်ပါတယ်၊ ဆက်ပြော..."

"ဒီကမ္ဘာပေါ်မှာ ရုပ်လှပြီး စိတ်ပုပ်တဲ့ မိန်းမတွေ ရှိတယ် ဆိုတာလည်း ရှင်သိထားရမယ်"

"အေး...သိထားပါတယ်၊ ပြီးတော့ ငါ နောက်တစ်ခု သိသေးတယ်၊ ဒီကမ္ဘာပေါ်မှာ ရုပ်သိပ်မလှပေမယ့် စိတ် လှတဲ့ မိန်းကလေးတွေလည်း ရှိတယ်၊ ဥပမာ ညိုချော ဖွေးဖွေးဥ၊ မျိုးမြတ်မြတ်နွယ်၊ ပန်းသန္တာခင်"

"ဟီဟိ...ရသတို့ကတော့ ငါတို့ကို စိတ်ချမ်းသာအောင် သိပ်ပြောတတ်တာပဲ"

ဖွေးဖွေးဥက တဟီဟီရယ်ရင်း သဘောတွေကျ သည်။ မိပန်းက ညိုချောစကား လိုရင်းမရောက်နိုင်တာကို စိတ် မရှည်ဖြစ်လာကာ ဝင်ပြောရပြန်သည်။





"အဲဒီတော့ ငါတို့ပြောချင်တာကဟာ ရုပ်လှတဲ့မိန်းကလေး တစ်ယောက်ယောက်ကများ နင့်ကို အိစီကလီလုပ်လာခဲ့ရင် နင် ညွတ်မသွားဖို့ဘဲ၊ လှတဲ့ မိန်းမတစ်ယောက်ရဲ့ ဩဇာ ကို ခံပြီး နင်စိတ်ဆင်ရဲမှာတော့ ငါတို့လုံးဝ မကြည့်ရက် ဘူး"

နောက်ဆုံးတော့ ညိုချော အရှင်းဆုံး ဝင်နိဂုံးချုပ် ပစ်လိုက်သည်မှာ...

"ရှင်းရှင်းပြောရရင် ရှင် မေကျော့ရှင်းကို ကြိုက်သွားမှာ ကို ကျွန်မတို့ အရမ်းစိုးရိမ်တယ် အဲဒါပဲ"

"အေး...ရှင်းသွားတာပဲ၊ အစကတည်းက အဲဒီလိုပြော လိုက်ရင် ပြီးသားနဲ့"

"နင် ငါတို့ကို အမှန်အတိုင်းပြော၊ နင် ကျော့ရှင်းကို စိတ်ဝင်စားလား ရသ"

"လုံးဝပါပဲ မယ်လှရယ်၊ ကျော့ရှင်းများတော့ ကြောက်ပါ တယ်၊ ငါ့သူငယ်ချင်း သမိန့်ခမျာ သူခိုင်းသမျှ ဖွတ်ဖွတ် ကြေအောင်လုပ်နေရတာ အရမ်းသနားဖို့ကောင်းတယ်"

"အေး...နင် မကြိုက်လည်း ပြီးတာပဲ၊ ငါတို့က စိုးရိမ်လို့ ပြောတာ"

ဖွေးဥတို့က ခုမှ ဘဝင်ကျသွားပုံမျိုးနှင့် ပြုံးတုံ



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချလိုက်ကြသည်။ ညိုချောကတော့ မယုံသင်္ကာမျက်ဝန်းကလေးများဖြင့် ရသကို တိတ်တဆိတ်လေးခိုးကြည့်အကဲခတ်နေမိလေသည်။

❀ ❀ ❀



(၅)

"ကိုယ့်ကို ခုထိ အဖြေမပေးသေးဘူးလား ကျော့ရှင်းရယ်၊ ကျော့ရှင်းဆီက အဖြေကိုစောင့်ရတာ ကိုယ်လည်း နှလုံးရောဂါ ရတော့မယ်၊ စိတ်တွေ ဖိစီးလွန်းရင်လည်း အဲဒီရောဂါ ရနိုင်တာပဲ ကျော့ရှင်းရဲ့၊ ကိုယ့်ကို နည်းနည်းလေးမှ မသနားဘူးလားဟင်"

ရဲသမိန်က ကျော့ရှင်းနား ကပ်၍ အသနားခံသလို ပြောလိုက်သော်လည်း ကျော့ရှင်းက မသနားပေ။ အဲဒီလို အဖြေတောင်းခံတဲ့စကားတွေကို ကြားရလွန်းလို့ ငြီးငွေ့နေပြီ။

ကျော့ရှင်းအချစ်ကို ရဖို့စောင့်မျှော်နေတဲ့ ယောကျ်ားလေးတွေ အဖြေတောင်းသော စကားတွေက စတိုင်လ်အမျိုးမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့က အပေါ်စား အချစ်ဝတ္ထုတွေထဲက ရိုးတုံးနေပြီဖြစ်သောစကားလုံးမျိုးတွေကို သုံးကြသည်။ ခုန သမိန်ပြောသလို 'မသနားဘူးလားဟင်' တို့၊ 'မင်းအချစ်ကို မရရင် သေရပါတော့မယ်' တို့။ တချို့ကျတော့ ခပ်ညံ့ညံ့ ဟာသကားတွေထဲက စကားလုံးတွေကို သုံးကြသည်။ 'မင်းဆီကအဖြေကို စောင့်နေရတဲ့ ကိုယ့်နှလုံးသားဟာ မီးတောင်ကြီးလို ပေါက်ကွဲလုဆဲဆဲပါပဲကွာ' တို့၊ 'ကြည့်စမ်း…မင်းကို မျှော်ရတဲ့ ကိုယ့်လည်ပင်းဟာ တစ်တောင်လောက်များ ရှည်နေပြီလား' တို့၊ အဲဒီစကားတွေက ကျော့ရှင်းကို တစ်စက်ကလေးက ရင်မခုန်စေနိုင်ခဲ့ပါ။

သို့သော် ကျော့ရှင်းက ရင်ခုန်တာမခုန်တာ ဘေးချိတ်ကာ ကျော့ရှင်းနံဘေးမှာ သူတို့တွေ အောက်ကျို့ဝပ်တွားနေတာကိုပဲ ကျေနပ်နေသူမို့ သမိန့်ကိုလည်း ခပ်စွေစွေကလေးပဲ ကြည့်မိကာ…

"ရှင်က ကျော့ရှင်းနဲ့ တွေ့ရတာကို စိတ်ဖိစီးတယ်လို့ ယူဆရင်လည်း မလာနဲ့ပေါ့"

ဟု မထိတရိလေး ပြောလိုက်လေသည်။ သမိန်က ပျာထွက်သွားကာ…

"ဟာ…ကိုယ်ပြောတာ အဲဒီလို သဘောမဟုတ်ဘူးနော်၊ ကျော့ရှင်းနဲ့တွေ့ရတာ ကိုယ်အရမ်းပျော်တယ်၊ ကျော့ရှင်းဆီက အချစ်ကို မရမှာသာ ကြောက်တာ"





"ကျော့ရှင်းက မမုန်းတတ်ပါဘူး"

"ဟင်…ဒါဆို ကိုယ့်ကို"

"မမုန်းဘူးဆိုပေမယ့်လည်း ချစ်တယ်လို့ ယူဆလို့မှ မရတာလေ၊ ကျော့ရှင်းက ဘယ်သူ့ကိုမှ မမုန်းတဲ့သူဆိုတော့ အဲဒီလိုသာ ယူဆရရင် တစ်လောကလုံး ကျော့ရှင်းရဲ့ ချစ်သူတွေချည်း ဖြစ်ကုန်တော့မှာပေါ့"

"ဟာ…ဒါတော့ ဘယ်ဖြစ်မလဲ၊ ကိုယ်က ကျော့ရှင်းရဲ့ တစ်ဦးတည်းသော မူပိုင် ချစ်သူပဲ ဖြစ်ချင်တာ"

ပျင်းစရာကောင်းလိုက်တာနော်။ စကားလုံးတွေက ရိုးတုံးလိုက်တာ။ ဒါ့ထက် ပိုပြီး ကျော့ရှင်းစိတ်ကို လှုပ်လှုပ်ခတ်ခတ်ဖြစ်အောင် မလုပ်နိုင်တော့ဘူးလား။ ရှင် ဒိတ်အောက်နေပြီပဲ သမိန်ရယ်။ cilica လို ပြိုင်ကားဆန်ဆန် ကားမျိုးကို တဝေါဝေါ မောင်းနေတဲ့ ရှင့်လို ခေတ်လူငယ်ကလေးက ဒီလောက်ပျင်းစရာကောင်းတဲ့ မေတ္တာတောင်းခံနည်းမျိုးကို သုံးလာလိမ့်မယ်လို့ မထင်မိဘူး။

ကျော့ရှင်းက သမိန့်အကြောင်းကို စိတ်ပျက် လက်ပျက် တွေးတောနေမိပါသည်။ သို့သော် ကျော့ရှင်းရဲ့ ခံစားချက်အမှန်ကိုတော့ ပြောပြဖို့ စိတ်မကူးပါ။

သမိန်ဟာ ကျော့ရှင်း အကြိုက်ကို အရိပ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ဆည်းပေးနိုင်သူ ဖြစ်သည်။ လောလောဆယ် ကျော့ရှင်းကို ချဉ်းကပ်နေကြသည့် လူတွေထဲမှာတော့ ရုပ်ရည်ကော၊ အခြေအနေကော သူက သာသည်။ ကျော့ရှင်း ဘယ်သွားသွား လိုက်ပို့မည့် ဒရိုင်ဘာကောင်းသဖွယ်ဖြစ်သော၊ ကျော့ရှင်းဘာခိုင်းခိုင်း မငြီးမငြူ လုပ်ပေးနိုင်သည့် အတွင်းရေးမှူးကောင်းလေးသဖွယ်လည်းဖြစ်သော သူ့ကို မချစ်နိုင်ပေမယ့် လက်လွှတ်လိုက်ဖို့တော့ စိတ်ကူးမရှိပါ။ သူ ကျော့ရှင်းဘေးမှာ ခြံရံလို့သာ နေပါစေဦး...။

ကျော့ရှင်းသည် သမိန့်ကို စိတ်ပျက်ရင်းကပဲ ရသ အကြောင်းကို မဆီမဆိုင် တွေးမိကာ သွေးပူလာပါသည်။

ကျော်ရသ...ရှင့်ကို နည်းနည်းလေးမှ မကျေနပ်ဘူး သိလား...။

"သမိန်...ရှင့်ကို မေးရဦးမယ် သိလား"

ကျော့ရှင်းက ရသ အကြောင်းမေးဖို့ စကားစလိုက်မိပါသည်။

"ကျော့ရှင်းကို တကယ်ချစ်ရဲ့လားလို့ မေးမှာမဟုတ်လား၊ တစ်သက်စာအတွက် ကိုယ်ဖြေထားမယ်၊ ကျော့ရှင်းကို အရမ်းချစ်တယ်"

"မဟုတ်ပါဘူး သမိန့်ရဲ့၊ ကျွန်မ မေးတာက ကျော်ရသ အကြောင်းပါ၊ သူ့ကို ကျွန်မ တကယ်ကြည့်မရဘူးသိလား၊





သူက တစ်မျိုး ကြောင်နေသလိုပဲနော်၊ သူ့အပေါင်းအသင်း ကောင်မလေးတွေကလည်း တစ်မျိုးလေးတွေ၊ သူတမင် စတန့်ထွင်ပြီးတော့များ ပေါင်းနေသလားဟင်"

"စတန့်ထွင်တာတော့ မဟုတ်ဘူးထင်ပါတယ်၊ ဒီကောင်ကြီးက စိတ်ထားတော့ ကောင်းပါတယ်"

"ဝမ်းတွင်းပုပ်ဆိုရင် ရှင်သိနိုင်မလား သမိန့်ရဲ့"

"ပေါင်းလာတာ ကြာပြီဆိုတော့ သူ တကယ်ပုပ်ရင် ခုလောက်ဆို သိလောက်ပြီလေ၊ သူ့အကျင့်က လှတဲ့ မိန်းကလေးတွေဆို ကြည့်မရတတ်တာတော့ ကိုယ် သိတယ်"

"အဲဒါ သူ့ရဲ့တကယ့်စိတ်ရင်းကို အရမ်းထိန်းပြီး ဆန့်ကျင်ဘက်လုပ်ထားတာလည်း ဖြစ်နိုင်တယ်၊ အလှမကြိုက်တဲ့ ယောကျ်ားရယ်လို့မှမရှိတာ၊ လှတဲ့ မိန်းကလေးတွေနဲ့ တွေ့ရင် သူ့စိတ်သူ မနိုင်မှာစိုးလို့ ရုပ်ဆိုးဆိုးကလေးတွေပဲ ရွေးပေါင်းနေတာ ဖြစ်မှာပေါ့"

"ကိုယ်သိသလောက်တော့ သူက မိန်းကလေးတွေကို သိပ်စိတ်မဝင်စားတတ်ဘူး"

"ဒါဆို ပုံမှန်မဟုတ်ဘူးပေါ့"

ကျော့ရှင်းစကားကြောင့် သမိန်က ရယ်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျော့ရှင်းကတော့ သမိန်နှင့်အတူထိုင်နေသည့် တစ်ချိန်လုံး ကျော်ရသ အကြောင်းကိုသာ တနုံ့နုံ့ တွေးနေမိပါသည်။

ကျော့ရှင်းကိုတွေ့လျှင် ဂရုမစိုက်သလိုလို မသိချင်ယောင်ဆောင်သွားတတ်တာ။ ယောက်ျားကလေးတွေကို ကျော့ရှင်း တစ်ခုခုနိုင်းနေတာတွေ့လျှင် သရော်ပြုံးကလေးနှင့် ကြည့်သွားတတ်တာတွေက ကျော့ရှင်းရဲ့ မခံချင်စိတ်ကို ဆွနေတာနှင့် တူသည်။ ကျော့ရှင်းက တွေးရင်း ရင်ပူလာကာ...

"သမိန်...ကျွန်မ အဲအေးသောက်ချင်တယ်"

"ရမယ်...ရမယ်၊ ကိုယ် မှာပေးမယ်"

"ဒီဆိုင်က အအေးကိုမှ မသောက်ချင်တာ၊ ဒီမှာက သီးစုံဖျော်ရည်မှ မရတာ၊ ကျွန်မက နာနတ်သီး ဖျော်ရည် သောက်ချင်တာ"

"ရတယ်လေ...ဟိုနားက ဆိုင်လေးမှာ ကိုယ်ပြေးဝယ်ပေးမယ်၊ ကျော့ရှင်း ဒီကပဲစောင့်၊ ဒီဆိုင်က Aircon နဲ့ အေးတယ်၊ အပြင်ထွက်ရင် ပူတယ်"

"သစ်သီးတွေလည်း စားချင်တယ်"

"ဘာတွေ စားမလဲ"

"ပန်းသီး၊ စပျစ်သီး၊ ဆီးသီး၊ ငှက်ပျောသီး၊ ပိန္နဲသီး၊ ဖရဲသီး အစုံပဲ စားချင်တာ"





"ရမယ်...ရမယ်၊ သစ်သီးတန်းဘက်ကို ကိုယ်ပြေးဝယ်လိုက်မယ်"

သမိန်က အပြေးအလွှားထွက်ခွာသွားပြီး သိပ်မကြာခင် ဖရဲသီး အလုံးလိုက်၊ ငှက်ပျော်သီး အဖီးလိုက်၊ နာနတ်သီး အလုံးလိုက်ကို မနိုင်မနင်း ပိုက်ပွေ့ သယ်လာကာ ကျော့ရှင်းရှေ့သို့ ရောက်လာသည်။

ကျော့ရှင်းကတော့ အမိန့်ကို ကြည့်ရင်း သမိန့်နေရာမှာ ကျော်ရသကိုများ ခိုင်းလိုက်ရရင် ဘယ်လောက်တောင် အရသာ ရှိလေမလဲဟု တွေးမိနေလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





## (၆)

"ဒီနှုတ်ခမ်းရောက်တုန်း ညီမျှချောဆီတော့ ဝင်လိုက်ဦးမှပါ"

ကျော်ရသသည် ညီမျှချောတို့အဆောင်ရှေ့ကအဖြတ်မှာ သူငယ်ချင်းမကလေးကို သတိတရဖြင့် ဝင်တွေ့ဖို့ စိတ်ကူးမိလေသည်။ ကိုယ့်အပေါ် အားကိုးတွယ်တာလှတဲ့သူမကို သူကလည်း နှမကလေးလို ကရုဏာထားကာ ခင်မင်ခဲ့မိပါသည်။ ကိုယ့်ကိုတွေ့လို့ သူမ ပျော်ရွှင်သွားတတ်တာကိုလည်း အသိအမှတ်ပြုထားခဲ့သည်။ ခုလည်း သူမကို ပျော်စေချင်တာမို့ သူမတို့ အဆောင်ရှေ့က စတိုးဆိုင်မှာ စားစရာတချို့ဝင်ဝယ်ပြီး သူမရဲ့ အဆောင်ရှေ့သို့ လျှောက်လာခဲ့သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ညိုချောနဲ့ တွေ့ချင်လို့ပါ"

"ညိုချော..."

မိန်းကလေးတစ်ယောက်က လှမ်းမေးတော့ သူက ရိုးရိုးကလေးပဲ ဖြေပါသည်။ သို့သော် ထိုမိန်းကလေးက သူ့ကို တအံ့တသြ ကြည့်ပြီး မယုံနိုင်သလို ပြန်မေးနေသည်။

"ဟုတ်တယ်လေ...ညိုချောနဲ့တွေ့ချင်တာ ဘာဆန်းလို့လဲ၊ ကျော်ရသ ရောက်နေတယ် ပြောပေးပါ"

"ဪ...အင်း...အင်း ဟုတ်ပါပြီ၊ ခဏစောင့်ပါ"

ကောင်မလေးက အဆောင်အတွင်းဘက်သို့ သုတ်သုတ်ပျာပျာဝင်သွားသည်။ သူမက ကျော်ရသကိုကြည့်ပြီး အံ့သြဖို့လိုက်လွန်းတာမို့ ရင်ဘတ်ကလေးကိုတောင်ဖိပြီး ညိုချောကို ရှာရပါသည်။

သူမ သိသလောက်တော့ အဆောင်နေ သက်တမ်းတစ်လျှောက်မှာ ညိုချောဆိုတဲ့ သွားခေါမလေးထံ ဒီလို အကောင်းစား ယောကျ်ားလေး ဧည့်သည်မျိုး မလာဖူးတာမို့ပင်။

အဆောင်နေ မိန်းကလေးအများစုထံ ယောကျ်ားလေး ဧည့်သည်တွေ လာတွေ့ကြ၊ ပိုးပန်းကြ၊ ဂစ်တာတီးကြ ဆိုတာမျိုးတွေ ရှိပေမယ့် ညိုချောကိုတော့ ဘယ်ယောကျ်ားမှ မပိုးပန်းကြတာ အမှန်ပင်။ ညညအဆောင်ရှေ့မှာ ဂစ်တာလာတီး





တတ်ကြတဲ့ အုပ်စုတစ်စုရှိသည်။ မိန်းကလေးတချို့ ကိုယ်ယောင်ပြကာ ပြတင်းဝမှာ ထွက်နားထောင်လျှင် သူတို့မှာ ဝမ်းသာအားရဆိုကြ တီးကြပြီ။ အဲဒီ မိန်းကလေးတွေ အိပ်သွားပြီး သီချင်းကြိုက်တဲ့ ညိုချောတစ်ယောက်သာ ပြတင်းဝမှာ မေးထောက်ပြီး နားထောင်လျှင်တော့ သူတို့အုပ်စုလည်း စိတ်ဓာတ်ကျကာ လှည့်ပြန်သွားတတ်ကြပါသည်။ ညိုချောက အဲဒီလောက်ထိ မျက်နှာငယ်ရပါသည်။

သို့သော် ခုတော့ဖြင့် အလွန်ကြည့်ကောင်း ချောမောလှတဲ့ ဧည့်သည် အကောင်းစားကလေးဟာ သူမကိုမှ တွေ့ချင်သတဲ့။ ပြီးတော့ သူ့လက်ထဲမှာလည်း စားစရာတွေ ပါလာသေးသည်။ ညိုချော်ကို ပေးဖို့များလား။

"ညိုချောရော...ညိုချောကို တွေ့မိကြလား၊ ညိုချောရှိလား"

အဆောင်သူကလေး ယမင်းသည် ရင်တမမဖြင့် ညိုချောကို လိုက်ရှာဆဲ။ အဆောင်သူတချို့က ယမင်းနောက် လိုက်လာကာ...

"ဟဲ့...ယမင်းရေ...အဆောင်ရှေ့မှာ ဧည့်သည်လေး တစ်ယောက် ရောက်နေတာတွေ့လား၊ အရမ်းချောတာပဲဟယ်၊ ဘယ်သူ့ ဧည့်သည်များလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညိုချော ဧည့်သည်"

"ဘုရားရေ့...တကယ်လား"

"တကယ်...တကယ်"

"ဟယ်...ဒါဆို ဒီမိန်းမ ကံဇာတာတက်လာပြီ၊ ကျော့ရှင်း ဆိုလာတဲ့ ဧည့်သည်ထဲမှာတောင် ဒီလောက် သားနားတဲ့သူ မပါဘူး၊ ရှေ့မှာ တစ်ယောက်ပြီး တစ်ယောက် သွားချောင်း ကြည့်နေကြတာ သိလား"

"ဘယ်သူ့ကို သွားချောင်းနေကြတာလဲ"

ယမင်းတို့ ပြောနေဆဲ...ညိုချော နောက်မှ ရောက်လာကာ နားစွန်နားဖျားနှင့် လှမ်းမေးလိုက်လေသည်။ ယမင်းက ညိုချောဘက်သို့ ချာခနဲလှည့်ကာ အမောတကော ပြောသည်။

"ဟဲ့...ရှေ့မှာ...ရှေ့မှာ နင့်ဧည့်သည်ရောက်နေတယ်"

"ဟယ်...အဲဒါ ဘာဖြစ်လဲ၊ နင့်ပုံစံက ဘာဖြစ်လို့ ဒီလောက် အမောတကော ဖြစ်နေရတာလဲ"

"သူက အရမ်းချောတာကိုဟဲ့၊ နာမည်ကလည်း အမိုက်စားပဲ၊ ကျော်ရသ တဲ့"

"ဟင်...ကျော်ရသ ဟုတ်လား"

"ဟုတ်တယ်လေ...နင် မသိဘူးလား"

"အို...သိတာပေါ့၊ သိပ်သိတာပေါ့"





ညိုချောက အဆောင်ရှေ့သို့ ပြေးထွက်သွားဖို့ ပြင်ပြီးမှ ကိုယ့်ပုံစံ ကိုယ်သတိရကာ ခြေလှမ်းတုံ့လိုက်ရပါသည်။

အို...ဒီလို အဆောင်နေရင်းဝတ်တဲ့ စမန့်ချိုင်ဂါဝန် ပွပွကြီးနဲ့ သူ့ကိုထွက်တွေ့လို့ ဘယ်ဖြစ်ပါ့မလဲ။ အမလေး... သူက ညိုချောဆီ လာသတဲ့။ အံ့သြစရာ။ ကျော့ရှင်းသိရင်တော့ မနာလိုတွေ ဖြစ်တော့မှာပဲ။

ညိုချောသည် ရုတ်တရက် ကြားလိုက်ရသော မမျှော်လင့်သည့် သတင်းစကားအတွက် အမလေးတ,မိကာ ဘာလုပ်ရမှန်းမသိအောင် ကယောင်ချောက်ချား ဖြစ်နေပါသည်။

"ငါ...ငါ ဒီပုံနဲ့တော့ ထွက်တွေ့လို့မဖြစ်ဘူး၊ အင်္ကျီကလည်း တွန့်ကြေနေတာ၊ ရေလည်းမချိုးရသေးဘူး၊ ချွေးစော်တွေနံနေမှာပဲ၊ ရေသွားချိုးလိုက်ဦးမယ်၊ ခဏလေးစောင့်လို့ သွားပြောပေးပါဟာ"

"ပြောပေးမှာ...ပြောပေးမှာ...စိတ်ချ"

ယမင်းက အဆောင်ရှေ့သို့ ပျာပျာသလဲပြေးထွက်သွားပြီး ညိုချောက တဒိတ်ဒိတ် ခုန်နေသောရင်ကိုဖိကာ အခန်းထဲသို့ ဝုန်းဒိုင်းကြဲ ပြေးဝင်လာခဲ့ပါသည်။

"ဘာဖြစ်လာတာပဲ"

ကျော့ရှင်းက လှမ်းမေးတော့ ညိုချောက လေသံ မြင့်မြင့်ကလေးဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ညှော်သည် ရောက်နေလို့လေ"

"ဘယ်က ညှော်သည်မို့လို့လဲ"

"ဘယ်သူရှိမလဲ... ကျော်ရသပေါ့"

ဟင်... ဟူသော အာမေဋိတ်သံကြီးက ကျော့ရှင်းရင်ထဲမှာ မြင်ဟည်းသွားသည်။ ကျော်ရသဟာ ညိုချောကို အဆောင်ထိတောင် လာတွေ့သတဲ့။

"သူ့ကို ခဏစောင့်ခိုင်းထားရတယ်၊ ရေသွားချိုးလိုက်ဦးမယ်"

ညိုချောက ရေချိုးခန်းဘက်သို့ အူယားဖားယား ထွက်သွားချိန်တွင် ကျော့ရှင်းက ထေ့ထေ့ကလေးပြုံးကာ ထိုင်ရာမှ ထလိုက်လေသည်။ ညိုချောဟာ နဂို မလှတဲ့ သူ့ရုပ်ကို အမွန်းတင်ဖို့အတွက် အချိန်တွေအများကြီးပေးရမည်ဆိုတာ ကျော့ရှင်း သိပါသည်။ ခုတလောမှ မည်းတဲ့အသားကို ဖြူလာအောင် Whitining body lotion တွေလူးရ။ တစ်ခါတရံလည်း သနပ်ခါးတွေ ခြေဆုံးခေါင်းဆုံးနှင့် သူမ လှဖို့အတွက် တော်တော်အချိန်ပေးလာတာကို ကျော့ရှင်းက သိပါသည်။ ရေချိုးရင်တောင် အရင်ကဆို ကြေး(ကျီး) မှ တွန်းရဲ့လားမသိဟု ထင်ရအောင် မြန်မြန်ချိုးတတ်သော်လည်း ခုတော့ ရေချိုးခန်းထဲ စိမ်ဆွဲနေကာ ခြေလက်အရေပြားတွေ အရေခွံတွန့်ပွလာတော့မှ ရေချိုးခန်းထဲက ထွက်လာတတ်ပါသည်။





ခုလည်း ဘယ်လောက် ကြာဦးမည်မသိပါ။ သူကြာလေ ကျော့ရှင်းအတွက် အချိန်ရလေပေါ့...။

ကျော့ရှင်းသည် အဆောင်နေရင်း ဝတ်ပေမယ့်လည်း ညိုချောလို ပုံမကျသည့် စပန့်ချ်ဂါဝန်မျိုးမဟုတ်ဘဲ ပုံကျကျ ဂါဝန်ပွပွလေးကို ဝတ်ထားတာမို့ တစ်မျိုးလေး ကပိုကရိုဆန်စွာ နုနယ်နေသော ကိုယ့်ပုံစံကို ကိုယ်မှန်ထဲမှာ တစ်ချက်ကြည့်၊ နားရွက် နောက်သို့သိမ်းထားသော ဆံပင်စလေးတချို့တလေကို ကပိုကရိုလေးဖြစ်အောင် တစ်စ နှစ်စ ဆွဲချပြီး အဆောင်ရှေ့သို့ ခပ်ကြော့ကြော့ ထွက်လာခဲ့ပါသည်။ ရသကို ချောင်းမြောင်းနေကြသော ယမင်းတို့က ကျော့ရှင်းကို တွေ့သွားကာ...

"ကျော့ရှင်း ဘယ်လဲ"

"အရှေ့ဘက်"

"ဟယ်... ညိုချောတော့ ဒုက္ခပဲ"

"ဘာဒုက္ခလဲ"

"ဩော်... ဘာမှ မဟုတ်ပါဘူး"

အဆောင်သူတွေအားလုံးက ကျော်ရသလိုလူဟာ ကျော့ရှင်းကိုတွေ့လျှင် ညိုချောကို လှည့်ကြည့်တော့မှာမဟုတ်ဟု ယူဆထားကြသူများ ဖြစ်သည်။

ကျော့ရှင်းကလည်း အကြံနှင့်မို့ ညှော်ခန်းဘက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာရင်း ဗိုက်ကို လက်ဖြင့်ဖိကာ မျက်နှာကို အလှမပျက် ရှုံကလေး မဲ့၍ ငြီးတွားလာပါသည်။

"အား...ဗိုက်ကလည်း အောင့်လိုက်တာ၊ အရေးထဲကျမှ ဆေးဝယ်ခိုင်းရမယ့် ဦးလေးကြီးကလည်း ဘယ်ရောက်သွားမှန်း မသိပါဘူး၊ ကျွတ်...ကျွတ်...သေပါပြီ"

ကျော်ရသသည် ကျော့ရှင်းကို လှမ်းမြင်လိုက်ရကတည်းက ဉာဏ်ဆင်ပြီဆိုတာ သိလိုက်ပါသည်။ ဗိုက်အောင့်ပါတယ်ရယ်လို ညည်းတွားရင်း သူ့ဆီတစ်ချက် ခိုးခွေကြည့်လိုက်တာကိုလည်း မြင်သည်။ ယောကျ်ားမြင်ရင် ခိုင်းချင်စိတ်ဖြင့် တမင်ပညာပြတတ်သော သူမအကျင့်ကို ရသက သိပြီးသားမို့ အသာကလေး မသိချင်ယောင် ဆောင်နေလိုက်ပါသည်။

သူမရဲ့ တကျွတ်ကျွတ် ညည်းတွားသံက ပိုကျယ်လာပြီး သူ့နားသို့ ရောက်လာကာ...

"ဩော်...ဘယ်သူများလဲလို့ ရှင်ရောက်နေတာကိုး၊ ညီချော ဆီ လာတာလား"

"ဟုတ်တယ်ဗျ၊ စောင့်ရတာကြာလို့ ဗိုက်တောင် အောင့်ချင်လာပြီ၊ ကျွတ်...ကျွတ်၊ တကယ်အောင့်လာပြီဗျား၊ ခင်ဗျားတို့ဆီမှာ ဗိုက်အောင့်ပျောက်ဆေးလေး ဘာလေး မရှိဘူးလား၊ အမလေး...ဗိုက်ထဲက နာလှချည်ရဲ့ဗျာ၊ ဆေးရှိရင် သွားယူပေးပါဗျာ"





ကျော့ရှင်းသည် ကိုယ့်အကွက်ထဲ သူဝင်မလာသည့်အပြင် သူ့အကွက်သူထွင်လိုက်သော ရသကို စိတ်တိုသွားကာ...

"ဒီမှာလည်း ဗိုက်အောင့်နေတာ မမြင်ဘူးလား"

"ဗိုက်အောင့်တာ မြင်မှ မမြင်ရတာ၊ ခင်ဗျား ပါးစပ်က ပြောမှ သိရတာ"

"ဗိုက်အောင့်လွန်းလို့ ဆေးဝယ်ခိုင်းမလို့ ထွက်လာတာရှင့်၊ ဆေးဆိုင်က ဟိုဘက်လမ်းတင်"

"ဟုတ်လား...ခင်ဗျား ခိုင်းလို့ရမယ့်လူတွေ့ရင် ကျွန်တော့်ဖို့ပါ ဆေးပိုမှာပေးပါဗျာ၊ ကျွန်တော်လည်း သောက်ပါရစေ၊ ကျွတ်...ကျွတ် အမလေးဗျာ"

"ရှင် ယောကျ်ားပဲ၊ ဒီလောက်လေး အောင့်ရုံနဲ့ လမ်းမလျှောက်နိုင်လောက်အောင် မဖြစ်သင့်ပါဘူး၊ ရှင်ဘာသာဆေးသွားဝယ်ပါလား၊ ကျွန်မဖို့ပါ ပိုဝယ်ခဲ့"

"အမလေးဗျာ...ခင်ဗျားကြည့်ရတာတော့ ညည်းတောင်မညည်းတော့ဘဲ ပြောနေလိုက်တာ မာမာချာချာပဲ၊ ခင်ဗျားက ကျုပ်လောက် မအောင့်ဘူး ထင်ပါတယ်၊ ခင်ဗျားပဲ သွားဝယ်လိုက်ပါဗျာ၊ အမလေး...အမလေး... သေပါတော့မယ်"

"သေမယ်ဆိုလည်း သေလိုက်ပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကျော့ရှင်းက ခတ်ပြတ်ပြတ်ပြောကာ အဆောင်ထဲ လှည့်ဝင်သွားတော့ ရသတစ်ယောက်တည်း ဟိုးဟိုးဟားဟား တ,ရယ်လိုက်မိပါသည်။

ထိုစဉ် ညိုချော ရောက်လာကာ...

"ရသ...ရှင်သိပ်တော်တာပဲ သိလား၊ အရမ်း သရုပ်ဆောင်ကောင်းတယ်၊ ကျော့ရှင်းကိုနိုင်တာ ရှင်တစ်ယောက်ပဲ ရှိသေးတယ်၊ သူက ရှင့်ကို ဆေးဝယ်ခိုင်းချင်လို့ တမင်ဉာဏ်ဆင်လာတာ၊ စောစောတုန်းက အကောင်းကြီးပဲ၊ ရှင်ရောက်မှန်းသိမှ တမင်လုပ်လိုက်တာ၊ ကျွန်မဖြင့် ရှင်များသူ့ကို သနားသွားပြီး ဆေးပြေးဝယ်ပေးမလားလို့ ရင်မ,နေရတာ၊ အဲဒီလိုသာ လုပ်ပေးမိရင် ကွယ်ရာမှာ သူဟားလို့ဆုံးမှာ မဟုတ်တော့ဘူး၊ သူက ယောကျ်ားတွေကို သူ့ဘာခိုင်းခိုင်း ရတယ်ဆိုပြီး သိပ်ဂုဏ်ယူတာ သိလား"

"ငါနဲ့ပတ်သက်ရင်တော့ သူ ဘယ်တော့မှ ဂုဏ်ယူရမှာ မဟုတ်ပါဘူး ညိုချောရာ"

"တကယ်နော်"

"အေးပေါ့"

"ကတိနော်"

"ဘာကတိလဲ"





"ရသအတွက် ကျော့ရှင်း ဘယ်တော့မှ ဂုဏ်မယူစေရဘူး ဆိုတဲ့ ကတိပေါ့၊ ပေးနိုင်လို့လား"

"ပေးနိုင်တာပေါ့၊ ငါ့အတွက် တကယ်တမ်းဂုဏ်ယူရမှာက ငါ့ သူငယ်ချင်းကလေးတွေပဲ၊ ကဲ...ရော့ ဒီမှာ နင်စားဖို့ ငါးသေတ္တာရော လက်ဖက်ထုပ်တွေရော အများကြီးပဲ ဝယ်လာတယ်၊ ဒီနားလာရင်း နင်ဒီမှာနေတာ သတိရလို့ ဝင်လာတာဟ"

"ကျေးဇူးတင်လိုက်တာ ရသရယ်၊ ရှင့်ကြောင့် ကျွန်မ အရမ်းဂုဏ်တက်ရတယ် သိလား"

"ဟာမ်...ဘာတွေများ ဂုဏ်တက်ရတာတုန်း"

"ရှင်လိုလူတစ်ယောက်က ကျွန်မဆီလာတာ ကျွန်မအတွက် ဂုဏ်တက်စရာပေါ့၊ ကျွန်မမှာက ညှိသည်ကောင်းကောင်း ကန်းကန်းမှ မရှိတာ၊ ကျော့ရှင်းနဲ့ယှဉ်ရင် ကျွန်မက သိပ်မျက်နှာငယ်ရတာ၊ ကျော့ရှင်းနဲ့မှ မဟုတ်ပါဘူး၊ တခြားသူတွေနဲ့ယှဉ်တိုင်းလည်း မျက်နှာငယ်ရတာပဲ၊ အဆောင်ရွှေ့လာပြီး ဂစ်တာ လာတီးတဲ့ သူတွေကအစ ကျွန်မတစ်ယောက်တည်း နားထောင်နေမှန်းသိရင် မတီးဘဲ ပြန်ကြပြီ"

ရသသည် ညိုချောရဲ့ ဖြူဖြူစင်စင်မျက်နှာကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေထဲက အားငယ်ရိပ်ကို အတွေ့မှာ သနား၍သွားလေသည်။ ပြီးတော့ ညိုချောပြင်ဆင်လာပုံကိုကြည့်ရင်း ပြုံးလည်းပြုံးချင်မိ၏။ သူမမှာ ဧည့်သည်တွေ ထွက်တွေ့ဖို့အတွက် ဘယ်လောက်လှအောင် ကြိုးစားလာရသလဲမသိပါ။ အသားဖြူချင်စေဖြင့် လိမ်းထားတဲ့ သနပ်ခါးပေါ်မှာ ရိုက်ထားတဲ့ ပေါင်ဒါတွေဟာ ဖွေးဖွေးလှုပ်နေသည်။ သူမထံမှ သိပ်ဈေးမကြီးလှတဲ့ ရေမွှေးနံ့ကိုလည်း လှိုင်လှိုင်ရနေသည်။ မျက်လုံးကလေးပြူးကာ ကြည့်နေပုံကလည်း ရယ်စရာ၊ သနားစရာ ကောင်းလှပါသည်။ ရသက စာနာစိတ်ဖြင့် သူမ ပခုံးလေးကို ဖွဖွပုတ်လိုက်ရင်း...

"အားမငယ်ပါနဲ့ ညိုချောရယ်၊ ငါလာလို့ နင်ဂုဏ်တက်တယ်ဆိုရင် ငါ နင့်ဆီ ခဏခဏ လာလည်မယ်၊ ဟုတ်ပြီလား"

"တကယ်နော်"

"အေးပါ၊ ပြီးတော့ နင် သီချင်းနားထောင်ချင်ရင် ဂစ်တာ တီးတဲ့ အဖွဲ့တစ်ဖွဲ့ ငါခေါ်လာပေးမယ် ဟုတ်ပြီလား"

"တ...တကယ်ပြောတာလား၊ ရှင်ရော ပါမှာလား၊ ရှင်ပါ ပါနော်"

"အေးပါ...အေးပါ...ပါပါ့မယ်၊ ညိုချောက ဘယ်လို သီချင်းမျိုးတွေ ကြိုက်တတ်လဲ"





"အယ်လ်လွန်းဝါတို့၊ အယ်လ်နှောင်းတို့ရဲ့ သီချင်း အေးအေးလေးတွေ ကြိုက်တယ်"

ညိုချောသည် ရသရဲ့ သဘောကောင်းကောင်းပုံစံကလေးကိုကြည့်ရင်း ငိုချင်တော့မတတ် ပျော်ရွှင်လာခဲ့မိပါသည်။ ညိုချောဘဝမှာ ညိုချောအပေါ်စာနာငဲ့ညှာတဲ့ ပထမဆုံး ယောကျ်ားဟာ သူပဲပေါ့။ သူ့ကြောင့် ညိုချော ပျော်ရွှင်ကျေနပ်ဂုဏ်တက်ရသည်။ ကျော့ရှင်းရှေ့မှာ ခေါင်းမော့နိုင်သည်။

"ကျေးဇူးတင်လိုက်တာ ရသရယ်"

"သူငယ်ချင်း အချင်းချင်းပဲဟာ၊ ကျေးဇူးစကားတွေ မလိုပါဘူး"

အဲဒီနေ့က ရသ ပြန်သွားတော့ ညိုချောက ခေါင်းကလေးမော့ကာ အဆောင်ထဲ ပြန်ဝင်လာသည်။ ညိုချောနောက်က ယမင်းတို့ အုပ်စုလည်း တကောက်ကောက် လိုက်လာကြကာ မေးခွန်းတွေ ထုတ်လာသည်။

"ညိုချော သူက နှင့် သူငယ်ချင်းလား"

"အေးပေါ့...ခုတော့ သူငယ်ချင်းပေါ့"

"နင်တို့ ခင်တာ ကြာပြီလား"

"သိပ်တော့ မကြာသေးပါဘူး၊ ဒါပေမယ့် ဟိုးရှေးရှေး ကတည်းက သိကျွမ်းခဲ့တယ်လို့ ထင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူက နင့်ကို သိပ်ဂရုစိုက်တာပဲနော်၊ ငါတို့ချောင်းကြည့်နေတာ၊ သူက နင့်ပခုံးကိုတောင် ဖွဖွလေး ပုတ်လိုက်သေးတယ်...ဟိဟိ"

"သူက အဲလိုပဲ...ငါ စိတ်မပျော်ရင် အရမ်းချော့မော့နစ်သိမ့်တတ်တာ"

"နင်တော့ အရမ်းကို ကံဇာတာတက်နေတော့တာပါပဲလား ညိုချောရယ်"

"စိတ်ကောင်းရှိရင် ကံကောင်းတတ်ပါတယ်ဟာ"

"သူက နင့်ဆီ အမြဲ လာလည်မှာလား"

"ဒါပေါ့...ခဏခဏ လာမှာတဲ့၊ ဒီမှာလေ စားစရာတွေလည်း ယူလာသေးတာ"

ညိုချောနှင့် ယမင်းတို့က အမေးအဖြေ လုပ်ရင်း ညိုချောအခန်းထဲသို့ ရောက်လာပါသည်။ အခန်းက သုံးယောက်ခန်းမို့ ညိုချောရယ်၊ ကျော့ရှင်းရယ်၊ ယမင်းရယ် သုံးယောက် နေကြပါသည်။

အခန်းထဲရောက်တော့ အဝင်ဝ တံခါးကို ကျောပေးကာ စာထိုင်ဖတ်နေသော ကျော့ရှင်းကို တွေ့ရသည်။ ညိုချောအသံက ပိုတက်ကြွလာပါသည်။ ယမင်း၊ တုံတုံနှင့် သီရိတို့က လည်း သိချင်ဇောကပ်ကာ အလုအယက် ဆက်မေးကြတာမို့ ညိုချောအကြိုက် ဖြစ်နေသည်။





"နင်နဲ့ သူက ဘယ်လိုကဘယ်လို စ,တွေ့တာလဲဆိုတာ ပြောပြဦးလေဟယ်"

"အေးပါ...ပြောပြမှာပေါ့"

"သူက စမိတ်ဖွဲ့တာလား၊ နင်က စမိတ်ဖွဲ့တာလား"

"သူက စမိတ်ဖွဲ့တာ"

"ဟယ်...တကယ်"

"တကယ်ပေါ့၊ ငါပြောရင် နင်တို့ယုံနိုင်မှာတောင် မဟုတ်ဘူး၊ အရမ်းအိပ်မက်ဆန်တယ်သိလား၊ သူက ငါ မိုးရေတွေ ရွှဲပြီး ချမ်းနေတာမြင်သွားပြီး ငါသောက်ဖို့ ရေနွေးပူပူလေး ဝယ်ပေးတယ်လေ၊ ပြီးတော့ သူ့ဂျာကင်ဖြူဖြူလေးကို ချွတ်ပြီး ငါ့ပခုံးပေါ်တင်ပေးရင်း ချမ်းနေမယ် ဝတ်ထားလိုက်တဲ့"

"ဝိုး..."

ယမင်းတို့က ထအော်လိုက်ကြပြန်သည်။

"ပြီးတော့ ငါ့ကို နာမည်မေးပြီး နာမည်လေးက ချစ်စရာလေးတဲ့"

"ဟယ်"

"ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်အဖြစ် သတ်မှတ်နိုင်ပါတယ်တဲ့"

"ဟား"



www.burmeseclassic.com

www.burmeseclassic.com



ညို့ချောတို့အုပ်စုက ဆူညံနေတာမို့ ကျော့ရှင်းက စာအုပ်ကိုင်ကာ အခန်းထဲကထွက်သွားပါသည်။ တုံတုံက ညို့ချော ကို လက်ကုတ်ကာ...

"တွေ့လား...သူတောင် နင့်ကို မနာလိုရတဲ့ အခြေအနေ မျိုး ရောက်နေပြီ"

ဟု တိုးတိုးလေး ပြောလိုက်လေသည်။

ညို့ချောသည် ရသကြောင့်ပင် ဘဝမှာ ကျေနပ်စရာ တွေ တွေ့ပြီး နေပျော်လာရသည်။ အရှုံးတွေကလည်း အနိုင် ဖြစ်လာသည်။

အဲဒီညက ညို့ချောသည် ရသ ဖွဖွပုတ်ပေးသွားခဲ့ သော ပခုံးလေးကို ဖွဖွကိုင်ထားမိရင်း အေးချမ်းစွာ အိပ်မောကျ သွားခဲ့ပါသည်။



## (၇)

မကျော့ရှင်းသည် ညို့ချောလို ကိုယ့်ကို ဘယ်တုန်း ကမှ မယှဉ်သာသော သူတစ်ယောက်ကို အရှုံးပေးဖို့တော့ စိတ်ကူး မရှိချေ။

ခုချိန်မှာတော့ အဆောင်မှာ ဘာမဟုတ်သည့် ကိုယ့် နောက်လိုက် ညို့ချောက မျက်နှာပွင့်လန်းလျက်ရှိသည်။ သူမ ထံသို့ ကျော်ရသက မကြာခဏရောက်လာတတ်ပြီး ကျော်ရသ ပြန်သွားတိုင်း ညို့ချောနားမှာ လူအုံနေတတ်သည်။ ညို့ချောက လည်း ကျော့်ရသနှင့် သူမအကြောင်းကို တစ်ဆိတ်ကို တစ်အိတ် လုပ်ကာ ချဲ့ကားပြောတတ်သည်။

ကျော့ရှင်းက တစ်နေ့မှာ ရသဟာ ကိုယ့်ထံပါးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝပ်စင်းရမယ်လို့ ကြွေးကြော်ထားပြီး လတ်တလောမှာ ဘာမှ မစွမ်းဆောင်နိုင်တာမို့ ညိုချောရဲ့စကားလုံးတွေအောက်မှာ နေ့စဉ်နှင့်အမျှ အရှက်ရလျက်ရှိသည်။

သို့သော် ကျော့ရှင်းက အရှုံးပေးဖို့တော့ စိတ်ကူးမရှိချေ။

ရသ ညိုချောဆီလာတိုင်း ကျော့ရှင်းက အလှဆုံးပြင်က အရောင်ပြမိဆဲ။ ရသဟာလည်း ယောကျ်ားပဲမို့ မြင်ပါများတော့ ယိုင်လာမှာပဲဟုသာ ကျော့ရှင်းက တွက်ဆထားသည်။

ခုလောလောဆယ်မှာ ကျော့ရှင်းစိတ်ကို ရသကသာ ကြီးစိုးလျက်ရှိသည်။ သမိန့်ကိုတောင် ကျော့ရှင်းက စိတ်မဝင်စား။ ရသရဲ့ စိတ်ဝင်စားမှုကိုသာ လိုချင်စိတ်စောနေသည်။

တစ်နေ့တော့ အဆောင်နားက လူရှင်းသော လမ်းသွယ်ကလေးထက်မှာ ရသနှင့်ဆုံလေသည်။ ရသတစ်ယောက်တည်း လျှောက်လာတာကို မြင်သောအခါ ကျော့ရှင်းက မတ်မတ်ကြော့ကြော့ လျှောက်လာသော ကိုယ်ဟန်ကို ဖျော့တော့နုံးချိနေသော ပုံစံမျိုးသို့ ချက်ချင်းပြောင်းပစ်လိုက်ပြီး ခေါင်းကို လက်နှင့် ဖိလိုက်လေသည်။

"အား...မူးလိုက်တာ"

ကျော့ရှင်းက ရသ မြင်သာနေရာမှာရပ်ကာ ခုဗဲ





လဲတော့မည့်ပုံမျိုး ဖမ်းထားလိုက်သည်။ ရသလာပြီး ဖေးမပစေသေး။ ပြီးတော့ ကျော့ရှင်းကို အဆောင်ထိပွေ့ချီပြီး လိုက်ပို့ပါစေ။ အဆောင်က လူတွေအားလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကြပြီး ညိုချောမျက်နှာလေး ဆီးစေ့လောက်သာ ရှိပါစေ။

ဟော...သူ ကျော့ရှင်းဆီကိုတော့ ပြေးလာနေပြီ။

ကျော့ရှင်းက လဲကျတော့မတတ် ယိမ်းယိုင်ပြလိုက်ပြန်သည်။

"ကျော့ရှင်း ခင်ဗျား ဘာဖြစ်တာလဲ၊ တကယ်ဖြစ်နေတာလား"

"အို...တကယ်...တကယ်ပေါ့၊ အရမ်းမူးတာပဲ"

ရသ ဘာလုပ်ရမှန်းမသိ ဝေခွဲမရ ဖြစ်နေတာကို ကျော့ရှင်းက မှေးစင်းထားသော မျက်လုံးလေးတွေအောက်မှ ခိုးကြည့်မိသည်။

သေချာတာက သူ မကြာခင် ကျော့ရှင်းကို ပွေ့ချီခေါ်သွားရတော့မည်။

ကျော့ရှင်းက သေချာမှုတစ်ခုဖြင့် မျက်လုံးကို မှိတ်ပစ်မိဆဲ အသံတစ်သံက ကျယ်လောင်စွာ ပေါ်လာသည်။

"ဖယ်...ဖယ်...ရသ၊ ငါက နင့်ထက် ဗလကောင်းတယ်၊ သူ့လောက်တော့ အသာကလေး ချီနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကျော့ရှင်းခန္ဓာကိုယ်က ရင်ခွင်အိ
ကြီးထဲ နစ်ဝင်သွားသည်။ ကျော့ရှင်းက အလန့်တကြား မျက်လုံ
ဖွင့်ကြည့်တော့ ကျော့ရှင်းကို ရင်ခွင်ထဲပွေ့ကာ ပြုံးပြုံးကြီး ခေါင်
ငုံ့ကြည့်နေသော ဖက်တီးမကြီး ဖွေးဖွေးဥကို တွေ့ရလေသည်

"နင်...နင်...ဒါ ဘာလုပ်..."

"ကူညီတာလေ...နင် လဲကျသွားမှာစိုးလို့ ကူညီတာပေ
ဟယ်...နိုင်မယ်ထင်လို့ ချီမိတာ၊ သူ့ကိုယ်လုံးကြီးက
အလေးကြီးပဲတော့်၊ မနိုင်တော့ဘူး"

ဖွေးဖွေးဥက ထိုသို့အော်ကာ ခါးကိုတဖြည်းဖြည်
ကုန်းချလိုက်ပြီး ကျော့ရှင်းခန္ဓာကိုယ်ကို လွှတ်ချလိုက်ပြန်သည်

"အမလေး...သေပါပြီ"

ကျော့ရှင်းသည် ညည်းညူရင်းကပင် ပညာပြခံလိုက်
ရသောအဖြစ်ကို သိလိုက်သည်။ နေနှင့်ဦးပေါ့ ဖက်တီးမ။

"နာသွားလားဟင်...နာသွားလားဟင်"

ဖွေးဖွေးဥက သူ့ပေါင် တစ်ခြမ်းဖြင့် ကျော့ရှင်
ကိုယ်ပေါ် ဖိကာ ထိုင်ချလိုက်ပြန်သည်။

"အမလေး...အရိုးကျိုးပါပြီ"

"အို...ဆောရီး...ဆောရီး"

ဖွေးဖွေးဥက ဖယ်ပေးလိုက်တော့ မယ်လှနှင့် မိပန်





ကျော့ရှင်းရဲ့ ခေါင်းက တစ်ဖက်၊ ခြေကတစ်ဖက် ဝင်မပြန်
...

"ငါတို့ မသွားမယ်...ငါတို့ မသွားမယ်"

"ဖယ်...လွှတ်...လွှတ်"

ကျော့ရှင်းသည် သူတို့ အုပ်စုကို လန့်လာကာ
တင်းရုန်းကန်ထရပ်လိုက်ပြီး အဆောင်ဘက်သို့ ချာခနဲလှည့်ပြေး
ခဲ့မိသည်။ ဒါတောင်မှ ဖွေးဖွေးဥတို့အသံက ပျံ့လွင့်လာသည်။

"ဟယ်...သူ မမူးတော့ဘူးတော့်"

♥ ♥ ♥

"တွေ့လား...အဲဒါ မာယာ...မာယာ၊ ငါတို့က နင့်ကို
ထောင်ချောက်ထဲကျမှာစိုးလို့ အကာအကွယ် ပေးတာ၊
အချိန်မီကလေး ရောက်လာလို့ တော်ပါသေးရဲ့"

ဖွေးဥက ပြောတော့ ရသက ပြုံးစိစိနှင့် ခေါင်းကုတ်
ါသည်။ သူ့ရဲ့ သူငယ်ချင်းမကလေးတွေဟာ သူ့ကို ကျော့ရှင်း
မှ ကာကွယ်ပေးဖို့ အဆင်သင့်ရှိနေကြသည်။

ကျော့ရှင်းကရော ဘာကြောင့် ဒီလိုလုပ်နေပါလိမ့်။
စ်ခါတစ်ခါတော့ ကျော့ရှင်း လုပ်ပုံတွေက ရယ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခေတ်နောက်ကျကျန်ခဲ့ပြီဖြစ်သော အချစ်ဝတ္ထုတချို့ထဲ
ဇာတ်ကွက်တွေနှင့်လည်း တူသည်။

တစ်ခါတစ်ခါမှာ ကျော့ရှင်းကို အံ့သြစိတ်၊ အခြ
ကတ်စိတ်များနှင့် သတိရတတ်ပြီး ညိုချောအကြောင်းတွေးမိလျှ
တော့ ကရုဏာသက်မိကာ ဖွေးဥတို့ကတော့ သူ့ကို ရယ်မေ
ခြင်းတွေ လက်ဆောင်ပေးတတ်သည်။

"ဖွေးဥရာ နင်က အရမ်းကြီးပဲ"

"ဘာကိုလဲ"

"မကျော့ရှင်းကို လွှတ်ချလိုက်တာလေ၊ အဆင်မသ
ရင် အရိုးတွေ ဘာတွေ ကျိုးသွားတတ်တယ်"

"သူ ပညာပြလို့ ပြန်ပြရတာပဲ ရသရဲ့၊ နင်နော် ကျော့ရှင်
ဆီ ယိုင်နေပြီလား"

"မယိုင်ပါဘူးဟာ၊ ဘယ်သူ့ဘက်ကပဲဖြစ်ဖြစ် အလွ
အကျွံတွေ မဖြစ်စေချင်တာတစ်ခုပါပဲ"

အနားသို့ရောက်လာကာ ဖြစ်ပျက်ပုံအလုံးစုံကို မြင်
တွေ့လိုက်ရသော ညိုချောကတော့ ရသကို မျက်တောင်မခတ်
တမ်း အကဲခတ်နေမိသည်။ ရသ စိတ်ထဲဘာရှိသလဲသိချင်လို့ပင်

ခုချိန်မှာ ကျော့ရှင်းကို အနိုင်ရနေပေမယ့် တချိန်
ချိန်မှာ ရှုံးသွားမှာကို ညိုချော ကြောက်မိလေသည်။

ပုညခင် စာအုပ်တိုက်



ရသက ညိုချောရဲ့မျက်ဝန်းကလေးတွေကို သတိ
ထားမိကာ...

"ကဲ...ညိုချော တစ်ယောက်ကလည်း ငါ့ကို သက်ာမကင်း
သလို ကြည့်နေပြန်ပြီ၊ စိတ်ချစမ်းပါဟာ၊ ငါ သူ့ကို
နင်တို့ထက်ပိုပြီး ဘယ်တော့မှ မခင်ပါဘူး"

ဟု ပြောရင်း ညိုချော ပခုံးကလေးကို အမှတ်တမဲ့
ဖွဖွပုတ်ပေးလိုက်မိသည်။

❀ ❀ ❀

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com





## (၈)

ညိုချောရဲ့ဘဝသည် ကျော်ရသကြောင့်ပင် ဝံ့ကြွား တောက်ပလာသည်ဟု ထင်ရလေသည်။

ထိုသို့ထင်မိသော အဖြစ်အပျက်များကို ရသက ဖန်တီးပေးခဲ့သည်။

တစ်ခုသော ညခင်းမှာ ညိုချောတို့ အဆောင်ရှေ့သို့ ဂစ်တာတီးသည့် အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာသည်။

လမ်းမီးတိုင် မှုန်ဝါးဝါးအောက်မှာမို့ ပထမတော့ ဘယ်သူဘယ်ဝါမှန်း မသိရချေ။

အဆောင်သူတချို့ကလည်း ပြတင်းမှ သွားချောင်း ကြည့်ကာ စိတ်ဝင်တစား ဝေဖန်ချက်တွေ ပေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရင်လာနေကျအဖွဲ့တော့ မဟုတ်ဘူးထင်တယ်"

"ဟိုတစ်ယောက်ကို ကြည့်စမ်း၊ ပုံစံက အရမ်းမိုက်တယ်"

"သိပ်သဲသဲကွဲကွဲ မမြင်ရလို့ နေမှာပါဟယ်"

"ဩော်...နည်းနည်း မှန်းကြည့်လို့တော့ ရပါတယ်ဟဲ့"

"ထုံးစံအတိုင်း ကျော့ရှင်းကို အထူးပြုပြီးဆိုမယ့်သီချင်းတွေပဲဖြစ်မှာပေါ့"

ဂစ်တာကြိုးညှိသံသဲ့သဲ့ကို စ,ကြားရသည်။

ကျော့ရှင်းက ဂုဏ်ယူပြုံးလေးဖြင့် ပြတင်းတံခါးကို လှပ်သည်။ ညိုချောကတော့ ကိုယ်နဲ့မဆိုင်သလို အိပ်ရာထက်မှာသာ လှဲနေမိသည်။ ရသကလည်း ဂစ်တာတီးမယ်လို့ ပုံပြောသွားပြီး ခုထိမလာသေးတာမို့ ရသကိုသတိရကာ ဝမ်းနည်းသလိုကြီး ခံစားလာရသည်။

ထိုခဏမှာ အဆောင်ရှေ့ဆီကအသံကိုကြားလိုက်ရတာဖြစ်သည်။

"အခုချိန်ကစပြီး ကျွန်တော်တို့အဖွဲ့က ညိုချောအတွက်သီချင်းများကို စတင်ဖျော်ဖြေပါတော့မယ် ခင်ဗျာ"

"ဟယ်"

အားလုံးရဲ့ ပါးစပ်ဖျားက 'ဟယ်' ဟူသောအသံတွေ စုပေါင်းကာ ထွက်ပေါ်လာပါသည်။





ညိုချောက ရုတ်တရက်မို့ ကြောင်နေဆဲ ယမင်းက ညိုချောပခုံးကို လာဆွဲလှုပ်ကာ...

"ဟဲ့...ညိုချော...ညိုချော ကြားလား၊ နင့်အတွက် သီချင်းဆိုမှာတဲ့၊ ထ...ထ၊ ကျော်ရသလည်း ပါတယ် သိလား"

ညိုချောက ဖျတ်ခနဲထိုင်ရင်း ပြတင်းဝဆီ မရဲတရဲ လှမ်းသွားမိသည်။

အို...ဂစ်တာလေးကို ဖွဖွလေး ပိုက်ပြီး အဆောင်ပြတင်းဆီ လှမ်းကြည့်ပြုံးပြနေတဲ့ လူငယ်လေးဟာ အင်မတန်စိတ်ထားကောင်းပြီး အားနည်းသူကို စာနာငဲ့ညှာတတ်တဲ့ ကျော်ရသပဲပေါ့

*"အို...သူသိအောင် ပြောဖို့ရန်ခက်တယ်...*
*မမြင်ချင်ပါ မျက်ရည်တွေ...ပြောဖို့ခက်တယ်...*
*ဝေးရမယ့်အဖြစ်ကို သူမသိစေချင်..."*

ရသအသံအေးအေးလေးက ညင်သာစွာ လွင့်လာသည်။

*"ကိုယ်ရယ် မင်းရယ် မနီးစပ်နိုင်တဲ့ကမ္ဘာ...*
*အို...သူ နားလည်အောင် ကိုယ်ဘယ်လိုပြောမလဲ...*
*အဆုံးသတ်ကို မသိစေချင်...ကိုယ့်အဖြစ်ကို မသိစေချင်ခက်ပါတယ်..."*



www.burmeseclassic.com

www.burmeseclassic.com



*သူ ပျော်နိုင်ပါစေ…ကိုယ်နာကျင်နေလည်းပဲ…*
*သူ ပျော်နိုင်ပါစေ…”*

သီချင်းသံက အဆောင်တစ်ခုလုံးကို တိတ်ဆိတ်သွားစေသည်။

“ဒီညတော့ ညိုချောညပဲ”

ယမင်းက တိုးတိုးလေး ရေရွတ်လိုက်သည်။

ညိုချောက ရသဆီလှမ်းမျှော်ငေးရင်း စိတ်နှလုံး တုန်လှုပ်စွာ မျက်ရည်ကျလေသည်။

ရသရယ်…ရှင် ကျွန်မအပေါ် ဒီလောက် မကောင်းပါနဲ့၊ ကျွန်မစိတ်တွေ မထိန်းနိုင်အောင် ယိမ်းယိုင်သွားမှာစိုးလို့ပါ။

*“အို…မျက်ဝန်းရယ်…နှလုံးသားသိနားလည်…*
*ကံကြမ္မာကို အပြစ်မတင်ချင်…၊*
*နာကျင်သူ ကိုယ်ပဲဖြစ်ချင်…၊*
*မင်းနားလည်မှုနဲ့ ကိုယ့်ရဲ့အိပ်မက်အပြင်ကို*
*သွားပါကွယ်…”*

အဲဒီအသံကို အမြဲကြားခွင့်ဆိုတာ ဘယ်တော့မှ မရနိုင်မှန်း ကျွန်မသိပါတယ် ရသရယ်၊ ရှင့်ရဲ့ရိုးသားမှုတွေကို ကျွန်မမြင်ရတယ်၊ ကျွန်မရဲ့ မရိုးသားမှုတွေကို ဖုံးကွယ်ထားပါရစေ။ ရှင့်ဆီက ကရုဏာနဲ့ ပေးသမျှကိုပဲ ရောင့်ရဲပါရစေ…။





ညိုချောသည် တိတ်တိတ်လေး ကျိတ်ရှိုက်ရင်းတပင် နံဘေးဆီမှ မှန်ကို ငုံ့ကြည့်မိလေသည်။

မှန်ထဲမှာတော့ ရယ်စရာ သနားစရာ မိန်းကလေးက ညိုချောကို စိုက်ကြည့်နေခဲ့သည်။ သွားကလေးကလည်း ခေါလို့။ အသားကလေးကလည်း မည်းလို့။ နှာခေါင်းကလေးကလည်း ပြားလို့။

ဒီရုပ်ရည်နဲ့ ရသ နံဘေးမှာ ဘယ်လိုယှဉ်တွဲရမလဲ ဟင်…။

ရသကရော ဘယ်လို ချစ်နိုင်မှာတဲ့လဲဟင်…။

*“သူ…ပျော်နိုင်ပါစေ…*
*ကိုယ်နာကျင်နေလည်းပဲ…*
*သူပျော်နိုင်ပါစေ…”*

ရှင် နာကျင်ရင်တော့ ကျွန်မ ဘယ်ပျော်ပါ့မလဲ ရသရယ်…။

ကိုယ့်ကို ရည်ညွှန်းတာ မဟုတ်မှန်း သိပေမယ့် ညိုချောက တိုးတိုးရှိုက်ရင်း ပြောမိသည်။

“အခုတစ်ခါ ညိုချော အတွက် ကျွန်တော်တို့ အဖွဲ့က ‘နွယ်ပင်’ ဆိုတဲ့ သီချင်းလေးနဲ့ ဖျော်ဖြေပါဦးမယ် ခင်ဗျာ”

ရသဟာ ညိုချော မျက်နှာငယ်ရသမျှကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် အားပေးဖေးမချင်နေသလဲမသိ။ သူတို့အဖွဲ့ကလည်း အစွမ်းကုန် သီဆိုနေသည်။

*"မေတ္တာရှိပါတယ်...ဒါပေမယ့် တစ်ဖက်က မပြတ်နိုင်တော့*
*အရုပ်မလေးကို ကြင်နာစွာနဲ့ ချစ်မိနေတယ်...*
*ငါသတိရပါတယ်...*
*ငါ့ကိုသိရဲ့လား...ချစ်ရလွန်းတဲ့ အရုပ်ကလေးရေ...*
*နှယ်ပင်ရေ...ငါချစ်တယ်...ရင်နာလည်း ချစ်ဦးမယ်"*

သီချင်းတွေကို နားထောင်ရင်း ပျော်ရွှင်ဂုဏ်တက်ရမည့်အစား ညိုချောရင်ထဲမှာ ရင်နာကွဲအက်လာပါသည်။ မပေးဆပ်ပါနဲ့တော့။ ရှင့်ဆီက ဘာမှ မလိုချင်တော့ဘူး။

ညိုချောက ဖျတ်ခနဲ ထရပ်ကာ မျက်ရည်တွေကို သုတ်ရင်း အဆောင်ရှေ့သို့ တရွေ့ရွေ့ထွက်လာခဲ့မိပါသည်။

လရောင်နဲ့ မီးရောင်ကြားမှာ ရသရဲ့ ကြည်လင်သော မျက်နှာကို လှမ်းမြင်ရသည့်အထိ ရှေ့သို့လျှောက်လာပြီး အဆောင်ဝမှာ ရပ်လိုက်သည်။

ရသက ညိုချောကို လှမ်းမြင်သွားကာ လက်လှမ်းပြလိုက်ပြီး ညိုချောဆီ လျှောက်လာသည်။

"ဟိတ်...ညိုချော ဘယ်လိုလဲ...အိုကေတယ်မဟုတ်လား၊ ငါ ဟိုကောင်တွေကို နင်ကြိုက်တဲ့ အယ်လ်လွန်းဝါ သီချင်း





တွေပါ ဆိုခိုင်းထားတာဟ၊ ဒီကောင်တွေအုပ်စုက သူတို့ ရပ်ကွက်ထဲမှာတော့ တကယ့်စူပါတွေ၊ ငါ သူတို့ကို စည်းရုံးလာတာ ပိုင်တယ်မဟုတ်လား၊ ဟဲ...ဟဲ မနက်ဖြန်ကျရင်တော့ လက်ဖက်ရည် တိုက်ရမှာပေါ့ဟာ"

ရသက သဘောကောင်း အူရှင်သော မျက်နှာလေးဖြင့် ပြောသောအခါ ညိုချောက မျက်ရည်ဝဲလာပြန်သည်။ သို့သော် ရသ မမြင်အောင် မျက်တောင်ကို ခပ်မြန်မြန် ခတ်ပစ်ရသည်။ ရသက ညိုချောကို ပျော်ရွှင်စေချင်သည်လေ။ ရသက အဆောင်ဘက်ကို မျက်စပစ်ကာ...

"ဘယ့်နှယ်လဲ...နင့်အဆောင်က ကောင်မလေးတွေကတော့ နင့်အစွမ်းကို ဖျားသွားပြီ မဟုတ်လား"

"အေး...အေးပေါ့၊ သူတို့ အရမ်းအံ့သြနေကြတာ"

"နင် မျက်နှာ မငယ်တော့ဘူး မဟုတ်လား"

"အေး...မငယ်တော့ဘူး"

"နင် ဂုဏ်တက်သွားတယ် မဟုတ်လား"

"တက်တာပေါ့"

"အရမ်းပျော်လား"

"အေး...အရမ်းပျော်တယ်"

"ငါဆိုတဲ့ သီချင်းကရော ကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းကောင်းတယ်"

"အေး...ခုမှစိတ်ထဲ ပေါ့သွားတယ်ဟာ၊ အဲဒီလိုမှ ဖြစ်ပါ့မလားလို့၊ ခုတော့ ငါကြိုးစားရကျိုး နပ်ပြီပေါ့"

"ရှင်...ရှင့်ကို ကျွန်မ အရမ်းကျေးဇူးတင်တယ် ရသရယ်"

"ဟာ...ဒါတွေ ပြောမနေပါနဲ့ဟာ၊ မလိုပါဘူး၊ ငါက ငါ့သူငယ်ချင်းကို လုံးဝမျက်နှာမငယ်စေချင်တာဟ၊ ရုပ်ကလေး လှရုံနဲ့ မာန်တက်နေတဲ့ဟာတွေက နှိမ်ရင်လည်း လုံးဝ မခံနိုင်ဘူး"

"ရသရယ်...ကျွန်မ...ကျွန်မ အရမ်းငိုချင်လာပြီ၊ ထိန်းထားတာ မရတော့ဘူး...ငိုလိုက်တော့မယ်...အီး..."

"ဟ...ဟ...ဘယ်လိုဖြစ်ရတာလဲ"

ညိုချောသည် ရသရဲ့ သဘောကောင်းဖြူစင်လှသော ပုံစံလေးကိုကြည့်ရင်း ငိုချင်စိတ်ကို ထိန်းမရတော့တာမို့ အီးခနဲ ငိုချလိုက်မိပါသည်။

"ကျွန်မလေ...အရမ်း ဝမ်းသာလွန်းလို့ပါ ရသရယ်၊ ကျွန်မကို ဘယ်သူကမှ ဒီလိုမျိုး လုပ်မပေးခဲ့ဖူးဘူး သိလား၊ ဒီအရွယ်ထိ ဘယ်ယောကျ်ားလေးကမှ ခုလိုမျိုး ဂရုမစိုက်ခဲ့ဖူးဘူး၊ ကျွန်မ စိတ်ထဲမှာ ဝမ်းသာပြီးတော့ အရမ်းလည်း ဝမ်းနည်းတယ် သိလား"





"ဟာ...ဝမ်းမနည်းပါနဲ့ညိုချောရယ်၊ ဘဝဆိုတာ ဝမ်းနည်းစရာတွေးမိရင် အမြန်မေ့ပစ်ပြီး ပျော်စရာတွေ့ရင် ရင်ထဲမှာ မှတ်ထားရတာဟ၊ ဒါမှ လူဖြစ်ရတာ စိတ်ချမ်းသာစရာကောင်းမှာပေါ့၊ တိတ်တော့...တိတ်တော့၊ ငိုမနေနဲ့၊ နင့်အခန်းနင်အေးအေးဆေးဆေးပြန်ပြီး သီချင်းနားထောင်တော့၊ ဟုတ်ပြီလား"

ရသက ညိုချောကိုနှစ်သိမ့်သည့်အခါ ပြုံးမူနေကျ အကျင့်ကလေးအတိုင်း ညိုချောရဲ့ဘယ်ဘက်ပခုံးကို သူ့ညာလက်ဖြင့် ဖွဖွပုတ်ပေးလိုက်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



❦ ❦ ❦

တကယ်တော့ အဲဒီညမှာ ကျော်ရသက ဖွဖွပုတ်ပေးခဲ့တာဟာ ညိုချောရဲ့ပခုံးတစ်ဖက်သာမဟုတ်။ မေကျော့ရှင်းရဲ့ နှလုံးသားကိုပါ ပုတ်နှိုးသွားခဲ့တာ ဖြစ်သည်။

အဲဒီညမှာပဲ မေကျော့ရှင်းသည် ညိုချောဆိုသော ကိုယ်နဲ့မယှဉ်သာသည့် မိန်းကလေးတစ်ယောက်ရဲ့ ကံကောင်းမှုကို ပထမဦးဆုံး မနာလို ဖြစ်မိသွားသည်။

အဲဒီညမှာပဲ ကျော်ရသရဲ့ စိတ်ရင်းစေတနာကို ခံစားမိသွားသည်။

အဲဒီညမှာပဲ ယောကျ်ားတကာကို အရှုံးလုပ် ခိုင်းစေခဲ့မိသည့် ကိုယ့်ကိုယ်ကို ပြန်ရှက်သွားလေသည်။

ကျော့ရှင်းသည် ညိုချောနဲ့ ကျော်ရသရဲ့ တစ်ဦးကိုတစ်ဦး စာနာစွာ နွေးထွေးလှသော ပုံရိပ်နှစ်ခုကို လှမ်းမျှော်





ငေးကြည့်နေရာမှ ခန်းဆီးစကလေးကို ခပ်တင်းတင်းဆွဲကိုင် ဆုပ်ခြေနေမိသည်။ စိတ်လှုပ်ရှားစွာခုန်နေသော နှလုံးသားရဲ့ အသံကို ကိုယ့်ဘာသာ ပြန်ကြားနေရသည်။

ကျော်ရသဟာ ညိုချောကို ချစ်သူလို မချစ်ပါဘူး ဆိုတာကိုတော့ ကိုယ့်ဘာသာ သေချာနေသည်။ ဒါဟာ မျက်နှာငယ်လှတဲ့ ညိုချောရဲ့ဘဝကို ကူညီဖေးမခြင်းပဲ ဆိုတာကိုလည်း နားလည်နေသည်။ ပြီးတော့ ကျော့ရှင်းကို အမြင်ကတ်တာလည်း ပါကောင်းပါမယ်ပေါ့။

ကျော်ရသဟာ သူ့သူငယ်ချင်းတွေကို ကျော့ရှင်းက အနိုင်ယူခိုင်းစေတိုင်း နောက်ကွယ်ကနေ မကျေမနပ်ဖြစ်နေတတ်သူ ဖြစ်ကြောင်း ကျော့ရှင်းက သိထားခဲ့ပါသည်။ သူ အဲဒီလို မကျေမနပ်ဖြစ်လေ ကျော့ရှင်းက ပိုခိုင်းမိလေပင်။ ဘာကြောင့် သူ့ စိတ်ကို ဆွချင်နေမှန်း၊ သူ့ရဲ့ဥပေက္ခာကိုမှ မခံချင်ဖြစ်မိနေမှန်း ကျော့ရှင်းလည်း မသိချေ။

ဟော်...ညိုချောက အဆောင်ဘက်ကို ပြန်လျှောက်လာနေပြီ။ ကျော်ရသက ညိုချောကို လက်ပြနှုတ်ဆက်နေသည်။

ကျော့ရှင်းက မှန်ရိုးတဝါးမြင်နေရသော ကျော်ရသကို လှမ်းငေးကြည့်နေမိဆဲ...ညိုချောရဲ့ခြေသံကို ကြားရသည်။

ကျော့ရှင်းက မီးမှိတ်လိုက်ပြီး အိပ်ရာထက်မှာ အသာအယာ လဲလျောင်းနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုချောက အခန်းထဲ ပြန်ဝင်လာပြီး တိတ်ဆိတ်စွာပင် ပြတင်းဝမှာ ရပ်လိုက်သည်။ ကျော့ရှင်း ခိုးကြည့်မိတော့ ညိုချော မျက်ရည်သုတ်နေတာကို မြင်ရသည်။ သို့သော် မီးရောင်ဖျော့လေးအောက်မှာပင် ညိုချောရဲ့မျက်ဝန်းလေးတွေက တလက်လက် တောက်ပနေတာကို တွေ့ရပါသည်။ အဲဒါ ဘဝကို ကျေနပ်သော မျက်လုံးတွေလေ။

အရင်တုန်းကဆို ဒီလို ဂစ်တာသံကြားရတတ်သော ညတွေမှာ ညိုချောက အိပ်ရာထက်မှာ စောင်တင်းတင်းခြုံကာ ငြိမ်သက်နေတတ်သည်။ သူတစ်ယောက်တည်း ပြတင်းဝမှာ ရပ်ကျန်နေမိချိန်မှာ ဖယ်ခွာသွားကြသော၊ ဆိတ်သုဉ်းသွားတတ်သော ဂစ်တာသံက သူမကို အမြဲသိမ်ငယ်စေသည်။ ခုတော့ ကျော်ရှသရဲ့ ဂစ်တာသံက သူမစိတ်ကို အမြင့်ဆီဆွဲတင်ပေးလိုက်နိုင်သည်။ ရှင် တော်ပါပေတယ် ကျော်ရှသရယ်…။

ခဏကြာတော့ ဂစ်တာသံတွေ တိတ်ဆိတ်သွားသည်။

"ညိုချောရေ…ငါတို့ပြန်ပြီဟေ့"

ကျော်ရှသရဲ့ နှုတ်ဆက်သံသဲ့သဲ့ကို ကြားရသည်။ အဲဒီနောက် ညိုချောက ညင်သာတိတ်ဆိတ်စွာ အိပ်ရာဝင်ခဲ့လေသည်။





ခဏအကြာမှာ ညိုချောထံမှ အသက်ရှူသံ မှန်မှန် ကြားရသည်။

ကျော့ရှင်းက မီးခလုတ်ကို လှမ်းနှိပ်လိုက်သည်။

မီးရောင်အောက်မှာ ညိုချောရဲ့ မလှပေမယ့် ငြိမ်းချမ်းကြည်လင်နေသော မျက်နှာလေးကို တွေ့ရသည်။ အိပ်ပျော်နေတာတောင် သူမမျက်နှာပေါ်မှာ စိတ်ကျေနပ်ခြင်းရဲ့ အရိပ်အငွေ့ကို မြင်နိုင်သည်။

အဲဒီ ညမှာ တကယ်တမ်း အိပ်မပျော်နိုင်ခဲ့သူက မကျော့ရှင်းသာ ဖြစ်လေသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





## (၉)

ခုတော့ ကျော့ရှင်းသည် ကျော်ရသနဲ့ ညီချောတို့ အုပ်စုကို တိတ်တိတ်ကလေး အားကျမိကာ မသိမသာ လိုက်လံချောင်းမြောင်း ငေးမောတတ်လာပြီ။

သူတို့အုပ်စုဆီမှာ ကျော့ရှင်း မရနိုင်သည့် အရာတွေ ရှိသည်။

ကျော့ရှင်းက ကိုယ့်ကို ပိုးပန်းနေသည့် ယောကျ်ားလေးတွေကို အမြဲဆွဲဆောင်ထားနိုင်ဖို့အတွက် ဟန်ဆောင်ပြုံးလှလှကလေး ပြုံးနေရချိန်တွင် သူတို့အုပ်စုက ဝါးလုံးကွဲအော်ရယ်ရင်း ချောင်းတဟွတ်ဟွတ်ဆိုးနေလည်း အဲဒါကိုပဲ ရယ်ပွဲဖွဲ့ကာ ထပ်ခါထပ်ခါ ရယ်မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ကျော့ရှင်းအလှကို မက်မောတွယ်ငြိစိတ်၊ ပိုင်ဆိုင်လိုစိတ်ဖြင့် ယောကျ်ားတွေက သူတို့မှာရှိသော ရုပ်ရည်၊ ငွေကြေး၊ အစွမ်းအစတို့ဖြင့် ဆွဲဆောင်ရင်း ကျော့ရှင်းရဲ့ သမာသမတ် မကျသော ခိုင်းစေအရူးလုပ်မှုတွေကို မာန်စွယ်ကျိုးကျ လိုက်လျောနေချိန်တွင် ကျော်ရသသည် ညီရျောတို့တစ်တွေကို နင်ဟဲ့ ငါဟဲ့ ရင်းနှီးပွင့်လင်းစွာ ပြောဆိုရယ်မောရင်း အားနည်းချက်ကိုယ်စီရှိကြသော ညီရျောတို့ကို နှမကလေးတွေလို နှစ်သိမ့်ပေးနေသည်။ ဟာသတွေပြောကာ ရယ်မောခြင်းတွေ လက်ဆောင်ပေးနေသည်။

တကယ်ဆို ကျော်ရသဟာလည်း ယောကျ်ား တစ်ယောက်ပဲမို့ ပုံမှန်အားဖြင့်တော့ အလှအပအပေါ်မှာ တွယ်ငြိစိတ်ရှိရမည်ပင်။ သို့သော် သူက 'အလှ'ကို 'အဆိပ်' ဟု သတ်မှတ်ရှောင်ရှားကာ သူ့အတွက် သာယာမှုနှင့် အခွင့်အရေး မရနိုင်သော ညီရျောတို့ထံမှာသာ ရိုးသားစွာ ရပ်တည်ပေးနေသည်။ ဘယ်လောက်ချစ်စရာကောင်းလိုက်တဲ့ စိတ်ကလေးလဲဟင် . . .။

ကျော့ရှင်းအနားမှာတော့ ကိုယ့်အပေါ် မရိုးမသားသဘောထားကြသည့် ယောကျ်ားတွေကိုပယ်လိုက်လျှင် ဘယ်သူမှ မရှိချေ။

စကတည်းက ကျော့ရှင်းမှာ မိန်းကလေးသူငယ်ချင်းများများစားစားလည်း မရှိခဲ့။ ညီရျောတစ်ယောက်ကိုသာ နိုင်ချင်





တိုင်းနိုင်၊ ခိုင်းချင်တိုင်းခိုင်းလို့ရပြီး ကိုယ်နဲ့လည်း မယှဉ်သာသူမို့ ပေါင်းဖြစ်ခဲ့တာပင်။

မိန်းကလေးတွေနဲ့ စာလျှင် ယောကျ်ားလေးတွေနဲ့ ပေါင်းရတာက ကိုယ့်အဖို့ အပေါ်စီးကပဲဟု ထင်ခဲ့သည်။ မိန်းကလေးအချင်းချင်းဆိုတာက ညီရျောကလွဲလျှင် နိုင်ချင်တိုင်း နိုင်လို့မရ၊ ခိုင်းချင်တိုင်း ခိုင်းလို့မရ၊ ကိုယ့်အနံ့တာကို ယောကျ်ားလေးတွေလောက်လည်း မခံကြချေ။

ကျော့ရှင်းသည် ကိုယ့်အနားမှာ ဝိုင်းနေကြသော ယောကျ်ားလေးတွေကို ရှောင်နေမိသောအခါ အထီးကျန်လိုဖြစ်လာသည်။ ညီရျောကလည်း ကျော့ရှင်းကို မပေါင်းတော့ဘူးလေ။

တစ်နေ့တော့ ကျော့ရှင်းတစ်ယောက်တည်း သစ်ပင်ရိပ်အောက် ခုံတန်းလေးမှာထိုင်နေဆဲ သစ်ပင်တစ်ပင်ရဲ့ တခြားတစ်ဖက်ဆီက ကျော်ရသရဲ့ အူမြူးရွှင်ပျသော အသံကို ကြားလိုက်ရသည်။ (သူ့အသံဟာ အမြဲတမ်း ပျော်ရွှင်နေသူ တစ်ယောက်ရဲ့ အသံမျိုးဖြစ်သည်။)

"တကယ်တော့ ပန်းသန္တာခင်ဆိုတဲ့ ငါတို့ရဲ့ သူငယ်ချင်းမကလေးက မနုစာရီပဲဟ"

"အံမယ် . . . အံမယ် မတန်မရာတွေ ပြောပြန်ပြီ . . ."

"တကယ်ပြောတာ၊ မင်းသိခ် ဝတ္ထုထဲက မနုစာရီဆို ဘာမှ တော့မှ မအိုဘူး၊ နင်ကလည်း ပုပုနုနုလေးဆိုတော့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကြည့်လိုက်ကြည့်လိုက် ကလေးလေးလိုပဲ ထင်ရတယ်၊ ဘယ်တော့မှ မအိုဘူး ...”

“ဟဲ့ ... သူ့ကျပြောတယ်၊ ငါကရော ... ငါကရော”

အဲ့ဒါက ဝတုတ်မကြီး ဖွေးဖွေးဥရဲ့ အသံဆိုတာ ကျော့ရှင်း သိသည်။

“နင်ကလား ... အင်း ... နင့်ကိုတော့ လူတကာက အထင်ကြီးတဲ့ မျက်လုံးတွေနဲ့ အမြဲ ကြည့်ကြလိမ့်မယ်”

“ဘာဖြစ်လို့လဲ ...”

“နင့်ရဲ့ ချမ်းသာကြွယ်ဝမှုက မြင်သာတာကိုး ...”

“ဟမ် ... ငါနားမလည်ဘူး”

“နင်က နင့်ရဲ့ စားနိုင် သောက်နိုင်မှုကို နင့် ခန္ဓာကိုယ်မှာ ပြထားတာကိုး၊ အဲဒီတော့ လူတကာက နင့်ကိုယ်လုံးကို ကြည့်ပြီး နင် ဘယ်လောက် ချမ်းသာတယ်ဆိုတာ သိပြီပေါ့”

“ရသ ... အစုတ်ပလုတ် လူကိုမြှောက်ပြီးမှ ရိုက်ချတယ်”

“ဩော် ... ကြည့်စမ်း ... မေ့တော့မလို့၊ လှမျိုးမြတ်မြတ်နှယ်အတွက် လက်ဆောင်တစ်ခု ဝယ်လာတယ်ဟ၊ ဟပ်ချလောင်း ... ဒီမှာကြည့်”

ကျော့ရှင်းက ဘာလက်ဆောင်များလဲဟု သိချင်စိတ်စောကာ အသာ့ကလေး နောက်ပြန်ချောင်းကြည့်မိတော့ သူ့လက်





ထဲက တစ်ဖက်ပါး တစ်ဖက်ထူ ကတ္တီပါ ဖိနပ်ကလေးတစ်ရုံကို တွေ့ရလေသည်။

“ရော့ ... နင်က ကဗျာမဆန်ချင်တဲ့ အချိန်တွေကျ စီးဖို့ဖိနပ်၊ ဒီအတိုင်းလေး ကဗျာဆက်ဆန်ချင်နေရင်တော့ မစီးနဲ့ပေါ့ဟာ ...”

သူက ရယ်မောသံဖြင့် ပြောသော်လည်း၊ သူ့ရဲ့ ဂရုစိုက်မှု၊ လေးနက်မှုကို မြင်သာသည်။ ကျော့ရှင်းသည် သူတို့အနီးမှ ခပ်ဖြည်းဖြည်း လျှောက်ထွက်လာခဲ့သည်။ ရယ်သံတွေကိုတော့ ကြားနေရဆဲဖြစ်ပါသည်။

ကျော့ရှင်းက ကျော့ရှင်းနားမှာ ဝိုင်းနေကြသော ယောကျ်ားလေးတွေကို သံသယဝင်မိသော တစ်နေ့မှာ သမိန့်ကို မေးမိပါသည်။

“သမိန် ... ရှင်က ကျွန်မအပေါ် တော်တော် အနွံတာခံတာပဲနော်၊ အဲ့ဒါ ဘာဖြစ်လို့လဲဟင် ...”

“ကျော့ရှင်းကို ချစ်လို့ပေါ့ကွာ ...”

“ဘာဖြစ်လို့ ချစ်တာလဲ ...”

“ကျော့ရှင်းက ချစ်စရာကောင်းတာကိုး၊ ကျော့ရှင်းကို တွေ့လိုက်ရင် ကျော့ရှင်းအကြောင်း တွေးလိုက်ရင် ကိုယ့်စိတ်ထဲမှာအမြဲကြည်နူးရတယ်၊ ကဗျာဆန်ဆန်ပြောရရင် ကျော့ရှင်းအလှက ကိုယ့်ကို ရုန်းထွက်လို့မရအောင် ညှို့ထားတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက မလှရင်ရော ..."

"ကျော့ရှင်းက အမြဲလှနေမှာပဲဟာ ..."

"မဟုတ်ဘူးလေ၊ ကျွန်မက အခု လှပေမယ့် တစ်ချိန်ချိန် ကျရင် ကံမကောင်း အကြောင်းမလှလို့ပဲဖြစ်ဖြစ် အက်ဆစ် ခွင့်တွေ ဘာတွေဖြစ်ပြီး မျက်နှာကို ထိသွားရင်၊ ခြေတွေ လက်တွေ ကျိုးပဲ့သွားရင် သမိန်က ကျွန်မကို ချစ်နိုင်ဦး မှာလား"

"ဟာ ... ဖွဟဲ့ လွဲပါ ဖယ်ပါစေ၊ မဦးမချွတ်တွေ မပြော စမ်းပါနဲ့ ကျော့ရှင်းရာ ..."

"ကျွန်မ မေးတာကိုပဲ ဖြေစမ်းပါ သမိန်ရဲ့၊ ကျွန်မက မလှရင်ရော ရှင်က ချစ်ဦးမှာလား ..."

"အင်း ... ချစ်မှာပါ၊ ကျော့ရှင်းကို ကိုယ် သိပ်ချစ်တာပဲ ဟာ"

"ရှင့်ကို တစ်ခုလောက် မေးချင်တယ်"

"မေးလေ ... ကျော့ရှင်း ..."

"ရှင် ညိုချော့ကို သိတယ်မဟုတ်လား"

"သိသားပဲ၊ ဟို ... သွားခေါခေါ၊ အသားမည်းမည်းနဲ့ ရုပ် ဆိုးမကလေးကို ပြောတာမဟုတ်လား၊ နာမည်နဲ့ လူနဲ့ တခြားစီဖြစ်နေလို့ ကိုယ်တို့ သူငယ်ချင်းတွေတောင် ပြော ပြီး ရယ်ကြရသေးတယ်"





"အဲဒီလို ရယ်ကြတဲ့ အထဲမှာ ကျော်ရသတော့ မပါဘူး မဟုတ်လား"

"ဘယ်ပါမလဲ ... ဒီကောင်နဲ့ ညိုချော့က ဘော်ဒါတွေ၊ အရမ်းခင်ကြတာ"

"ရှင် ညိုချော့ကိုရော မကြိုက်ဘူးလားဟင်"

"ဟာ ... တောက်တီး တောက်တဲ့ ပေါက်ပေါက်ရှာရှာ၊ ဘာလို့ ကြိုက်ရမှာလဲ"

"ဘာဖြစ်လို့ မကြိုက်တာလဲ"

"ဒီလောက် ရုပ်ဆိုးကြီးကို ..."

"ရှင့်သူငယ်ချင်းတွေကရော တစ်ယောက်မှမကြိုက်ဘူးလား"

"ကြိုက်စရာလား ကျော့ရှင်းရဲ့၊ ဘယ်သူမဆို ကိုယ့်ချစ်သူ ရဲ့ မျက်နှာလှလှကလေးကိုပဲ ကြည်ကြည်နူးနူး ငေးကြည့် ချင်ကြတာပေါ့၊ မှောင်ထဲမှာ ရင်ဆိုင်တွေ့ရင် သရဲလို့ လန့်အော်မိနိုင်တဲ့ ရုပ်မျိုးကို ဘယ်သူက ကြည့်ချင်မလဲ"

"ညိုချော့က ရှင်ပြောသလောက်ကြီးလည်း ရုပ်မဆိုးပါဘူး သမိန်ရယ်၊ သူက မပြင်တတ် မဆင်တတ်တာလည်း ပါပါတယ်၊ ပြီးတော့ နေပူထဲ ထီးမဆောင်းဘဲ လျှောက် သွားပြီး အသားအရေ ထိန်းသိမ်းမှုတွေ ဘာတွေ မရှိတော့ နဂိုထက်ပိုမည်းသလို ထင်ရတာပေါ့၊ သွားခေါတာကလည်း နှစ်ချောင်းတည်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ နှစ်ချောင်းက ပိုဆိုးနေတာ၊ ဟာ ... တော်ပါပြီ ကျော့ရှင်းရာ၊ ညိုချောအကြောင်းတွေချည်းပဲ ဘာလို့ ထိုင်ပြောနေရတာလဲ ...

"သမိန်က ညိုချောဆို သိပ်ခါးသည်းတာပဲနော်၊ သမိန့်သူငယ်ချင်း ကျော်ရသကျတော့ အဲဒီလိုမဟုတ်ဘူး"

"သူလည်း ညိုချောကို သူငယ်ချင်းလိုသာ ခင်နိုင်မှာပေါ့၊ ရည်းစားတော်ဖို့တော့ ဘယ်စိတ်ကူးမှာလဲ ..."

"ကျွန်မသာ ညိုချောလို ရုပ်ဆိုးရင် ရှင်ရော တခြားယောကျာ်းလေးတွေအားလုံးရော ကျွန်မနားကို ကပ်မှာကို မဟုတ်တော့ဘူးနော် ..."

"ကိုယ်ကတော့ ချစ်မှာပါ၊ ဘယ်လိုဖြစ်ဖြစ် ကျော့ရှင်းကို ချစ်မှာပါ"

ပါးစပ်က ချောအောင်ပြောသော်လည်း သမိန့်မျက်ဝန်းတွေက လိမ်နေသည်ဟု ကျော့ရှင်း ထင်သည်။

သမိန်က ကျော့ရှင်းကို ဘယ်လို အချစ်မျိုးနဲ့ ချစ်သလဲဆိုတာ ကျော့ရှင်းက စောင့်ကြည့်ချင်သည်။

လောလောဆယ်မှာတော့ သမိန့်ကို အကြောင်းပြုပြီး ကျော့ရှင်းရှေ့ကို ရသ ရောက်လာအောင် ဖန်တီးချင်သေးသည်။

❀ ❀ ❀



## (၁၀)

"ဟော့ကောင် ... ရသ ... ထ ... ထ၊ ထစမ်းပါဦးကွာ ..."

"အာ ... ဒီမှာ အိပ်ကောင်းနေတာကို၊ ဘာလဲကွာ သမိန်ရာ ..."

မနက်အစောကြီးမှာ သမိန်က ကျော်ရသကို လှုပ်နှိုးလိုက်တာမို့ ရသက စိတ်တိုသွားရပါသည်။ မနက်အစောကြီးများ ဘယ်တုန်းက ထဖူးလို့လဲ။ ရာဇဝင်ကို မရှိ ...။

"ဟော့ကောင် ... ထစမ်းပါကွ ..."

"ထရအောင် ဘယ်နှနာရီမို့လို့လဲ ..."

"ငါးနာရီ ..."

"ဒီအချိန် ထရိုးထုံးစံမရှိ ..."



www.burmeseclassic.com

www.burmeseclassic.com



ရသက စောင်ခေါင်းမြီးခြုံကာ တစ်ဖက်သို့ လှည့်အိပ်လိုက်ပါသည်။ သမိန် ဒီအချိန်ကြီး ထတာဟာ ထူးဆန်းပေမယ့် ဘာမှ စစ်ပေါက်မေးမနေတော့။ အိပ်ချင်တာပဲ သိသည်။ နောက်မှ မေးတော့မည်။

"ဟေ့ကောင် … ထပါကွာ"

သမိန်က ဖွဲမလျော့ဘဲ ခပ်ကြမ်းကြမ်း လှုပ်နှိုးနေတာမို့ သူပြန်အိပ်လို့ မရတော့ဘဲ စောင်ခြုံကို ဖျတ်ခနဲဖွင့်ကာ …

"ဘာလို့ ထရမှာလဲကွာ၊ ဘာကိစ္စ ထရမှာလဲကွာ …"

ဟု အော်လိုက်သည်။ သမိန်က မျက်နှာငယ်လေးနှင့် သူ့ကိုကြည့်ရင်း …

"ကူညီပါ သူငယ်ချင်းရာ …"

"အစောကြီးမဟုတ်ရင် ကူညီဖို့အသင့်ပဲ၊ ပြော … ဘာကူညီရမလဲ၊ တရေးပြန်အိပ်ပြီးရင် ထကူညီမယ်"

"ခုကူညီမှ ဖြစ်မှာမို့လို့ပါကွာ၊ ကားတွန်းပေးစမ်းပါ၊ ငါ့ကားက ဘက်ထရီ မဝင်ဘူး ဖြစ်နေတယ်၊ တွန်းနှိုးမှရမယ်"

"နေစမ်းပါဦး … မင်းက မနက်မိုးမလင်းသေးဘဲ ဘယ်သွားမလို့ ကြံစည်နေတာလဲ"

"မုန့်ဟင်းခါး သွားဝယ်ရမှာကွ"





"ဘာ …"

"ထပါကွာ … နောက်ကျလို့ မဖြစ်လို့ပါ"

"မင်းဖြင့် မုန့်ဟင်းခါး မစားဘဲနဲ့"

"ကျော့ရှင်း စားဖို့ကွ၊ သူက မုန့်ဟင်းခါး အရမ်းကြိုက်တာ၊ ဒါပေမယ့် မုန့်ဟင်းခါးတိုင်းကို မကြိုက်ဘူး၊ မြောင်းမြ ဒေါ်ချို မုန့်ဟင်းခါးမှ ကြိုက်တာတဲ့၊ သူက် စောစော ထ,တတ်တော့ မနက် ၆ နာရီဆို ဗိုက်ဆာပြီ၊ အဲဒါကြောင့် သူ ဆာမယ့်အချိန်လေး အမီသွားဝယ်ပြီး ပို့ရမှာမို့လို့ပါ"

"ဩော် … ဒီလိုလား၊ ဒီလောက်တောင် သူက မင်းကို နှိပ်စက်သလား၊ အေး … မင်းလုပ်နိုင်ရင်တော့ လုပ်ပေါ့ကွာ၊ မင့်ဘာ့သာ ဝဋ်ခံတဲ့ ကိစ္စမှာ ဘေးလူကိုတော့ အဖျားလာမခတ်နဲ့ပေါ့ ဟုတ်လား"

ရသက စိတ်ထဲချဉ်တူးသွားတာမို့ သမိန့်ကို အမြန်ကျောခိုင်းပြီး စောင်ကို ခေါင်းမြီးပြန်ခြုံပစ်လိုက်သည်။ အဲဒီလောက်ကြီး လူပါးဝနေတဲ့ ကိစ္စကြီးကို အသည်းယားလှပြီ။

"ဝဋ်ခံတာ မဟုတ်ပါဘူးကွာ၊ ငါ့ကိုက လုပ်ပေးချင်တာပါ"

ရသက ဒေါသထွက်လာတာမို့ ဆက်အိပ်လို့ မရတော့ဘဲ ဝုန်းခနဲ ထထိုင်မိကာ …



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို မှန်မှန်ပြောစမ်း၊ မင်း ဒီကိစ္စကို မင်းဘာသာ လောကွပ်လုပ်တာလား၊ သူက ခိုင်းတာလား"

"ငါ လုပ်ပေးချင်မှန်းသိလို့ သူခိုင်းတာပါ"

"မင်း ဒီလိုပဲ သူခိုင်းသမျှကို နေ့တိုင်း လုပ်ရမှာလား"

"နေ့တိုင်းတော့ မဟုတ်ပါဘူး"

"တစ်ပတ်တစ်ခါလား ..."

"မဟုတ်ဘူး ... တစ်ပတ် ခြောက်ရက်"

"မင်း လဲသေလိုက်ပါလား သမိန်ရဲ့"

"သူ့အချစ်ကို မရသေးဘဲနဲ့တော့ မသေချင်သေးဘူး"

"မင်းကွာ ... မင်းပဲ အရင်က မိုးပြော ဂျိုးပြော ပြောနေလိုက်တာ၊ နှောင်မျိုး ရည်းစားရတုန်းက မင်းပဲ လက်ချာရိုက်နေတာလေ၊ မိန်းမ တစ်ယောက်ကို ဘယ်လောက်ချစ်ချစ် ယောကျ်ားမာနကို လုံးဝမေ့ထားလို့မရဘူးဆို၊ အောက်ကျခံ ဒူးထောက်ပြနေစရာလည်း မလိုဘူးဆို ..."

"လူဆိုတာ သူများ ချစ်ခြင်းကိုသာ မှုမှုတတ ဝေဖန်နိုင်တာကွ၊ ကိုယ့်ချစ်ခြင်းကျတော့ တစ်ဖက်စောင်းနင်း ဖြစ်နေတာတောင် သိတော့တာ မဟုတ်ဘူး၊ လက်တွေ့ ခံစားပြီး အချစ်ကိုတွေ့တဲ့သူနဲ့ အဲဒီအချစ်ကို ဘေးက လှမ်းကြည့်နေတဲ့ သူ၊ ဖီလင်ချင်း တူနိုင်မှာမဟုတ်တာ"





"ဟော့ကောင် ... မင်းဘက်ကျ မင်းယက်ပြီး လိုရာဆွဲပြောမနေနဲ့၊ ဒီလောက် လုပ်ပေးစရာ မလိုဘူး၊ မေကျော့ရှင်းကလည်း မင်းချစ်သူဖြစ်ဖို့ သေချာသေးတာမဟုတ်ဘူး၊ သူ့မှာလည်း မင်းလို ခိုင်းကောင်းတဲ့သူတွေ အများကြီးပဲ"

"ဒါပေမယ့် အားလုံးထဲမှာ ငါ့ကို သူပိုတာ ငါသိပါတယ်"

"တော်စမ်းပါကွာ၊ အဲ့ဒါ မာယာတွေသုံးနေတာပါ၊ အဲဒီလို အလှအားကိုးနဲ့ မာယာတွေ သုံးနေတဲ့ မိန်းမမျိုးကို အရမ်းစိတ်ကုန်တာပဲ၊ ငါ့သူငယ်ချင်းမကလေးတွေပဲ အေးတယ်၊ ငါ့ကို ဘာမှမခိုင်းဘူး၊ သူတို့ မခိုင်းဘဲ ငါက တစ်ခုခု လုပ်ပေးလိုက်ရင်လည်း ပျော်လို့ကို မဆုံးတော့ဘူး၊ သူတို့ ပျော်တာမြင်ရင် ကိုယ်ပါ အလိုလို စိတ်ချမ်းသာတယ်"

"ဒါတော့ မင့်ကောင်မလေးတွေက လက်နက်မှ မရှိတာကိုးကွ"

"ဘာ ..."

"အလှဆိုတဲ့ လက်နက်မရှိဘူးလေကွာ၊ လက်နက်နဲ့ ဘယ်သူ့မှ ပစ်ခွင့်မရှိတော့ မာန်ကျနေကြတာပေါ့၊ ဟာ ... မင်းနဲ့ ပြောနေရတာနဲ့ နောက်ကျတော့မယ်၊ လာပါကွာ လုပ်အားပေးစမ်းပါ"

"မင်းအဖြစ်က တယ်လည်း သနားစရာကောင်းပါလား



www.burmeseclassic.com

www.burmeseclassic.com



သမိန်ရော၊ မုန့်ဟင်းခါး တစ်ပွဲအတွက် မိုးလင်းခင် တောင်ပြေး မြောက်ပြေး ပြေးရဦးမယ်၊ မြောင်းမြ ဒေါ်ချိုက ဟိုးအဝေးကြီး မြောက်ဖျားမှာ၊ ကျော့ရှင်း အဆောင်က တောင်ဖျားမှာ၊ အနားနီးနီးက မုန့်ဟင်းခါး ဝယ်ပေးပြီး မြောင်းမြဒေါ်ချိုလို့ ညာပြောလည်း ဖြစ်တဲ့ဥစ္စာ”

“ဟာ … မတူဘူးကွ၊ သူက အရသာ ခွဲခြားတတ်တယ်၊ ဒါပေမယ့် ဒါက သိပ်ပြဿနာမဟုတ်ပါဘူး၊ မုန့်ဟင်းခါးက တစ်ပတ် တစ်ခါပဲ ဝယ်ရမှာ”

“ကျန်တဲ့ ငါးရက်က !”

“တစ်ရက်က ဆီထမင်းနဲ့ ဆတ်သားခြောက်ဖုတ်တဲ့၊ တစ်ရက်က ပဲပြုတ်နဲ့ နံပြား၊ တစ်ရက်က နန်းကြီးသုပ်၊ တစ်ရက်က ပဲပြုတ်ထမင်းကြော်နဲ့ ကြက်သားကြော်၊ တစ်ရက်က ရွှေတောင်ခေါက်ဆွဲ …”

“ဩော် … ဩော် … ခြောက်ရက်လုံးလုံး တစ်ရက်တစ်မျိုး မထပ်စေရအောင် မနက် ငါးနာရီထိုးကတည်းက ဟိုပြေး ဒီပြေး လိုက်ဝယ်ပြီး မနက်စာ ဆက်သရမယ် ဆိုပါတော့ …”

“ကဲ … မင်း ငါ့ကို အပြစ်တင်ချင်လည်း နောက်မှတင်ပါကွာ၊ တောင်းပန်ပါတယ်၊ လာပါ … ကားလေးတစ်ချက်တော့ တွန်းပေးပါ”





သမိန်က ခုပဲ ငိုချတော့မလို ထိုင်ပဲ ရှိခိုးတော့မလို တောင်းပန်နေတာမို့ ရသက ဆူဆူဆဲဆဲနဲ့ပဲ ထရကာ ကားလိုက်တွန်းပေးလိုက်ရပါသည်။

သမိန် ထွက်သွားတော့လည်း သူ့မှာ ကြားထဲက အချောင် ဒေါသထွက်ပြီး ကျန်ခဲ့ရသည်။

တကယ်တော့ သမိန့် အဖြစ်က တရားကျစရာကောင်းလှပါသည်။ သူ့အိမ်မှာတော့ သူက မိသားစုအပေါ် အနိုင်ယူ ဗိုလ်ကျတတ်သော လူဆိုးလေးပင်။ သူ့အမေကလည်း သူ့ကို အလွန် အလိုလိုက်ခဲ့ပါသည်။ အသက်ငယ်ငယ်နဲ့ ဘွဲ့ကလေးရပြီး ဘာအလုပ်မှ မယ်မယ်ရရမလုပ်ဘဲ ဝေလေလေလုပ်နေရင်းက ရန်ကုန်မှာ ဒီပလိုမာ သင်တန်းတစ်ခုခု လာတက်ချင်သည်ဆိုတော့လည်း လှည်းတန်းဘက်မှာ သမိန်နေဖို့ တိုက်ခန်းနှင့် ဟိုဒီသွားဖို့ ကားကလေးပါ အဆစ်ဝယ်ပေးလိုက်ပါသေးသည်။

ရသ အဖေကတော့ သမိန်တို့လိုပဲ ပြည့်စုံပေမယ့် အလိုမလိုက်ခဲ့ပါ။ ပိုက်ဆံကိုသာ ပြည့်ပြည့်စုံစုံ သုံးဖို့ ပို့ပေးရုံ၊ တိုက်ခန်းတစ်ခန်း ငှားပေးရုံထက် မပိုခဲ့။ ခုတော့ သမိန်က ဇွတ်အတင်း ခေါ်တာမို့ ငှားထားတဲ့ တိုက်ခန်းကို ပြန်အပ်ပြီး သမိန်နဲ့အတူ လာနေဖြစ်ခဲ့ပါသည်။

သမိန်နဲ့ အတူနေတာကြာလေ သမိန် တန်းတွန်းစွဲ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ မေကျော့ရှင်းရဲ့ အနိုင်ယူဗိုလ်ကျစိုးမိုးပုံတွေကို သိလာရလေပင်။

သမိန်ဟာ မိဘလုပ်စာ စားကာ တစ်နေ့တစ်နေ့ မေကျော့ရှင်း ဝန်ကို အားကြိုးမာန်တက် ထမ်းရွက်အချိန်ကုန်နေသည်။

အခိုင်းသန်လှတဲ့ သူမက စေညွှန်လျှင် ဘာကိစ္စမဆို ဖြစ်အောင်လုပ်ပြီးသား။ ပန်းအမျိုးမျိုး ပြေးဝယ်ပေးရ၊ မုန့်အမျိုးမျိုး ဝယ်ရ၊ ဟိုဟိုဒီဒီ ပို့ရ။ တစ်နေ့ တစ်နေ့ အားကိုမအားနိုင်ရှာပါ။ သူနေတဲ့ တိုက်ခန်းနှင့် မေကျော့ရှင်းတို့ အဆောင် လမ်းမပေါ်မှာ သမိန့်ရဲ့ Cilica ကားလေးကို တစ်နေ့ လေးငါးကြိမ် လွန်းထိုးပြေးလွှားနေတာကို တွေ့ရနိုင်ပါသည်။

ကျော်ရသသည် သမိန် ပျာယာခတ်နေရတာတွေကို တွေ့ရလေ မေကျော့ရှင်းကို စိတ်တိုမိလေပင် ...။

နောက်နေ့တွေမှာလည်း မနက် ငါးနာရီဆို သမိန့်ရဲ့ နာရီနိုးစက်က ထ,အော်ပြီ။ ရသလည်း လန့်ဖျပ်နိုးရပြီ။ ချိုးချိုးချွတ်ချွတ် ထပြီး ပြင်ဆင်နေတာမို့ ပြန်အိပ်မရဘဲ စိတ်ညစ်ရတာလည်း နေ့တိုင်းလိုလိုပင်။ သင်တန်းရောက်လျှင်တော့ ဘယ်လိုမှ မဟန်နိုင်ဘဲ ငိုက်မြည်းနေမိတတ်ပါသည်။ အချစ်ကြောင့် နိုးကြားနေပုံရသော သမိန်ကတော့ အိပ်ရေးပျက်လည်း တက်ကြွမြဲပင်။





နောက်ဆုံးတော့ ဘယ်လိုမှ သည်းမခံနိုင်တော့ပြီဖြစ်သော ရသသည် မေကျော့ရှင်းကို ထိပ်တိုက်တွေ့ရန် ဆုံးဖြတ်လိုက်လေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



* * *

"ခင်ဗျား ကိုယ့်ကိုယ်ကို နည်းနည်း လွန်ပြီလို့ မထင်မိဘူးလား မကျော့ရှင်း"

ကျော့ရှင်း မျှော်လင့်သလိုပဲ သူက ကျော့ရှင်းရှေ့ကို ရောက်လာခဲ့ပြီ။ ကျော့ရှင်းက အံ့သြသလိုလေး မျက်လုံးဝိုင်းလျက် သူ့ကို ကြည့်လိုက်ရင်း ...

"ဟင့်အင်း ... မထင်မိပါဘူး၊ ဘာကိစ္စအတွက် ဒီမေးခွန်းကို မေးတာပါလိမ့် ..."

"ကွေ့ပတ်လှည့်ပတ်တဲ့ မာယာစကားတွေကို သိပ် နားမလည်ဘူးဗျာ၊ ရှင်းရှင်းပဲ ပြောကြပါစို့၊ ခင်ဗျား သမိန့်ကို ခိုင်းတာတွေ သိပ်များနေပြီ၊ အဲ့ဒါကို ကျွန်တော် လုံးဝ မကျေနပ်ဘူး ကျော့ရှင်း"

"ဒီစကားကို ကာယကံရှင် ပြောမှ သဘာဝကျမယ် ထင်တယ်"





"ကာယကံရှင် သမိန်က ဒီလိုမပြောနိုင်အောင် ခင်ဗျားက ပြုစားထားတော့ သူ့ကိုယ်စား ကျွန်တော်ကပဲ လာပြောရတာပေါ့၊ သူများ သားသမီးကို နိုင်လို့ရတိုင်း မနိုင်ပါနဲ့ဗျာ၊ သမိန်က သူ့အိမ်မှာဆို ဘာမှလုပ်ရတာ မဟုတ်ဘူး၊ ပေါ်ကြော့ကလေး နေလာတာ"

"ကျွန်မက သူ့ကို ဖွတ်အတင်းခိုင်းနေတာမှ မဟုတ်ဘဲ ကိုကျော်ရသရဲ့၊ သူကိုယ်တိုင်ကိုက ကျွန်မရဲ့ ဝေယျာဝစ္စတွေကို ဆောင်ရွက်ပေးပါရစေ၊ သူ့ကို ဘာဖြစ်ဖြစ်ခိုင်းပါ၊ ကျွန်မ ခိုင်းတာကို လုပ်ပေးရရင် သူ စိတ်ချမ်းသာလို့ပါလို့ ပြောလွန်းအားကြီးလို့ သူကျေနပ်အောင် သူ့ကို ကူညီတဲ့ အနေနဲ့ ခိုင်းစရာမရှိ ရှာကြံခိုင်းပေးနေရတာ"

"ဩော် ... ဩော် ... ဒါဆို ခုလို ခိုင်းပေးတဲ့အတွက် ခင်ဗျားကိုတောင် ကျေးဇူးတင်ရဦးမယ်ပေါ့"

"ကျေးဇူးတင်ရကောင်းစေ သဘောမထားပါဘူး၊ မတင်ရင်လည်း ရပါတယ်"

"ဘာပဲဖြစ်ဖြစ် ဘယ်သူက ဘယ်လောက်ပဲ အခိုင်းခံချင်ခံချင် ခင်ဗျားဘက်က ဆင်ခြင်ဖို့တော့ လိုတာပဲ မကျော့ရှင်း၊ သမိန်က ခင်ဗျား ချစ်သူလည်း မဟုတ်ဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



သူချစ်တာကို အခွင့်ကောင်းယူ မျှော်လင့်ချက်တွေ ပေးမနေသင့်ဘူး”

“ကျွန်မ သူ့ကို ဘယ်တုန်းကမှ မျှော်လင့်ချက် မပေးခဲ့ဘူး”

“မင်း ဒီလိုနိုင်းနေတော့ အခွင့်အရေးပေးနေတာနဲ့ မတူဘူးလား”

“မဆိုင်ပါဘူး”

“ခင်ဗျား ဘာပဲပြောပြော လူတကာက ခင်ဗျားဟာ ရုပ်ကလေးကို ဗန်းပြပြီး ယောကျ်ားတကာကို နိုင်းစားနေတယ်လို့ ပြောကုန်ကြပြီ ကျော့ရှင်း”

“ဘယ်သူ ဘာထင်ထင်လေ၊ ကျွန်မကတော့ ကျွန်မအလှမှာ ဝပ်တွားလာတဲ့ ယောကျ်ားတွေကို နိုင်းရမှ ကျေနပ်တယ်၊ အနိုင်းခံချင်တဲ့ သူတွေကို နိုင်းပေးတာဟာ ကူညီခြင်း တစ်မျိုးပဲလေ၊ ကျွန်မက သူတို့ကို ကူညီနေတာပါ”

“ခင်ဗျားဟာ ကြက်သွန်နီလို မိန်းမမျိုးပဲ”

“ဘာ ...”

“ကြက်သွန်နီတွေများ တစ်ဖက်ချင်းသာ ကွာသွားရော နောက်ဆုံးတော့ အထဲမှာ ဘာအဆံမှ မကျန်ဘူး၊ ပြီးတော့





သူ့အနားကပ်တဲ့သူတွေကိုလည်း မျက်ရည်ထွက်စေသေးတယ်၊ ခင်ဗျားနဲ့ ဘာမှမထူးဘူး”

“ရှင် ကျွန်မကို ဘယ်တုန်းကတည်းက နှိပ်ကွပ်ချင်နေရတာလဲ ရှသ၊ ကျွန်မလည်း ရှင့်ကို ဘာမှ မခိုင်းမိပဲနဲ့လေ”

“ခင်ဗျားခိုင်းတော့ ခိုင်းချင်ခဲ့သေးတယ် မဟုတ်လား၊ ဗိုက်အောင့်သလေး · မူးသလေးနဲ့ မာယာဆင်ခဲ့သေးတာပဲ မဟုတ် လား၊ ကျွန်တော် မသိဘူးများ မှတ်နေသလား”

“သိရင်လည်း ပြီးတာပါပဲ ...”

“ဒီမှာ ခင်ဗျားကို ကျွန်တော် ရှင်းရှင်းပဲ ပြောခဲ့မယ်၊ ခင်ဗျား သမီနဲ့ကို ချစ်နိုင်ရင်လည်း ချစ်လိုက်၊ မချစ်နိုင်ရင်လည်း ဆက်ဒုက္ခပေးမနေနဲ့တော့၊ ပြတ်ပြတ်သားသား ပြောပြီး ငြင်းလိုက်ပေတော့၊ ဒါ ကျွန်တော် အကောင်းဆုံး အကြံပေးတာပဲ ...”

သူ့ သူငယ်ချင်းမကလေးတွေနဲ့ဆို အမြုးရွှင်ပျနေသော ရှသက ကျော့ရှင်းရှေ့ကျတော့ သုန်မှုန်သော မျက်နှာထားဖြင့် အားမနာတမ်း ပြောဆိုကာ ထွက်သွားပါသည်။

ကျော့ရှင်းက သူ့ကို လှမ်းငေးကြည့်ရင်း ဝဲလာသော မျက်ရည်တွေကို မျက်တောင် ပုတ်ခတ် ခမ်းခြောက်စေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင် ကျွန်မရှေ့မှာ တစ်ခေါက်လောက် ပြုံးစမ်းပါဦး လား ရှသရဲ့၊ ကျွန်မလည်း ညိုချော့လို ကံကောင်းချင်လို့ပါ။

❁ ❁ ❁



BURMESE CLASSIC .com

## (၁၁)

"ကျော့ရှင်း ... အဆောင်ရှေ့မှာ သမိန်ရောက်နေတယ်၊ နှင်ဖို့ မနက်စာ လာပို့တာတဲ့ ..."

"ငါ မရှိဘူးလို့ ပြောလိုက်ပါ ယမင်းရယ် ..."

"ဟင် ... နှင် သူ့ကို တမင်ရှောင်တာလား"

"အေး ..."

"ဘာဖြစ်လို့လဲ ..."

"သူ့ကို ငါမချစ်နိုင်လို့"

"နှင် မချစ်နိုင်သေမယ့်လည်း ဒီလိုပဲ ခိုင်းနေကျမဟုတ်လား"

"အခု အဲလို မခိုင်းချင်တော့လို့ပေါ့ဟာ"

ယမင်းက အလွန်အံ့ဩသော မျက်လုံးများဖြင့် ကျော့ရှင်းကို အွှကဲခတ်သလို စိုက်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သူ နင့်အပေါ်မှာ ဒီလောက် သီည်းခံတာတောင် နင် ချစ်လို့ မရဘူးလား၊ သနားပါတယ်ဟာ"

"ငါ့စိတ်ထဲမှာ သူ့ကို ချစ်သူတစ်ယောက်အဖြစ် ဘယ်လိုမှ ခံစားလို့ မရလို့ပါ၊ ငါ့ကိုယ်ငါလည်း မညာချင်တော့ဘူး၊ သူ့ကိုလည်း ဆက်မညာချင်တော့ဘူးလေ"

"အေး ... နင် ဒီလို ပြတ်သားနိုင်တာလည်း ကောင်းပါတယ်၊ ငါလည်း အစောကြီးကတည်းက နင့်ကို ဒီလိုမျိုးပဲ ဖြစ်စေချင်တာ၊ ကျန်တဲ့ သူတွေကိုလည်း ဒီလိုပဲလုပ်တာ ကောင်းတယ်"

"အေး ... ငါမချစ်နိုင်ရင် သူတို့ကို မနိုင်းတော့ဘူးလေ"

"ကောင်းတယ် ... ကောင်းတယ်၊ အဲဒီလိုပဲ ရှင်းရှင်းလင်းလင်း ဖြစ်သင့်တယ်၊ နင့်ကို သူများတကာ မကောင်းပြောရင် ငါလည်းမခံနိုင်ဘူး"

ယမင်းက ဝမ်းသာအားရပြောပြီး ကျော့ရှင်းရှေ့မှ ထွက်ခွာသွားသည်။

သမိန့်ကိုတော့ ကျော့ရှင်း အားနာသနားပါသည်။ သို့သော် မချစ်နိုင်တာကို ဘယ်လိုလုပ်မလဲ။ သမိန်နဲ့ပတ်သက်ပြီး ကျော့ရှင်းမှာ ဘာခံစားချက်မှ မရှိတာ သေချာခဲ့ပြီမို့ ကျော့ရှင်းက စတင် ရှောင်ခွာဖို့ ဆုံးဖြတ်ခဲ့တာပင်။





မခံချင်စိတ်ကြောင့်သာ ရသကို မချေမင် ပြန်ပြောခဲ့ရပေမယ့် ရသ ပြောသမျှဟာ တရားနည်းလမ်းကျသည်မှု ကျော့ရှင်း ရင်ထဲမှာ လက်ခံပြီးသား။ အပေါ်ယံက မာကျောပြနေပေမယ့် ကျော့ရှင်း ရင်ထဲမှာတော့ ပျော့ပျောင်းနေခဲ့ပြီးသားပင်။

ကျော့ရှင်းသည် သမိန့်အပြင် တခြားယောကျ်ားတွေကိုလည်း တစ်စတစ်စ ရှောင်ခွာလာမိကာ တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်လာသည်။

အလှဆိုတာ ဘဝအတွက် အာမခံချက်တစ်ခု မဟုတ်ဘူးဆိုတာကို သိမြင်စ ပြုလာခဲ့သည်။

လောလောဆယ်မှာတော့ ကျော့ရှင်း စိတ်ကို ခံစားချက်များစွာဖြင့် လှုပ်ရှားစေနိုင်သူဆိုလို့ တစ်ယောက်သာ ရှိနေခဲ့ပါသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





## (၁၂)

"ငါ့ကို … ငါ့ကို ကျော့ရှင်းက လုံးဝ မချစ်နိုင်ဘူးတဲ့ကွာ"

တစ်ညနေမှာ သမိန်က အရက်တွေမူးလာကာ ထိုစကားကို ပလုံးပထွေးပြောရင်း ကျော်ရှသနားမှာ လာခွေလေသည်။ ခွေခွေလေး လဲနေသော သမိန့် နှုတ်ဖျားက ကျော့ရှင်းကို တမ်းတသည့် ညည်းညူသံတွေ ဆက်ထွက်လာပါသည်။

"ကျော့ရှင်းရယ် … ကိုယ့်အပေါ် ဒီလောက် ရက်စက်ရသလားကွာ၊ အခု ကိုယ့်ဘဝဟာ ဘာအဓိပ္ပာယ်မှ မရှိတော့ဘူး၊ အခု ကိုယ် ဘာလုပ်ရမလဲဟင်"

ကျော်ရှသသည် သမိန့်ကို သနားလည်း သနား၊ စိတ်လည်းတိုကာ ဆွဲထူလိုက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"သမိန် ... ဘာတွေဖြစ်လာတာလဲ၊ ကျော့ရှင်းက မင်းကို ဘာပြောလိုက်လို့လဲ၊ ငါ့ကို သေသေချာချာ ပြောပြစမ်း"

"ပြောပါ့မယ်ကွာ၊ ရင်ဘတ်ဟောင်းလောင်းဖွင့်ပြီး ပြောပြပါ့မယ်၊ ကျော့ရှင်းက ငါနဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မရှိဘူးတဲ့၊ ဖီလင်မလာဘူးတဲ့၊ လုံးဝမချစ်နိုင်တာ သေချာပါတယ်တဲ့၊ ဒါ့ကြောင့် သူ့ဆီကို လုံးဝ မလာပါနဲ့တော့တဲ့၊ တကယ့်ကို အစိမ်းဖြတ်ကြီး ဖြတ်လိုက်တာပါကွာ ..."

"သူက အစိမ်းဖြတ် ဖြတ်တော့လည်း မင်းက အစိမ်းချုပ် ချုပ်လိုက်ပေါ့ကွာ"

ရသ့ကိုယ်တိုင်က ကျော့ရှင်း သမိန့်ကို အချိန်ဆွဲ အရှုံးလုပ်မှာကို စိုးရိမ်လှတာမို့ ကိုယ်တိုင်သွားပြောခဲ့ပြီးမှ ခုလို သမိန် အသည်းအသန် ခံစားလာရတာကို မြင်ပြန်တော့လည်း စိတ်မကောင်း ဖြစ်ရပါသည်။ ပြီးတော့ ခုကိစ္စက ကိုယ့်ပယောဂ မကင်းသလိုလည်း ဖြစ်နေသေးသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျော့ရှင်းကိုသာ အပြစ်မြင်လိုက်မိပါသည်။ ကိုယ်က သွားပြောပြီးပြီးချင်း သမိန့်ကို ရက်ရက်စက်စက် ဖြတ်ချလိုက်ပုံက ရသကို ပေါ့သလိုလည်း ဖြစ်နေသည်။

ကျော့ရှင်း ... မင်း ငါ့ကို ကြည့်မရတာနဲ့ ဘာတွေ ပညာပြဦးမလို့လဲ။





"သွားပါပြီ ... ကိုယ့်အသည်းတွေ ကွဲပါပြီ ကျော့ရှင်းရေ"

သမိန်က သံရှည်ဆွဲ၍ အော်လိုက်ပြန်တာမို့ ရသက သမိန့် ပခုံးကို ခပ်ဆတ်ဆတ် ပုတ်လိုက်ရင်း ...

"ဟေ့ကောင် ... တော်စမ်းကွာ နားငြီးလိုက်တာ၊ မင်း ခေတ်လူငယ်လေး မဟုတ်ဘူးလား"

"ခေတ်လူငယ်လည်း အသည်းကွဲတတ်တာပဲကွာ"

"ကွဲတော့ ကွဲပေါ့၊ ဒါပေမယ့် ခုလိုမျိုးကြီး ရပ်ကွက်ထဲမှာ အရက်မူးမူးနဲ့ ပုဆိုးစွန်တောင်ဆွဲပြီး မိန်းကလေးအိမ်ရှေ့ သွားရမ်းသလိုမျိုး မလုပ်နဲ့ပေါ့၊ ခုခေတ်လူငယ်တွေက မင်းလို ခေတ်ဟောင်းကလိုမျိုး အသည်းမကွဲကြတော့ဘူး"

သမိန်က အမူးပြေချင်သလိုမျိုး ဖြစ်သွားကာ ...

"ဒါဖြင့် ဘယ်လိုကွဲကြသလဲ ပြောပါဦး၊ နမူနာ ယူရအောင်"

"ပညာတတ်ဆန်ဆန် ကွဲရင်ကွဲ၊ ဒါမှမဟုတ် ဟောရှော့ ကွဲပေါ့"

"ရှင်းပါဦး ... ရှင်းပါဦး"

"ပညာတတ်ဆန်ဆန် ကွဲတဲ့သူတွေက အဲ့ဒီ အသည်းကွဲနာ အကြောင်း တွေးနေ ဆွေးနေဖို့ အချိန်မရအောင် အလုပ်ကို မနားမနေ လုပ်တယ်ကွာ၊ စိတ်သစ် လူသစ်ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



အသိုက်အဝန်းသစ် ရှာ၊ အပေါင်းအသင်းသစ် ပေါင်း၊ သင်တန်း အသစ်တွေတက်၊ နေရာအသစ်တွေသွား၊ ပစ္စည်း အသစ်တွေ ရှာဝယ်၊ အဲဒီလိုလုပ်တော့ စိတ်က ဆွေးမြေ့ ဟောင်းနွမ်း မနေတော့ဘူးပေါ့၊ မကြာခင် ပြန်သစ်လာ တာပေါ့"

"ဟော့ရှော့ ကွဲရင်ရော..."

"သီချင်းတွေ အကျယ်ကြီးဖွင့်ပြီး အော်ဆိုပစ်လိုက်၊ ချွေးတွေ ဘာတွေထွက်ပြီး မောပန်းသွားအောင် ပြေးချင်ပြေး၊ တစ်ခုခု ကစားပစ်လိုက်၊ ထမင်းတွေ အများကြီး စားပစ်လိုက်၊ ခုခေတ်မှာ ဘယ်သူမှ အစာငတ် ရေငတ်ခံပြီး အသည်းမကွဲပါဘူး သမိန်ရာ၊ ဒီလိုပဲ စားစားသောက်သောက် သွားသွားလာလာလေး ကွဲကြတာပါပဲ၊ အရက်တွေ သောက် အော်ဟစ်၊ အိပ်ရာထဲခွေလဲပြီး နှုတ်ခမ်းမွေးတောင် မရိတ်နိုင်အောင် ကွဲကြတယ်ဆိုတာ ရှေးတုန်းကပါ၊ အိုင်တီခေတ်မှာ ဘယ်သူမှ ထိုင်ပြီး အသည်းကွဲဖို့ အချိန်မရတော့ဘူး၊ အိုင်တီကွဲလေးပဲ ကွဲနိုင်ကြတော့တာ၊ မင်းလို ခပ်ပျော့ပျော့ လူငယ်လေးတွေအတွက် အိုင်တီ အသည်းကွဲနည်း စာအုပ်လေးတော့ ထုတ်ဦးမှပါ"

သမိန်က မျက်နှာရှုံ့မဲ့နေကာ...





"မင်းက မကြုံဖူးလို့ ပြောနေတာပါကွာ"

"ကြုံလာရင်လည်း ငါက ဟော့ရှော့လေးပဲ ကွဲမှာပဲ"

"ကျော့ရှင်းရေ... ကိုယ့်ဘဝက အသည်းကွဲတာတောင် ကိုယ့်စတိုင်လ်နဲ့ကိုယ် ကွဲလို့မရတဲ့ ဘဝ..."

သမိန်က လျှာလေးအလေးကြီးဖြင့် အော်လိုက်ပြန်တာမို့ ရသက သမိန့်ပါးစပ်ကို လိုက်ပိတ်ရင်း...

"တိတ်စမ်းပါကွာ... မိန်းမတစ်ယောက်အတွက်နဲ့များ"

သမိန်ကတော့ ရသ လက်ထဲမှာ ဝူးဝူးဝါးဝါး ဖြစ်နေပြီးမှ မဟန်နိုင်တော့ဘဲ ငြိမ်သက်သွားပါသည်။

နောက်ရက်တွေမှာလည်း သမိန်က အရက်နေ့တိုင်းသောက်သည်။ ဘယ်မှမသွားဘဲ အိမ်ထဲအောင်းပြီး ခွေနေကာ ထမင်းလည်း စားချင်မှစားသည်။ ပြီးတော့ ရသကို တွေ့တိုင်း ကျော့ရှင်း အကြောင်းပဲ လိုက်လိုက်ပြောနေတော့သည်။

ရသသည် သမိန့်ကို ဘယ်လို ဖျောင်းဖျလို့မှ မရတော့သည့် အဆုံးမှာတော့ ကျော့ရှင်းထံသို့သာ သွားခဲ့မိပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





## (၁၃)

"ခင်ဗျားက ငေါ့တာလား ကျော့ရှင်း ..."

ကျော့ရှင်းသည် မျက်နှာထား တင်းတင်းဖြင့် ကိုယ့်ရှေ့ရောက်လာသော ရသကို ကြည့်ရင်း စိတ်ထဲ တစ်မျိုးတမည် ဝမ်းနည်းလာရသော်လည်း မာန်တင်းကာ ...

"ကျွန်မက ဘာကိုငေါ့ရမှာလဲ ..."

"ခင်ဗျား သမိန့်ကို အမျိုးမျိုး ကစားနေတာ မကြည့်ရက်လို့ ကျွန်တော် လာပြောမိတာနဲ့ပဲ ခင်ဗျားက သမိန့်ကို ဖြတ်ပစ်လိုက်တယ်လေ ..."

"ရှင်ပဲ ပြောခဲ့တာပဲ ရသရဲ့၊ မချစ်နိုင်ရင်လည်း ပြတ်ပြတ်သားသား ပြောပြီး ငြင်းလိုက်ဆို၊ သူ့ကို ကျွန်မ မချစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တာ တကယ် သေချာသွားလို့ ကျွန်မ ငြင်းလိုက်တာပဲ၊ ချစ်တယ်ပြောပြီး သမီးရည်းစားတွေ ဖြစ်ကြပြီးမှ ဖြတ်ပစ်လိုက်တာမှ မဟုတ်တာ၊ သူ့ကိုသာ ကျွန်မ ချစ်နိုင်ရင် ရှင့်ကို ငေါ့ချင်တာလေးတစ်ခုအတွက် ခုလို ငြင်းရက်ပါ့မလား"

"ငြင်းတယ်ဆိုရင်တောင် သက်သက်ညှာညှာ ငြင်းသင့်တာပဲ၊ ဖိလင်မလာဘူးလို့၊ လုံးဝ မလာနဲ့တော့လို့ ပြောပစ်စရာမှ မဟုတ်တာ၊ ခင်ဗျားပဲ နိုင်းတုန်းက ဖွတ်ဖွတ်ကြေအောင် ခိုင်းထားခဲ့တာလေ၊ အဲ့ဒီမျက်နှာလေးလည်း ငဲ့ဦးမှပေါ့ဗျ"

"ဒါဆို ကျွန်မက ဘယ်လိုပြောပြီး ငြင်းရမှာလဲ"

"မချစ်နိုင်ပေမယ့် သူငယ်ချင်းလို ရိုးရိုးသားသား ခေါ်ခေါ်ပြောပြောတော့ လုပ်လို့ရသေးတာပဲ"

"ဩော် ... အဲဒီတော့ ရှင့်သူငယ်ချင်းက ရိုးရိုးနေမှာမို့လို့လား၊ ရောင့်တက်လာဦးမှာ မဟုတ်လား၊ အဲ့ဒီအခါကျတော့ ကျွန်မကပဲ မာယာနဲ့ အချိန်ဆွဲတယ်လို့ အပြောခံရဦးမှာလေ ..."

"ခင်ဗျားဗျာ အစကတည်းက ရောဂါရှင့်အောင် မလုပ်သင့်ဘူး၊ သမိန်က ခင်ဗျားကို အရူးအမူးချစ်ခဲ့တာ၊ ခင်ဗျား





သူ့အချစ်ကို မထေမဲ့မြင်လုပ်ရင် တစ်နေ့ကျ ဝဋ်လည်လိမ့်မယ်"

ကျော့ရှင်းသည် သမိန့် အချစ်ကိုသာ ယုံကြည်စွာ ရှေ့တန်းတင် ပြောနေသော ရသကို ငေးခနဲတစ်ချက်ကြည့်ပြီးမှ မျက်နှာထားကို အမြန်ပြန်တင်းရပါသည်။ သူ့ရှေ့မှာ နူးညံ့မပြချင်။

"ရှင်က သမိန့်အချစ်ကို တော်တော် အမွှန်းတင်တာပဲနော်၊ သမိန့် အချစ်ကို ရှင်ယုံကြည်လွန်းတယ်၊ သမိန့်အတွက်ပဲ ရှေ့တန်းတင်လွန်းတယ်၊ သမိန် နာကျင်ရမှာစိုးလို့ မလှည့်စားဖို့ ရှင်ပဲလာပြောတယ်၊ ကျွန်မက ပြတ်ပြတ်သားသား ငြင်းပယ်လိုက်ပြန်တော့လည်း ရှင်ပဲ အပြစ်လာပြောနေပြန်တယ်၊ အဲ့ဒီတော့ ကျွန်မက ရှင့်အလိုကျအောင် ဘာလုပ်ပေးရဦးမှာလဲ၊ ကျွန်မဘက် ကျွန်မ ခံစားချက်ကိုလည်း နည်းနည်းလောက် ငဲ့ကြည့်ပါဦး ရသရဲ့ ...၊

"ကျွန်မက သမိန့်ကို မယုံနိုင်ဘူးလေ၊ ရှင် အမွှန်းတင်နေတဲ့ သမိန့်အချစ်ကို ကျွန်မ သံသယရှိတယ်၊ သမိန်ဟာ အလှကြိုက်၊ အနုကြိုက်၊ ယောကျ်ားဆန်တဲ့ စိတ်မျိုးလည်း သိပ်မရှိဘူး၊ အရမ်းစိတ်လှုပ်ရှားလွယ်ခတ်နန့်လွန်းတယ်၊ အဲဒီလို လူတစ်ယောက်ရဲ့ အချစ်ဆိုတာ ရွေ့လျားပြောင်းလဲတတ်တယ်လို့ ကျွန်မထင်တယ်၊ သမိန့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဟာ ကျွန်မအလှကို ကိုးကွယ်ချင်ရုံသက်သက်ပဲလို့ ခံစားမိတယ် ...၊

"သူနဲ့တွေ့ရင်း သူ့ကိုခိုင်းရင်း လေ့လာရင်းကပဲ အဲ့ဒီခံစားချက်မျိုး ခံစားရလို့၊ ကျွန်မ ငြင်းခဲ့တယ်၊ အဲ့ဒါ ကျွန်မဘက်က ခံစားချက်ပဲလေ၊ အဲ့ဒါကိုတော့ ရှင်ထည့်တွေးရဲ့လား ..."

"ခင်ဗျားစိတ်က သံသယတွေ များနေတာလည်း ဖြစ်နိုင်တာပဲ၊ သမိန့်အချစ်ဟာ ခင်ဗျားအပေါ် ခိုင်မြဲတယ်ဆိုတာတော့ ကျွန်တော် အာမခံနိုင်တယ်"

"လူတွေဟာ ကိုယ့်စိတ်ကိုတောင် မတည်ငြိမ်လွန်းလို့ အာမ မခံနိုင်ကြတာ၊ ရှင်က သူများစိတ်ကို လိုက်အာမခံနိုင်တယ်ဆိုတော့ တော်တော် ထူးဆန်းတာပဲ ရှင်"

"ခင်ဗျားကို ကျွန်တော် တစ်ခုတော့ တောင်းပန်ချင်တယ် မေကျော့ရှင်း၊ သမိန် ခင်ဗျားကို လွယ်လွယ်နဲ့ ပြတ်နိုင်မှာမဟုတ်ဘူး၊ သူ အရမ်းခံစားနေရတယ်၊ သူ့အပေါ် ကျေးဇူးပြုပြီး သက်သက်ညှာညှာ ဆက်ဆံပေးပါ"

"ကောင်းပြီလေ ... ကျွန်မ ကြိုးစားကြည့်ပါ့မယ်"

သူက သူဖြစ်ချင်တာတစ်ခုကိုပဲ တောင်းဆိုကာ ကျော့ရှင်းရှေ့မှ ထွက်ခွာသွားခဲ့ပါသည်။





ကျွန်မ ရင်ထဲမှာရော အချစ်နဲ့ ပတ်သက်ပြီး ဘာလေးနက်မှုမှ ရှိမနေဘူးလို့ ရှင်ထင်သလား ရှင်ရယ် ...။

ကျွန်မမှာလည်း ကျွန်မရဲ့ ပခုံးတစ်ဖက်ကို ဖွဖွပုတ်ခတ် နှစ်သိမ့်ပေးမှုကို လိုအပ်တဲ့ အချိန်တွေ ရှိတာပါပဲ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





## (၁၄)

ကျော့ရှင်းက ငြင်းခါစမှာတော့ သမိန်က အရှုံးအမှုး ဖြစ်ခဲ့လေသည်။

ကျော့ရှင်းကိုမှ မပိုင်ဆိုင်ရတော့လျှင် သေသွားတော့မတတ် အဖြစ်သည်းခဲ့တာကိုလည်း ရသ မျက်မြင် ဖြစ်သည်။

သမိန့်အဖြစ်ကို ရသကပင် မကြည့်ရက် မမြင်ရက် သနားခဲ့မိသေးသည်။ သမိန်က အမြဲတမ်းဖွဖွ ညည်းညူတတ်သည်မှာ . . .

"သူ့မျက်နှာ လှလှလေးကို ငေးကြည့်နေခွင့် ရရင်ပဲ ငါ စိတ်ချမ်းသာလှပါပြီကွာ၊ သူနဲ့ မျက်နှာချင်းဆိုင်ရွေ့ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရရင်တောင် အဝေးကနေ သွားငေးနေရရင် ငါ့စိတ်ထဲမှာ နည်းနည်းဖြေသာပါတယ်”

သမိန်က ကျော့ရှင်း မမြင်အောင် ပုန်းလျှိုးကွယ်လျှိုး လုပ်ရင်း ကျော့ရှင်းကို လိုက်ချောင်းကြည့်ပြီး ပြန်လာတိုင်း ထိုသို့ ပြောမြဲမို့ ရသမှာ သူ့ကို ကရုဏာ သက်ခဲ့ရပါသည်။

သမိန်ဟာ ဘယ်လောက်ရူးသလဲဆိုရင် ကျော့ရှင်းကို သူ့ဒစ်ဂျစ်တယ် ကင်မရာလေးဖြင့် ဓာတ်ပုံခိုးရိုက်ကာ ထိုဓာတ်ပုံတွေကို ပုံကြီးချဲ့ပြီး သူ့အခန်းပတ်ပတ်လည်မှာ ကပ်ထားရင်း အလွမ်းဖြေတတ်သည်။

ပြီးတော့ ထိုပုံတွေကို ငေးမောကြည့်ရင်း တဖွဖွ ပြောသေးသည်။

“ကြည့်စမ်းပါဦးကွာ၊ ပြစ်မျိုးမဲ့မထင်တဲ့ အလှဆိုတာ ဒီလိုအလှမျိုးပဲ၊ ဓာတ်ပုံကလေး ကြည့်ရတာနဲ့တောင် အမောပြေတယ်”

ကြာတော့ ရသက သမိန့်ကို သနားလည်း သနား အမြင်လည်း ကတ်လာကာ ...

“မရူးစမ်းပါနဲ့ သမိန်ရယ်၊ မေ့ထားလိုက်စမ်းပါ၊ မိန်းမတွေ ပေါပါတယ်”





“မိန်းမ ပေါပေမယ့် ဒီလောက်လှတာကတော့ ရှားမှရှားပဲလေ”

“လှပြီး စိတ်ရင်းမကောင်းရင်လည်း အလကားပဲ သမိန်”

“စိတ်ရင်းကောင်းပြီး မလှရင်လည်း အလကားပဲ ရသ၊ မလှတဲ့ ရုပ်ကို တစ်သက်လုံးကြည့်နေရရင် အရမ်း စိတ်ဆင်းရဲရမှာ ...”

“ဒါကတော့ ကျော့ရှင်းလို လှတဲ့ မိန်းမမျိုးကို မင်းချစ်နေမိလို့ ဒီစကားပြောတာပါကွာ၊ မလှတဲ့ မိန်းမတစ်ယောက်ကို ချစ်နေမိရင် အလှက အရေးမကြီးပါဘူးတို့၊ လှတာမက်ရင် ညစာခက်မှာပါတို့ ဆိုတာမျိုး စကားတွေ ပြောလာဦးမှာပါ ...”

“မလှမှတော့ ချစ်မလားကွ ... မင်းကလည်း ...”

“အချစ်ဆိုတာ မပြောနိုင်ဘူးလေကွာ”

“ငါကတော့ လက်မလျှော့ဘူး၊ ဆက်ကြိုးစားနေဦးမှာပဲ၊ သူ တစ်နေ့တော့ ငါ့အချစ်ကို အသိအမှတ်ပြုလာစေရမယ်”

သမိန်က ရသ ဘယ်လောက်ပြောပြော နားမဝင်ချေ။ နည်းအမျိုးမျိုးဖြင့် ကျော့ရှင်းကို ဆက်၍ ကြိုးစားနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်ရာရောက် ပို့ပေးသည့် ပန်းအလှဆင်ဆိုင်တွေမှ တန်ဖိုးကြီး ပန်းတွေကို မှာကာ ကျော့ရှင်းအဆောင်သို့ ပို့စေတာက တစ်နည်း။

ဘယာကြော် ကုလားကို ကပ်ပေါင်းကာ ကျော့ရှင်းကြိုက်သည်ဆိုသော ဘယာကြော် ပိစိကလေးတွေကို ကျော့ရှင်း အဆောင်သို့ သွားပို့ခိုင်းတာက တစ်ဖုံ။

ကျော့ရှင်း လာမည့် လမ်းမှာ မျက်နှာငယ်လေးဖြင့် သွားစောင့်မျှော်ဖို့ကိုလည်း အလွန် ဝီရိယကောင်းကာ ကျော့ရှင်း ရှေ့မှာ ဒူးထောက်ပြဖို့လည်း ဝန်မလေးချေ။

တစ်ညနေမှာ သမိန်က ကိုရီးယား ကားထဲက မင်းသားတွေရဲ့ စတိုင်လ်ကို အတုခိုးကာ ကျော့ရှင်းတို့ အဆောင်ရှေ့မှာ သွားဒူးထောက်နေတာမို့ ရသက ဆူဆူဆဲဆဲနှင့် အတင်း သွားဆွဲခေါ်လာရသည်။

"မိန်းမတစ်ယောက်အတွက် အဲဒီလောက်ကြီး အရှုံးပေးစရာ မလိုပါဘူးကွာ၊ မင်းပဲ ပြောခဲ့တာလေ ယောကျ်ားမာနကို မေ့မထားရဘူးဆို၊ အောက်ကျခံ ဒူးထောက်ပြစရာ မလိုဘူးဆို ..."

"ဒါက သူများအတွက်ပြောတာ၊ ငါ့အတွက် ပြောတာ မဟုတ်ဘူး"





သမိန့် အပြောကြောင့် ရသက တိုးတိုးလေး ကျိန်ဆဲမိရင်း သမိန့်အချစ်ကိုလည်း လက်ဖျားခါခဲ့ရလေသည်။

သို့သော် မကြာခင်ရက်ပိုင်းအတွင်းမှာပင် ပြောင်းလဲခြင်းတစ်ခုက တစ်ထောင့်တစ်နေရာမှ ဝင်ရောက်လာခဲ့ပါသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





## (၁၅)

အဲ့ဒီနေ့ညနေခင်းမှာ သမိန့်က သတင်းဆိုးတစ်ခုကို သယ်ဆောင်လာခဲ့တာ ဖြစ်သည်။

"ရသ … ကျော့ရှင်း ကားအက်ဆီးဒင့် ဖြစ်လို့တဲ့"

ရသ ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားသလိုပင်။ ကျော့ရှင်းကို ကြည့်မရသည်ဆိုဦးတော့ ဒီလိုအဖြစ်မျိုးတော့ မကြုံစေချင်။

"ဘာဖြစ်သွားသေးလဲ … ဘယ်ထိသွားလဲ"

"သူစီးလာတဲ့ တက္ကစီကို လမ်းကြားဘက်က ထွက်လာတဲ့ ကားက ဖြတ်တိုက်လိုက်တာတဲ့၊ တခြားတော့ ဘာမှမဖြစ်ဘူးတဲ့၊ မျက်နှစ်တစ်ခြမ်းကိုပဲ တော်တော်ထိသွားတယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာက လေးငါးရက်ရှိပြီ၊ ငါ ခုမှ သိရတာ၊ အခု သူ ဆေးရုံကဆင်းပြီး အဆောင်မှာ ပြန်နေတယ်၊ သိပ် မကြာခင် သူ့အိမ်ကို ပြန်မှာတဲ့"

သမိန့်ကို ကြည့်ရတာ အလွန် တုန်လှုပ်နေပုံရလေသည်။ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေကာ ချွေးတွေလည်း ထွက်နေသည်။ သူ အရမ်းချစ်တဲ့ မိန်းကလေးတစ်ယောက်အတွက် ခံစားနေရရှာမှာပေါ့။

ရသက သမိန့်ကိုလည်း သနားစာနာကာ သမိန့် ပခုံး လှမ်းဖက်၍ နှစ်သိမ့်ပေးလိုက်ရင်း ...

"အဲ့ဒီလောက်ကြီး မတုန်လှုပ်ပါနဲ့ကွာ ... စိတ်ကိုထိန်းပါ၊ အသက်အန္တရာယ် မဖြစ်တာပဲ တော်သေးတယ်လို့ ပြောရမှာပေါ့၊ ခုချိန်မှ မင်း လုပ်သင့်တာက စိတ်ကိုအေးအေးထားပြီး ကျော့ရှင်းဆီသွားပြီး နှစ်သိမ့်အားပေးဖို့ပဲ၊ မင်းစိတ်တွေ အရမ်းလှုပ်ရှားနေတယ်၊ ကားမောင်းလို့ မဖြစ်ဘူး၊ ငါ ကားမောင်းပြီး လိုက်ပို့ပေးမယ်"

"ဟို ... ကျော့ ... ကျော့ရှင်းက သူ မလှတော့တာကို ဘယ်သူမှ မမြင်စေချင်လို့ ဘယ်သူ့ကိုမှ အတွေ့မခံဘူးတဲ့ ..."

"ဒါပေမယ့် မင်းဘက်က သူ့ကို ချော့မော့ ဖျောင်းဖျပေးဖို့တော့ လိုတယ်လေ၊ သူ မလှတော့ပေမယ့် မင်းဘက်က





သူ့အပေါ် မေတ္တာရှိနေသေးတယ်ဆိုတာ သိသွားရင် သူလည်း အားရှိလာမှာပေါ့၊ လာပါကွာ ... သွားရအောင်ပါ"

ရသက ဆွဲခေါ်သော်လည်း သမိန်က သိသိသာသာကြီး ရုန်းထွက်လိုက်ရင်း ...

"ငါ ... ငါ ကြောက်တယ်ကွ ..."

"ဟင် ... ဘာကိုကြောက်တာလဲ ..."

"ငါ မကြည့်ရဲဘူး၊ အဲလို ရုပ်ဆိုးနေတာကြီးကို မကြည့်ရဲဘူး၊ မတွေ့ချင်ဘူး ..."

ရသသည် အံ့သြလွန်းသော စိတ်ဖြင့် သမိန့်ကို စိုက်ကြည့်လိုက်မိပါသည်။ သမိန့် မျက်နှာပေါ်မှာ တကယ်ပဲ ကြောက်ရွံ့ဟန်တွေ တွေ့ရသည်။ သမိန်က ရသနှင့် မျက်လုံးချင်း ဆုံမိကာ မလုံမလဲ မျက်နှာလွှဲသွားသည်။

"သမိန် ... မင်း ဘယ်လို ပြောလိုက်တာလဲ ..."

ရသက မယုံနိုင်စွာ မေးမိသည်။

"ငါ့စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောတာပါ၊ ငါ သူ့ကို တကယ် ရင်မဆိုင်ရဲဘူး"

"မင်းပဲ သူ့ကို ဘယ်တော့မှ လက်မလျှော့ဘူးဆို၊ အရမ်းချစ်တယ်ဆို၊ ခု ... ဒါလေးဖြစ်ရုံလေးနဲ့ မင်းက ရှောင်ထွက်တော့မလို့လား၊ မင်း အချစ်က ဘယ်လိုမျိုးလဲ သမိန်ရာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါမသိဘူး ရသ … အခု ငါ့စိတ်ထဲမှာ အရမ်းတုန်လှုပ်ပြီး ကြောက်နေတယ်၊ မျက်နှာတစ်ခြမ်း ပျက်နေတဲ့ သူ့ကို ကြည့်ရဲဖို့ ငါ့မှာ အင်အားမရှိဘူး"

"မိတ်ဆွေလို သူငယ်ချင်းလိုတောင် မင်းဘက်က မဖေးမနိုင်တော့ဘူးလား …"

"ဟိုလေ … ငါ့ဘက်က ဝမ်းနည်းတဲ့အကြောင်း ဖော်ပြတဲ့အနေနဲ့ ပန်းလှပြင်ဆိုင်ကို ဖုန်းဆက်ပြီး ပန်းစည်းတစ်စည်း ပို့နိုင်းလိုက်ပါ့မယ်"

"မင်း သွားသေလိုက်ပါလား သမိန် …"

ရသက သမိန် ရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။ ရင်ထဲမှာလည်း ဘာကိုမှန်းမသိ ယူကြုံးမရ ဖြစ်မိနေသည်။

ရက်ဖို့ ကောင်းလိုက်တာ …၊ ဒီလိုကောင်မျိုးရဲ့ အချစ်ကိုမှ အာမခံမိတဲ့ အဖြစ် …။

ကျွန်တော့်ကို ခွင့်လွှတ်ပါတော့ ကျော့ရှင်းရယ် …။

❁ ❁ ❁



(၁၆)

ခုတော့ သူက ကျော့ရှင်းရှေ့သို့ အားနာသော၊ နောင်တရသော၊ စာနာသော ခံစားချက်မျိုးစုံကို သယ်ဆောင်ထားသော မျက်နှာထားဖြင့် ဆိတ်ငြိမ်စွာ ရောက်ရှိလာခဲ့လေသည်။

ကျော့ရှင်းက ပလာစတာဖြင့် အုပ်ကပ်ထားသော မျက်နှာတစ်ခြမ်းကို ဆံပင်စ တွန့်တွန့်ဖွာဖွာလေးများဖြင့် တစ်ဝက်တစ်ပျက် ကွယ်ကာ ရသကို ထွက်တွေ့ခဲ့ပါသည်။

"ကျော့ရှင်း … နေကောင်းရဲ့လား"

သူက စာနာနူးညံ့စွာ မေးခဲ့ပါသည်။

ကျော့ရှင်းက နှုတ်ခမ်းကလေး တွန့်ရုံပြုံးလိုက်မိရင်း

"သမိန်ရော မပါဘူးလား ရသ …"

ရသက မသိမသာ မှုပျက်သွားပြီး …



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... သူလည်း ကျော့ရှင်းအတွက် အရမ်း စိတ်ထိခိုက်နေတာနဲ့ ..."

"ကျော့ရှင်းရဲ့ မလှတော့တဲ့ မျက်နှာကို ကြည့်လည်း မကြည့်ချင်တော့တာနဲ့ ..."

ကျော့ရှင်းက သူ့စကားမဆုံးခင် ဖြတ်ပြောလိုက်မိပါသည်။ သူက ကျော့ရှင်းကို မျက်လုံးချင်း ဆုံအောင် မကြည့်တော့ဘဲ ...

"အဲဒီလို မဟုတ်ပါဘူး၊ ခုချိန်လာမိရင် ကျော့ရှင်းက သူ့ကိုပြန်ပြီး နှစ်သိမ့်ပေးရလောက်အောင် သူ အရမ်း စိတ်ထိခိုက်နေလို့ နောက်မှ အေးအေးဆေးဆေး လာတွေ့ဖို့ စိတ်ကူးတယ်ထင်ပါတယ်"

ကျော့ရှင်းက ရယ်မောလိုက်မိရင်း ...

"သမိန့်အတွက် ဒီလောက် ဖုံးကွယ် ပြောမနေစမ်းပါနဲ့ ရသရယ်၊ သမိန့်စိတ်ကို ကျွန်မ ခန့်မှန်းနိုင်ပြီးသားပါ၊ သဘောပေါက်ပြီးသားပါ၊ သူက ကျွန်မ အလှကို ကိုးကွယ် ရုံပါလို့ ကျွန်မ ပြောခဲ့ဖူးသားပဲ၊ ရှင်ကသာ သမိန့်နဲ့ အနီးကပ်နေပြီး သမိန့်စိတ်ကို မသိဘဲ သူ့အချစ်က ကျွန်မ အပေါ် နိုင်မြဲပါတယ်လို့ ကြွားဝင် အာမခံခဲ့တာ ..."





ရသက ခေါင်းငုံ့ငြိမ်သက်သွားပါသည်။

"အရမ်းလှတဲ့ ကျွန်မကို တွေ့ရရင် သူ စိတ်ချမ်းသာတယ်လို့ပြောခဲ့ဖူးသားပဲ၊ အခု ရုပ်ဆိုးနေတဲ့ ကျွန်မကို တွေ့ရင် သူ စိတ်ဆင်းရဲရမှာပေါ့၊ သမိန်က သူ့ကိုယ်သူသာ သူချစ်တာပါ ရသရဲ့၊ သူ့ကို စိတ်ဆင်းရဲစေမယ့် မိန်းမမျိုးကို သူ ဘယ်ချစ်နိုင်ပါ့မလဲ ...၊

"သူသာ ကျွန်မအပေါ် စာနာစိတ်ကလေး ထားခဲ့မယ်ဆိုရင် ကျွန်မ ထိခိုက်ဒဏ်ရာရတဲ့ အကြောင်းကို သိတဲ့ အချိန်ကတည်းက ကျွန်မဆီ ရောက်လာသင့်တာပေါ့၊ ဒါပေမယ့် သူမလာခဲ့ဘူး၊ သူ သက်သက် ရှောင်နေတယ်ဆိုတာ ကျွန်မ သိတာပေါ့ ...၊

"သူ့လိုပဲ ကျွန်မကို ရူးရူးမူးမူး ချစ်ပါတယ်ဆိုတဲ့ ယောက်ျားတချို့လည်း ကျွန်မဆီ ရောက်မလာကြတော့ဘူး၊ ရောက်လာတဲ့ တချို့တလေကျတော့လည်း ကျွန်မက ကျွန်မ ဒဏ်ရာဟာ ရုပ်ပျက်ဆင်းပျက် အမာရွတ်တွေ ကျန်ခဲ့နိုင်ကြောင်း ပြောပြလိုက်ရင်ပဲ မျက်နှာအပျက်ပျက် ဖြစ်ကုန်ကြပြီး တစ်ခေါက် နှစ်ခေါက်လောက် မကောင်းတတ်လို့ လာမေးပြီးကတည်းက ကျွန်မကို ရှောင်



www.burmeseclassic.com

www.burmeseclassic.com



သွားကြတော့တာ၊ တချို့ဆို ကျွန်မကို မျှော်လင့်လို့ မရနိုင်မှန်း သေချာသွားပြီး တခြား မိန်းကလေးတွေဆီကိုတောင် အာရုံပြောင်းဖို့ ကြိုးစားကုန်ကြပြီလေ၊ အချိန်တိုလေးအတွင်းမှာ ဖြစ်လာတဲ့ ပြောင်းလဲမှုက အံ့သြစရာလည်းကောင်း၊ ရယ်စရာလည်း ကောင်းပါတယ်”

ကျော့ရှင်း စကားဆုံးတော့ ရသက ခေါင်းငုံ့တိတ်ဆိတ်နေရာမှ နှုးညံ့စွာပြောလာသည်။

“ကျွန်တော် တောင်းပန်ပါတယ် ကျော့ရှင်း၊ ကျော့ရှင်းမှာ လိုအပ်တာရှိရင် ကျွန်တော် ကူညီပါရစေ”

“ဒါဆို ကျွန်မ အမြတ်ထွက်ပြီပေါ့”

သူက ကျော့ရှင်းကို နားမလည်သလို ကြည့်ပါသည်။

ကျော့ရှင်းက ပြုံးလိုက်မိရင်း ...

“ကျွန်မ လှတုန်းက ကျွန်မအပေါ် အမြဲ အမြင်ကတ်ခဲ့၊ ကြည့်မရခဲ့၊ အကောင်းမပြောခဲ့တဲ့ ရှင်က ကျွန်မ အရုပ်ဆိုးသွားတဲ့အတွက် ကျွန်မအပေါ် စာနာတတ်ပြီလေ ...”

“ဒီလိုလည်း မဟုတ်ပါဘူး ကျော့ရှင်းရယ် ...”

“ခုတော့ ညီရှောလို ကျွန်မ ကံကောင်းလာပြီပေါ့”





“ဘာဖြစ်လို့လဲ ...”

“ညီရှောက ပြောဖူးတယ်၊ တကယ်တော့ လှတဲ့ မိန်းမတွေကို ကူညီတဲ့ ယောကျ်ားတွေမှာ မျှော်လင့်ချက်တွေ အများကြီး ရှိတယ်တဲ့၊ မလှတဲ့ မိန်းကလေးတွေကို ကူညီတဲ့ ယောကျ်ား တွေမှာကျတော့ ဘာမျှော်လင့်ချက်မှ မရှိဘဲ ရိုးရိုးသားသား ကူညီကြတာတဲ့၊ ဒါကြောင့် ရုပ်ဆိုးတဲ့ မိန်းကလေးကမှ ကံကောင်းကြတာတဲ့”

“ကျော့ရှင်းက ရုပ်မဆိုးပါဘူးဗျာ”

“မညာပါနဲ့ရှင်၊ ကျွန်မ မျက်နှာပေါ်က ပလာစတာကြီးကို ဖယ်လိုက်ရင် အရမ်းအရုပ်ဆိုးသွားတော့မှာပါ၊ အဲဒါကြောင့် မို့လို့လည်း ရှင်က သနားပြီး ကျွန်မဆီ လာနှစ်သိမ့်ပေးတာ မဟုတ်လား၊ ကျွန်မသာ လှနေသေးရင် ကျွန်မဆီ ရောက်လာမှာ မဟုတ်ပါဘူး ...”

ရသက ငြိမ်သက်သွားပြန်သည်။

“ရှင့်ကို ကျွန်မ တစ်ခုလောက် တောင်းဆိုချင်တယ်”

“ပြောပါ ... ကျော့ရှင်း”

“ကျွန်မကို ရှင်တို့ အုပ်စုထဲ ဝင်ခွင့်ပေးပါလား၊ ရှင်တို့ အားလုံးက ကျွန်မကို အပေါင်းအသင်းအဖြစ် လက်ခံပေး ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ကျော့ရှင်းရယ် ..."

"ဖင်ခွင့်ပေးပါ ရသ ... ရှင်တို့ရဲ့ စိတ်ထားလေးတွေကို ကျွန်မ နှစ်သက်မိလို့ပါ"

"ကျော့ရှင်း သဘောပါပဲ၊ ကျွန်တော်တို့အတွက် ဝန်မလေးပါဘူး"

"တကယ်တော့ လှတာ မလှတာနဲ့ ခင်မင်မှုဆိုတာ မဆိုင်ပါဘူး ရသရယ်၊ လှတဲ့ မိန်းကလေးတွေကိုလည်း ရှင် သံသယမထားဘဲ ယုံကြည်တတ်အောင် ကြိုးစားစေချင်ပါတယ်"

"ဟုတ်ကဲ့ ..."

"မိန်းကလေးတွေမှာ မာယာရှိတတ်သလို ယောကျ်ားလေးတွေမှာ အတ္တ ရှိတတ်တယ်ဆိုတာလည်း ရှင် သဘောပေါက်စေချင်ပါတယ်"

"ဟုတ်ကဲ့ ..."

ကျော့ရှင်းက နူးညံ့သော မျက်နှာထားဖြင့် ခေါင်းညိတ်လုပ်နေသော ရသကို ငေးကြည့်နေလိုက်မိပါသည်။ ပြီးတော့ ကျော့ရှင်းရဲ့ ပခုံးတစ်ဖက်ကို ဖွဖွပုတ်ခတ်နှစ်သိမ့်ပေးစေချင်မိပါသည်။





"ကျွန်တော့်ကို ခွင့်ပြုပါဦး ကျော့ရှင်း ... ၊ နောက်နေ့တွေလည်း ကျွန်တော် လာခဲ့ပါဦးမယ်၊ ကျော့ရှင်း လိုအပ်တာရှိရင်လည်း မှာပါ ..."

"ဟုတ်ကဲ့ပါ ... ကျေးဇူးတင်ပါတယ် ရသ"

ရသက စိတ်မကောင်းစွာပင် ကျော့ရှင်းကို ကျောခိုင်း၍ အဆောင်တံခါးဝသို့ လျှောက်ထွက်လာခဲ့ပါသည်။

ထိုခဏမှာ ကျော့ရှင်းရဲ့ လှမ်းခေါ်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

"ရသ ..."

သူ နောက်ဘက်သို့ သမင်လည်ပြန် လှည့်ကြည့်မိ၏။

ကျော့ရှင်းက သူ့ကို ခပ်တည်တည်ကလေး စိုက်ကြည့်နေရင်းကပင် သူမ ပါးတစ်ခြမ်းပေါ်က ပလာစတာကို ဆွဲခွာပြီး ဆံပင် ဖွာဖွာတွန့်တွန့်လေးတွေကို သပ်တင်လိုက်ပါသည်။

သူက ဘာဒဏ်ရာမှ မရှိဘဲ ပြောင်ရှင်းနေသည့် သူမ မျက်နှာကို တအံ့တသြ ကြောင်ကြည့်နေမိခဲ သူမက သူ့ထံ လျှောက်လာခဲ့ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပ့ါ ရသ၊ ကျွန်မအပေါ် စစ်မှန်သလား မစစ်မှန်ဘူးလားဆိုတာ ခွဲခြားဖို့ ဒီတစ်နည်းပဲ စဉ်းစားမိတာနဲ့ ကျွန်မ ဒီလိုကြံစည်ခဲ့မိတာပါ၊ ဒီလိုလုပ်ခဲ့လို့လည်း ရသလို မိတ်ဆွေစစ် တစ်ယောက်ရဲ့ စိတ်ရင်းနဲ့ သမိန်ရဲ့ စိတ်ရင်းကို သိခွင့်ရခဲ့တာပါ၊ ကျွန်မကို နားလည်ပေးပါ၊ ကျွန်မ ရှင့်ကို အရူးလုပ်ခဲ့တာ မဟုတ်ပါဘူး"

ရသက သက်ပြင်း ဖွဖွချမိရင်း ...

"ကောင်းပြီလေ ... ခင်ဗျားမှာလည်း ဒီလိုလုပ်ဖို့ အခွင့်အရေး ရှိပါတယ်၊ ကျွန်တော် နားလည်ပါတယ်"

"ခုန ကတိအတိုင်း ကျွန်မကို ရှင်တို့အုပ်စုထဲမှာတော့ လက်ခံပေးပါနော်"

"လောလောဆယ်တော့ လက်ခံပါတယ်၊ ညိုချောတို့ မွေးဥတို့ လက်ခံအောင်လည်း ကျွန်တော် ပြောပြထားပါ့မယ်၊ ဒါပေမယ့် ရေရှည် အပေါင်းအသင်းဖြစ်ဖို့ကျတော့ ခင်ဗျားရဲ့ စိတ်ထားပေါ်မှာ မူတည်လိမ့်မယ်"

"ကျွန်မစိတ်ကို သဘာဝမကျနိုင်တော့တဲ့နေ့ကျ ဖယ်ထုတ်လိုက်ပါ ရသ၊ ကျွန်မ ကျေကျေနပ်နပ် ထွက်ပေးမှာပါ"

ရသက ခေါင်းတစ်ချက်ဆတ်ပြရင်း ကျောင်းရှေ့မှ ထွက်လာခဲ့ပါသည်။





ကျောင်းရှင်းကိုလည်း စာနာပါသည်။

သမိန့်အတွက်လည်း စိတ်မကောင်း ဖြစ်မိပါသည်။

ညိုချောတို့နဲ့ ကျောင်းရှင်းနဲ့ အဆင်ပြေမှပြေပါ့မလားဟုလည်း စိုးရိမ်ရင်မနေခဲ့မိလေသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





## (၁၇)

ထင်တဲ့အတိုင်းပဲပေါ့ ... ။

ထိုသတင်းကို ကြားကြားချင်း ဖွေးဥတို့က ရသကို ပြဿနာ ဝိုင်းလုပ်ကြတော့သည်။

"ငါတို့ကတော့ လုံးဝလက်မခံဘူး ရသ၊ အလကား... ကျော့ရှင်း သက်သက် မာယာတွေများနေတာ ...၊ နင့်ကို ချဉ်းကပ်ချင်လို့ ငါတို့အုပ်စုထဲ ဝင်ရောချင်နေတာ၊ ပြီးရင် နင်နဲ့ ရင်းနှီးအောင် လုပ်မယ်၊ နင့်ဘက်က ကြွေပြီဆိုတော့မှ နင့်ကို ခိုင်းချင် တိုင်း ခိုင်းပြီး အနိုင်ယူမယ်၊ နောက်ဆုံး တော့ နင့်ကို ငါတို့ အုပ်စုထဲကနေ သူရာစ်ဦးတည်း မှုပိုင်အဖြစ် ခွဲထုတ်သွားမယ်၊ အဲ့ဒါ သူ့အကြံပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရသ … အဲ့ဒါ သူ့ရဲ့ ၄၁ ပါးသော မာယာ တစ်ခုပဲ၊ နင် လုံးဝယုံကြည်ဖို့ မလိုဘူး …"

"အဲဒီလိုကြီး တစ်ယူသန်မပြောကြပါနဲ့ဟာ … သူလည်း အခု တခြား ယောကျ်ားလေးတွေနဲ့ ရောနှောခိုင်းစေပြီး နေတာမှမဟုတ်တော့တာ၊ သူ့ဘာသာ တစ်ယောက်တည်း နေနေတာ နင်တို့ မျက်မြင်ပဲ၊ သူကိုယ်တိုင် စပြီး ငါတို့ အုပ်စုထဲ ဝင်ပါရစေ ပြောလာတာကို ငါက ဘယ်လိုငြင်း ရမလဲ၊ ပြီးတော့ သမိန့်လုပ်ပုံကို အားနာတာလည်း ပါ တယ်၊ သမိန်က သူပဲ အသည်းအသန် ဖြစ်တုန်းကဖြစ်ပြီး ဟိုက အက်ဆီးဒင့်ဖြစ်တယ်လည်း ကြားရော ကြောက်ချေး ပါပြီး ရှောင်တော့တာပဲ"

"ဆင်ခြေတွေ ပေးမနေပါနဲ့ ရသရယ်၊ နင်လည်း ဒီပုပ် ထဲက ဒီပဲပါပဲလား"

"ဘာလဲဟာ …"

"နင်လည်း တခြားယောကျ်ားတွေလိုပဲ ကျော့ရှင်းကွန် ယက်ထဲက ရုန်းမထွက်နိုင်တော့ဘူးလား"

"မဟုတ်သေးပါဘူးဟာ …"

"လုပ်မနေနဲ့ … နင် ကျော့ရှင်းကို မသိစိတ်ထဲက ကျိတ်





ကြိုက်နေခဲ့တာ မဟုတ်လား၊ အဲ့ဒါကြောင့် ကျော့ရှင်း တခြား ယောကျ်ားလေးတွေကို ခိုင်းစေနေတာကို နင် ကြည့်မရဖြစ်ခဲ့တာ"

"မဟုတ်ပါဘူးကွာ၊ နင်တို့ကလည်း ငါ့ပဲ ဝိုင်းစွပ်စွဲနေကြ တော့တာပဲ"

ရသက ဖွေးဥတို့ တစ်ယောက်တစ်ပေါက် ဝိုင်းပြော နေကြသည့်ကြားမှာ ရှင်းပြငြင်းဆန်နေရချိန်တွင် ညိုချောသည် အားလုံးကို ငြိမ်ငြိမ်ကလေး ကြည့်နေမိရင်း ရင်ထဲမှာ ဗလောင် ဆူလျက်ရှိပါသည်။

ဟင့်အင်း … မလာရဘူး၊ ငါ့ရဲ့ နယ်မြေထဲကို ကျော့ရှင်း မလာရဘူး၊ ငါ့ရဲ့ ရတောင့်ရခဲ ဘဝလေးကို နင် ဝင်မဖျက်ဆီးရဘူး။

ငါတို့အုပ်စုထဲကို နင်ရောက်လာပြီး ရသရဲ့ ဂရုစိုက် မှုတွေကို ငါ့ဆီကနေ နင် လာခိုးယူသွားမှာ မဟုတ်လား …။

ရသနဲ့ ပတ်သက်သမျှ ဘာကိုမဆို နင့်အတွက် မဖြစ်စေရဘူး။

"ကျွန်မ ကန့်ကွက်တယ် …"

ညိုချောသည် တစ်ချိန်လုံး ငြိမ်နေရာမှ ဝုန်းခနဲ အရပ်ကာ အော်လိုက်တာမို့ ဖွေးဥတို့အားလုံး ကြောင်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သွားကြသည်။ အားလုံးက ညိုချောရှိရာနောက်ဘက်ဆီ ပြိုင်တူလိုလို လှည့်ကြည့်လိုက်ကြချိန်မှာ မျက်ရည်တွေလည်း ဝဲကာ တုန်ရီနေသော ညိုချောကို တွေ့လိုက်ကြရပါသည်။

"ကျွန်မ ကန့်ကွက်တယ် ရသ၊ တောင်းပန်ပါတယ် … ကျေးဇူးပြုပြီး ကျွန်မတို့ အုပ်စုထဲကို သူ့ကို ခေါ်မလာပါနဲ့နော် …"

ရသက ခေါင်းတစ်ချက်ကုပ်ပြီး ညိုချောထံ လျှောက်လာသည်။ ပြီးတော့ သူ့အကျင့်အတိုင်း ညိုချော ပခုံးကို ဖွဖွပုတ်၍ နှစ်သိမ့်လိုက်ရင်း …

"ညိုချောရယ် အဲဒီလောက်ကြီး မစိုးရိမ်ပါနဲ့၊ သူ ညိုချောကို အနိုင်မကျင့်စေရပါဘူး၊ ငါတို့လည်းရှိသားပဲ၊ နင့်ကို သူအနိုင်လာမကျင့်အောင် ငါက ကာကွယ်စောင့်ရှောက်ပေးမှာပေါ့၊ နင့်ဘက်က ရပ်တည်ပေးမှာပေါ့၊ အခု သူ့သဘောထားတွေလည်း ပြောင်းနေပါပြီ"

ညိုချောက ရသကို တောင်းပန်တိုးလျှိုးသော မျက်ဝန်းကလေးတွေဖြင့် ကြည့်မိကာ …

"ရသ … ရှင်ပေးထားတဲ့ ကတိကို သတိရသေးရဲ့လား ဟင် …"

"ဘာကတိလဲ …"





"ဟင် … ရှင် သတိမရတော့ဘူး မဟုတ်လား၊ ရှင်ပဲ ကတိပေးထားခဲ့တာလေ၊ ရှင်နဲ့ပတ်သက်ပြီး ကျော်ရှင်း ဘယ်တော့မှ ဂုဏ်မယူစေရဘူးဆိုတာလေ …"

"အေးပါ … ငါ သတိရပါတယ်၊ သူ ငါ့ကို နိုင်းချင်တိုင်း နိုင်းလို့ရတယ်ဆိုပြီး ဂုဏ်သူသွားရအောင် ငါ ဘယ်တော့မှ မလုပ်ပါဘူး"

"ပြီးတော့ နင် ကျော်ရှင်းကို ဘယ်တော့မှ မကြိုက်ပါဘူးလို့ ပြောဖူးသေးတယ်"

"အေးပါ … မကြိုက်ပါဘူးဟာ …"

"သူ့ … သူက အခီစီကလီ လာလုပ်ရင်လည်း နင် မညွှတ်ရဘူးနော်၊ အဲ့ဒီ မေကျော်ရှင်းက အရမ်းလည် …"

"ဟ … ဟ … တိုးတိုး၊ ဟိုမှာ ကျော်ရှင်းလာနေပြီ၊ နင်တို့တွေ သူနဲ့ စကားပြောကြည့်လိုက်ပါဟာ နော် …၊ သူ့ဘက်က နင်တို့အပေါ် အထက်စီးနင်းဆန်ဆန် လာလုပ်ရင် ငါ လုံးဝကြီး နှင်ထုတ်ပစ်လိုက်မယ်ကွာ၊ ကျေနပ်ကြပြီလား"

ညိုချောက သမင်လည်ပြန် လှည့်ကြည့်မိတော့ ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာနေသော ကျော်ရှင်းကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အို … လှလိုက်တာ ကျော့ရှင်းရယ်၊ ရှင် သိပ်လှတာတော့ အမှန်ပဲ …။ အဲဒီအလှကိုပဲ ငါသိပ်အားကျပြီး သိပ်ကြောက်ခဲ့ရတာ။

ကျော့ရှင်းသည် လူတကာ ငေးကြည့်ရသည့် ကြော့ရှင်းသော လမ်းလျှောက်ဟန်ကလေးဖြင့် ညိုချောထံ လှမ်းလာနေခဲ့ပါသည်။

ပခုံးသာသာ ဆံပင်တွန့်တွန့်လေးတွေ မျက်နှာတစ်ဝိုက်မှာ ဖွာရ၍ ဝဲကျနေပုံက အလွန် အသည်းယားစဖွယ်ကြည့်ကောင်းလှပါသည်။ နှချောကာ အဖုအပိန့် တစ်ခုတလေတောင် မစွန်းထင်းသော မျက်နှာကလေးပါမှာ အပြုံးကလေးတွေတင်ပြီး ယောကျ်ားတကာကို နိုင်းစားခဲ့တာပေါ့ဟု တွေးကာ ညိုချောက ကျော့ရှင်းကို လှမ်းကြည့်နေလိုက်မိပါသည်။

ရသက လက်ခံမယ်ဆိုမှတော့ ဖွေးဥတို့ကလည်း ကလန်ကဆန် ဆက်မလုပ်ဝံ့ဘဲ အခြေအနေကို စောင့်ကြည့်ရင်း ကျော့ရှင်းကို အကဲခတ်နေလိုက်ကြပါသည်။

ကျော့ရှင်း အနားရောက်လာချိန်မှာ ထူးခြားချက်တစ်ခုကို တွေ့ကြရပါသည်။ အဲ့ဒါက ကျော့ရှင်း မျက်နှာထားမာန်မာန ကင်းစင်ကာ တစ်မျိုးလေး နူးညံ့ကြည်လင်နေခြင်းဖြစ်သည်။





"ဟဲ့ … ဟဲ့ … မျက်နှာကို ကြည့်ဦး"

"အေး … တွေ့ပါတယ်၊ မာန်ကျနေသလိုပဲနော်"

"သရုပ်ဆောင်နေတာလည်း ဖြစ်နိုင်တာပဲ …"

ဖွေးဥတို့က အချင်းချင်း လက်ကုပ်၍ တီးတိုးပြောကြ၏။

ညိုချောကလည်း မာန်ကလေးတင်းကာ ကျော့ရှင်းကို ခပ်တည်တည် မျက်နှာထားဖြင့် စောင့်ကြိုနေလိုက်လေသည်။

ကျော့ရှင်းက ရသကို ပြုံးပြပြီးမှ ညိုချောဆီ အရင်လျှောက်လာကာ …

"ညိုချော … ငါ့ကို ခွင့်ပြုမှာလား"

"ဘာကိုလဲ …"

"ငါ့ကို နင်တို့အုပ်စုထဲ ဝင်ခွင့်ပြုမှာလား"

"နင့်ကိုတော့ ငါ ကြောက်ပါတယ်"

"ငါ နင့်အပေါ် နိုင့်ထက်စီးနင်း လုပ်ခဲ့မိတာတွေ ရှိရင် တောင်းပန်ပါတယ် ညိုချော၊ ငါ့ကို ခွင့်လွှတ်ပါ"

"နင့်အကြံကို ငါ မသိဘူးများ မှတ်သလား ကျော့ရှင်း၊ နင်က ငါတို့လို ရုပ်ဆိုးဆိုးအုပ်စုနဲ့ လာပေါင်းပြီး နင့်လှတာကို ပေါ်လွင်အောင် လုပ်ဦးမှာ မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူး ညိုချောရယ်၊ အဲဒီလို လုပ်မိသလို ဖြစ်ရင် နင်တို့အားလုံး ငါ့ကို ကြိုက်သလို ပြောဆိုနှင်ထုတ်နိုင်ပါတယ်"

"ဟုတ်သားပဲ ညိုချောရယ်၊ သူ မတရားလုပ်လာရင် ငါကလည်း ငြိမ်နေမှာမှ မဟုတ်တာ၊ အခုတော့ အားလုံး ငြိမ်းငြိမ်းချမ်းချမ်းပေါ့ဟာ၊ လက်ခံလိုက်တော့နော် ..."

"ကောင်းပြီလေ ... စောင့်ကြည့်ရသေးတာပေါ့"

ညိုချောက အပေါ်စီးလေသံဖြင့် ပြောလိုက်သော်လည်း ကျော့ရှင်းက အပြုံးမပျက်ဘဲ ဖွေးဥတို့ဘက်လှည့်ကာ ...

"ဖွေးဥတို့လည်း ငါ့ကို လက်ခံပေးပါနော်"

"အင်းလေ ... ရသနဲ့ ညိုချောက သဘောတူမှတော့ ငါတို့ကလည်း လက်ခံစဉ်းစားပေးရမှာပေါ့ ..."

ဖွေးဥတို့ကလည်း စိတ်ရင်း မဆိုးကြသူများမို့ ယဉ်ယဉ်ကျေးကျေး စစ်ပြေငြိမ်းစကား ဆိုနေသော ကျော့ရှင်းကို ငြင်းဆန်ဖို့ အင်အားမရှိကြပါ။

သူတို့အားလုံးရဲ့ ရင်ထဲမှာ စိုးရိမ်စိတ်တစ်ခုပဲ ရှိသည်။

အဲ့ဒါကတော့ ရသကို ကျော့ရှင်း မ,ထုတ်သွားမှာ ကြောက်ရတာပင်။





အားလုံးထဲမှာ စိုးရိမ်စိတ်အကြီးဆုံးကတော့ ရသအပေါ် ဖွေးဥတို့ထက် ပိုပြီး ခံစားချက် ပြင်းထန်ငြိတွယ်နေသည့် 'ညိုချော' ဖြစ်ကြောင်းကိုလည်း ဖွေးဥတို့ အားလုံးက ရင်လေးစွာ သိရှိထားခဲ့ရပါသည်။


❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





## (၁၈)

ညိုချောသည် ကျော့ရှင်းက ဘယ်လိုပဲ ကောင်းပြပါစေ ... မကြည်ဖြူနိုင်တာကတော့ အမှန်တည်း ...။

ညိုချော ရင်ထဲမှာ ရသနဲ့ ပတ်သက်ပြီး အမြဲလို စိုးထိတ်နေခဲ့ရသည်။

တစ်အုပ်စုလုံး ဘယ်ကိုပဲ သွားသွား ညိုချောက မပျော်နိုင်ဘဲ ရသကို တစ်လှည့်၊ ကျော့ရှင်းကို တစ်လှည့် အကဲခတ်ကာ ဘယ်သူများ မူပျက်နေပြီလဲဟု တွေးရင်း ရင်ပူနေခဲ့ရသည်။

ကျော့ရှင်းက ရသကို ကြည့်လျှင် ညိုချောက ကျော့ရှင်း မျက်လုံးတွကို ပြူးပြဲစိုက်ကြည့်ကာ မာယာ ပါမပါ အကဲခတ်နေသည်။ ကျော့ရှင်းက ရသကို စကားပြောလျှင် ထို



www.burmeseclassic.com

www.burmeseclassic.com



စကားသံဟာ ပုံမှန်မှ ဟုတ်ရဲ့လား၊ ညှုခွဲနေတာလား၊ ခရာတာတာ ဖြစ်နေသလားဟု နားစွင့်နေရတာလည်း အမောပင်။

တစ်နေ့တော့ တစ်အုပ်စုလုံး ချိန်းကာ ကန်တော်ကြီးထဲသို့ ပစ်ကနစ် ထွက်ကြလေသည်။

ထိုနေ့ တစ်နေ့လုံးလည်း ညိုချောက ဘာကိုမှ အာရုံမရောက်နိုင်ဘဲ ရသနှင့် ကျော့ရှင်းကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။

ဘယ်တော့ပဲ ကြည့်လိုက် ကြည့်လိုက် ရသနဲ့ ကျော့ရှင်းရဲ့ ပုံစံလေးတွေက ချစ်သူစုံတွဲကလေးလို လိုက်ဖက်ညီလွန်းတာကလည်း ညိုချောရဲ့ စိတ်ကို ပူပင်သောက ရောက်စေသည်။

ကြာတော့ ဖွေးဥတို့ကပင် ညိုချော စိတ်ကို ရိပ်မိလာကာ သတိပေးကြရသည်။

"ညိုချောရယ် ... ရှင့်ဟာက မလွန်လွန်းဘူးလား၊ အတင်းပြူးပြူးပြဲပြဲ လိုက်ကြည့်နေတာကြီးက အရမ်းသိသာနေပြီ၊ ရှင် ဒီလောက် လိုက်အကဲခတ်နေရင် သူတို့လည်း အနေခက်မှာပေါ့"

"ဒီလောက် အကဲခတ်နိုင်မှ တော်ရုံကျတာ ဖွေးဥရဲ့ ...၊ ကျော့ရှင်းအကြောင်းကို ငါလောက် နင်တို့ သိနိုင်ဦးမှာလား၊





သူ့တစ်ကိုယ်လုံး မာယာတွေချည်းပဲ၊ သူက မကြိုက်နိုင်ရင်တောင်မှ သူ့ကိုကြိုက်နေအောင် အမြဲဆွဲဆောင်ထားချင်တဲ့ သူမျိုး၊ ငါတို့ရဲ့ ရသက သူ့လိုမလည်တော့ ကြာရင် သူ့ထောင်ချောက်ထဲ ကျသွားမှာ စိုးရတယ်"

"တို့ အကဲခတ်ရသလောက်တော့ ကျော့ရှင်းက သိပ်မဆိုးပါဘူး၊ အရင်ကတော့ တို့လည်း နင့်လိုပဲ သူ့အပေါ် မယုံသင်္ကာဖြစ်တာပဲ၊ ဒါပေမယ့် အခုကြည့်ရတာတော့ ကျော့ရှင်းက တို့အားလုံးအပေါ် စိတ်ရင်းနဲ့ ရိုးရိုးရှင်းရှင်း ဆက်ဆံသားပဲ၊ ပြီးတော့ ... သူ့အပေါ် အရင်က ပိုးပန်းနေကြတဲ့ ယောကျ်ားလေးတွေနဲ့လည်း အပေါင်းအသင်းမှ မလုပ်တော့တာ၊ သူ့ကိစ္စတွေ သူ့ဘာသာလုပ်တဲ့အပြင် တို့ကိစ္စတွေတောင်မှ လိုက်လုပ်ပေးသေးတာ"

"ဘာများလုပ်လို့လဲ ..."

"တို့လိုချင်တဲ့ စာအုပ်တွေကိုလည်း သူပဲ တကူးတက ရှာဝယ်ပေးတာ၊ အင်တာနက်ထဲက အချက်အလက်တွေ လိုချင်တယ်ဆိုလည်း သူပဲ အင်တာနက် သွားကြည့်ပြီး CDနဲ့ ကူးလာပေးတာ အားလုံးအတွက်ပဲလေ ..."

"အဲဒါက ရသ အထင်ကြီးတာကို လိုချင်လို့ တမင်သက်သက် နင်တို့ကို ကူညီပြနေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတဲ့ဘက်က တွေးပါ ညိုချောရယ်၊ သူမကောင်းတော့လည်း မကောင်းသလို တုံ့ပြန်ပေါ့၊ ကောင်းနေချိန်မှာတော့ ကိုယ့်ဘက်ကလည်း စိတ်ကောင်းလေး မွေးပေါ့၊ ဒီလိုသာ သံသယတွေ ကြီးနေရင် နင်ပဲ ပင်ပန်းမှာ..."

"နင်တို့တွေတောင်မှ သူ့ဘက်တော်သား ဖြစ်သွားကြပြီနော်"

"ညိုချောရယ်... ခက်ပါလား"

ညိုချောကတော့ ဘယ်သူ ဘယ်လိုပဲ ဖျောင်းဖျပါစေ နားမဝင်နိုင်တော့ချေ။ ရင်ထဲမှာ ဆူးတစ်ချောင်း စူးဝင်နေသလို အမြဲ အနေရခက်နေသည်။

ညိုချောသည် ရသတစ်ယောက်တည်း ရှိနေမည့် အချိန်ကို စောင့်နေကာ အခွင့်ကြုံတာနှင့် ရသဆီ သွားပြီး စိတ်ကူးတည့်ရာ လျှောက်ပြောလိုက်လေသည်။

"ရသ... ရှင့်ကို ကျွန်မ ပြောစရာရှိတယ် သိလား၊ ကျောင်းရှင်းမှာလေ ဟို... ဟို... ရည်းစားတွေ အများကြီး ရှိတယ် သိလား၊ နယ်မှာက နှစ်ယောက်၊ အဆောင်နားလမ်းထဲက တစ်ယောက်၊ အင်း... မဟုတ်ဘူး... နှစ်ယောက်တောင်...၊ ပြီးတော့ ရှိသေးတယ်၊ အများကြီးပဲ၊ ကျွန်မ မသိတဲ့သူတွေ ရှိဦးမယ်"





ရသက ညိုချောကို ကရုဏာသက်သော အကြည့်မျိုးဖြင့် စိုက်ကြည့်နားထောင်နေသည်။

"ပြီးတော့လေ သူက အိမ်... အိမ်ထောင် ကျဖူးတယ်ဆိုလား... အင်..."

ညိုချောက အရှိန်နှင့် ဆက်ပြောနေပြီးမှ ရသရဲ့ မျက်လုံးတွေကို သတိပြုမိကာ ငြိမ်ကျသွားသည်။ ခဏကြာတော့ တဖြည်းဖြည်း မဲ့လာကာ ရှိုက်ကြီးတငင် ငိုလိုက်ရင်း...

"ရှင်... ရှင် မယုံဘူး မဟုတ်လား ရသရဲ့... ဟင်၊ ဟုတ်ပါတယ်၊ ကျွန်မ ညာမိတာပါ ရသရယ်၊ ကျွန်မ သူ့ကို မနာလိုလို့ ညာမိပါတယ်"

ရသက ညိုချော ပခုံးကိုပုတ်၍ နှစ်သိမ့်လိုက်ရင်း "မငိုပါနဲ့ ညိုချောရယ်၊ ငါက ငါ့သူငယ်ချင်းတွေအားလုံးကို သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာထားတတ်တဲ့ ရိုးသားတဲ့သူတွေ ဖြစ်စေချင်တယ်လေ၊ နင်တို့ကို ငါ ခင်မိတာကလည်း နင်တို့ရဲ့ ရိုးသားမှုကို သဘောကျမိလို့ပဲ၊ အမြဲတမ်းလည်း ရိုးသားနေစေချင်တယ်၊ ရုပ်လှတာ မလှတာက အရေးမကြီးပါဘူး၊ စိတ်ကောင်းလေး မွေးတတ်ရင် အလိုလို နှစ်သက်စရာဖြစ်နေမှာပါ၊ ငါ့ကိုခင်ရင် စိတ်ကောင်းမွေးနိုင်ဖို့ ကြိုးစားပါ ညိုချော..."



www.burmeseclassic.com

www.burmeseclassic.com



ရသ ထွက်သွားတော့ ညိုချော တစ်ယောက်တည်း ထိုနေရာလေးမှာ အကြာကြီး ဆက်ရပ်နေမိသည်။ ပြီးတော့ ရသ ပုတ်သွားသော ဘယ်ဘက် ပခုံးကို ညာလက်ဖြင့် အုပ်ကိုင်ထားမိသည်။

ကျွန်မက စိတ်ကောင်းမွေးတော့ရော ရှင်က ချစ်နိုင်မှာတဲ့လား ရသရယ် ...။

ရှင့်အချစ်တွေဟာ တစ်ချိန်ချိန်မှာ ကျော့ရှင်းဆီ ရောက်သွားမယ်လို့ပဲ ကျွန်မ ထင်မိပါတယ်။

ကျော့ရှင်း စိတ်မလှခင်ကသာ ရှင်ကြည့်မရပေမယ့် စိတ်လှလာတဲ့ အချိန်မှာတော့ ရှင် ကိုင်းညွှတ်သွားမှာ သေချာသလောက်ပါပဲ။ ရုပ်ရော စိတ်ပါလှတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်သူက လက်လွှတ်ချင်ပါ့မလဲ ...။

ရှင်ကိုယ်တိုင် မသိပေမယ့် ကျော့ရှင်းနဲ့ ပတ်သက်ပြီး ပုံမှန်ထက် လွန်ကဲ စိတ်ဝင်စားတတ်တာကို အစောကြီးကတည်းက ကျွန်မ သိခဲ့ပါတယ်။

ညိုချောက အတွေးတွေ ဝေနေကာ ထိုနေရာမှ တရွေ့ရွေ့ ထွက်ခွာလာပါသည်။

ထိုနေ့ တစ်နေ့လုံး စိတ်တွေလေးနေကာ တစ်ယောက်တည်း လျှောက်သွားနေမိသည်။





Shopping center တစ်ခုရဲ့ ရှေ့မှန်ချပ်ထဲမှာ ကိုယ့်ပုံရိပ်ကို ရိပ်ခနဲတွေ့ရသောအခါ ညိုချောက ထိုနေရာမှာ ရပ်လိုက်ပြီး မှန်ထဲက ကိုယ့်ရုပ်ကို ကိုယ် စိတ်ပျက်ညှိုးငယ်စွာ စိုက်ကြည့်မိပါသည်။

ဒီရုပ် ဒီရည်ဟာ ကျော့ရှင်းကို ဘယ်လိုများ မီနိုင်မှာတဲ့လဲဟင် ...၊ စိတ်ပျက်စရာကောင်းလိုက်တာ။ ဖြစ်သလို စုစည်းထားတဲ့ ခပ်ကြမ်းကြမ်း ဖွာဖွာ ဆံပင်တွေက အစအနတွေ ဖွာထွက်နေကာ မသပ်မရပ်ဖြစ်နေသည်။ မျက်နှာပေါ်မှာလည်း ဝက်ခြံ အဖုအပိမ့်တွေရှိကာ အဆီပြန် မည်းပြောင်လျက်ရှိသည်။ မျက်ခုံးမွေးကလည်း ဖော့တော့တော့အရာမထင်၊ နှုတ်ခမ်းကလည်း ညိုတိုတိုဖြစ်၍နေသေးသည်။ အဲဒီအထဲမှာမှ သွားခေါ်လေးကလည်း ပြူးနေသေးသည်။ အလှရယ်လို့ ဘယ်နားတစ်ကွက်မှ ရှာမရချေ။

ဒါပေမယ့် လူဆိုတာ တစ်ကွက်ကောင်းကလေးတော့ အလှရှိတတ်တာပဲတဲ့။ ခုချိန်မှာ ညိုချောရဲ့ အလှကို ရှာဖွေဖော်ထုတ် ချီးမွမ်းနှစ်သိမ့်ပေးမည့် လူတစ်ယောက်ကို မျှော်လင့်မိပါသည်။

ညိုချောသည် စိတ်ညစ်ညစ်နှင့် အနားက ဖြတ်လျှောက်သွားသည့် ကလေးတစ်ယောက်ကို လှမ်းခေါ်မိပြီး ...

"ကလေး ... အစ်မ့က လှသလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရာ ကလေးက ခေါင်းတွင်တွင်ခါရင်း

"ဟင့်အင်း ... လှဘူး ... လှဘူး၊ အသားမည်းပြီး သွား လည်း ခေါနေတယ်"

ညိုချောက ထိုနေရာမှာပဲ လဲသေချင်သွားတော့၏။

• • •



(၁၉)

ညိုချောသည် ပိုက်ဆံအိတ်ကလေးကို ကျစ်ကျစ်ပါ အောင် ဆုပ်ထားရင်း ခမ်းနားကြီးမားလှသည့် ဖြူတီဆလွန်း ဆိုင်းဘုတ်ကြီးကို မော့ကြည့်လိုက်လေသည်။

ဒီဆိုင်ရှေ့မှာ ချီတုံ ချတုံ ရပ်နေမိတာ ကြာပြီ။

ပိုက်ဆံရှိပုံရသော မိန်းကလေး လှလှလေးတွေက ညိုချောနံဘေးမှဖြတ်ကာ ဆိုင်ထဲသို့ ဝင်သွားကြသည်။ အရမ်း လှနေသော မိန်းကလေးတွေလည်း ညိုချောဘေးမှ ဖြတ်ကာ ပြန် ထွက်သွားကြသည်။

ညိုချောကတော့ နေရာမှ မရွေ့မိသေးချေ။

အမေ ဆင်ထားတဲ့ နားကပ်ကလေးကို ရောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ရလာတဲ့ ပိုက်ဆံကလေးကိုတော့ နှမြောပါရဲ့။ သို့သော် ... ညိုချော ရဲ့ လှချင်စိတ်ကိုတော့ ထိန်းမရနိုင်ချေ။

ညိုချောက နားပေါက်ဟောင်းလောင်းကလေးကို စမ်းကြည့်ရင်း နှမြောတာသ ဖြစ်နေမိသည်။ သို့သော် ချက်ချင်း အားပြန်တင်းလိုက်ပါသည်။

ဘာဖြစ်သေးလဲ ... အတုတွေမှ အများကြီး။ အစစ် ထက်တောင် လက်ရာကောင်းသေးသည်။ ဖန်စီ နားဆွဲကလေးနဲ့ ဆို ပိုပြီး ငယ်နုသွားနိုင်သေးသည်။ အမေ ဆင်ထားတဲ့ ခြယ် နားကပ်က ခေတ်လည်း မမီတော့ပါဘူး။

ညိုချောက ကိုယ့်ကိုယ်ကို အားပေးကာ ဖြူတီ ဆလွန်းထဲသို့ အားတင်းပြီး ဝင်လာခဲ့ပါသည်။

အရေးထဲမှ စိတ်တွေဝေနေတာမို့လို့ မှန်တံခါးကို ဆွဲရမှန်းမသိ တွန်းရမှန်းမသိ ကယောင်ချောက်ချား ကိုးလို့ကန့် လန့် ဖြစ်နေရသေးသည်။

"မင်္ဂလာပါရှင် ..."

ဆိုင်ဝန်ထမ်း မိန်းကလေးက တံခါးကို ဆွဲဖွင့်ပေး ရင်း အပြုံးကလေးနှင့် နှုတ်ဆက်လိုက်တော့မှ ညိုချော စိတ်ထဲ နည်းနည်းပေါ့သွားသည်။

ညိုချောက မလှပေမယ့် သူတို့က ဖော်ရွေသားပဲ။





ညိုချောက တစ်ခါမှ မရောက်ဖူးသော ဆိုင်ထဲကို ခေါင်းကလေးလည်သွားအောင် လှည့်ပတ်ကြည့်မိပါသည်။

ဆိုင်ကလည်း ခမ်းနားလိုက်တာ ... ။

ညိုချောက ပိုက်ဆံအိတ် အထူအပါးကို မှတ်ကြည့် မိပြန်ပါသည်။

ရောင်းလာတာက စိန်နားကပ်ကလေးပဲဆိုတော့ လောက်တော့ လောက်မှာပါလေ ... ။

"ဘာများ ဆောင်ရွက်ပေးရမလဲ ညီမ ..."

"ဟို ... အလှ ... အလှပြင်ချင်လို့"

အမျိုးသမီးတစ်ယောက်က ပြုံး၍ မေးလာတာမို့ ညိုချော ပျာပျာသလဲ ပြန်ဖြေမိသည်။

"အလှပြင်တာတော့ ဟုတ်ပါတယ်၊ ဆံပင်လား ... မျက်နှာ လား ... ခန္ဓာကိုယ်ပိုင်းလား ... ၊ ညီမ ပြင်ချင်တာပြော လေ ..."

"ဟို ... ဟိုလေ ... မျက်နှာနဲ့ ဆံပင်ပြင်ချင်တယ်"

"ဪ ... ဟုတ်ပြီ၊ ဒါဆို လာလေ၊ မျက်နှာကို အရင် ပေါင်းတင်ပေးမယ်နော်"

"အဲဒီလိုလုပ်ရင် လှလာမှာလား အစ်မ"

"အသားလေးတွေ နုချောလာမှာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အသား ဖြူလာမှာလား ..."

"တစ်ခါတည်းနဲ့တော့ သိပ်မထူးဘူး ညီမရဲ့၊ ခဏ ခဏ လာပေါင်းတင်မယ်၊ Skin care ပစ္စည်းတွေ သုံးမယ်၊ whitening ပါတဲ့ ကော်စမတ်တစ်တွေ ရွေးသုံးမယ်ဆိုရင်တော့ ဖြူလာနိုင်ပါတယ်"

ညီချောက စိတ်ခတ်တက်ကြွလာကာ ပေါင်းတင်သည့် ခုံပေါ်တက်၍ လှဲအိပ်လိုက်ပါသည်။

ပေါင်းတင်ခံနေရင်း ညီချောက ထိုအစ်မကို မေးမိပါသည်။

"အစ်မ ... ကျွန်မက တော်တော် ရုပ်ဆိုးသလားဟင် ..."

ထိုအစ်မက ရယ်မောလိုက်ရင်း ...

"မဆိုးပါဘူး ညီမရယ်၊ ညီမရဲ့ မျက်နှာလေးက ဘဲဥပုံကလေးဆိုတော့ မျက်နှာကျ အရမ်းလှပါတယ်၊ တချို့များဆို မေးရိုးတွေ ကားနေတာ အရမ်းရုပ်ဆိုးတယ်၊ မေးရိုးကားတာကျတော့ အစ်မတို့လည်း ပြင်ပေးလို့ မရဘူးလေ၊ ညီမလိုသာ မျက်နှာကျလေးလှရင် မျက်နှာပေါ်က ပစ္စည်းတွေက ဘယ်လိုပြင်ပြင် ရပါတယ် ..."

"ဟုတ်လား အစ်မ ... ပြင်ရင် လှလာမှာလား"

"လှတာပေါ့၊ ညီမ မျက်ခုံးမွှေးလေးတွေ ပါးနေတာကိုလည်း စက်နဲ့ပုံဖော်ပြီး ထိုးလို့ရတယ်၊ ညီမ မျက်လုံးလေးတွေကတော့ လှပါတယ်၊ မျက်ခွံကလေး မျက်ရစ်မပါတာကလည်း အဆင်ပြေတယ်၊ ခုနောက်ပိုင်းဆို ကိုရီးယားမင်းသမီးတွေကို အားကျပြီး မျက်ရစ်ပေါ်တဲ့ သူတွေတောင်မှ မျက်ရစ်မပေါ်အောင် လာကပ်ကြသေးတယ် ..."

"နှုတ်ခမ်းကရောဟင် ..."

"နှုတ်ခမ်းရောင်ကလည်း သွင်းလို့ရတာပဲလေ၊ ပန်းရောင်ကလေးပဲသွင်းသွင်း ရတာပဲ၊ ဒီလိုမှ မလုပ်ချင်လည်း နှုတ်ခမ်းနီ အမြဲဆိုးပေါ့၊ ညီမက သွားခေါလို့သာ နှုတ်ခမ်းမလှဘူးထင်ရတာပါ၊ သွားတွေကို ပြင်လိုက်ရင် နှုတ်ခမ်းက သူ့အလိုလို လှလာမယ်"

"သွားက ပြင်လို့ရတယ်လား"

"ရတာပေါ့ ...၊ ခေါတာကိုပဲပြင်ပြင်၊ ကျဲတာကိုပဲပြင်ပြင် ရတာပဲ၊ ဟိုးအရင်က အဆိုတော် မင်းသမီးတစ်ယောက်လည်း သွားတွေပြင်လိုက်တော့ လှသွားတာပဲ၊ ညီမ ပြင်ချင်ရင် အစ်မအသိ သွားဆရာဝန်တစ်ယောက်ရဲ့ လိပ်စာပေးလိုက်မယ်"

"ပိုက်ဆံတော့ တော်တော်ကုန်မှာပေါ့နော်"

"လှချင်ရင်တော့ အကုန်ခံရမှာပေါ့ ညီမရယ်"







www.burmeseclassic.com

www.burmeseclassic.com



"နှာခေါင်းပြားတာကတော့ ပြင်လို့ရမယ်မထင်ဘူးနော်"

"ဘာလို့ မရရမှာလဲ၊ ပလတ်စတစ် ဆာဂျရီလုပ်လိုက်လို့ ရတာပဲ၊ ညီမ မသိဘူးလား၊ မင်းသမီး ဆုပန်ထွာတောင် နှာခေါင်းပြင်ထားတာ၊ အရင်ကထက် ပိုလှလာတယ်"

"အဲ့ဒါ ဘယ်မှာပြင်ရတာလဲ ..."

"သူ ဘယ်မှာပြင်လဲတော့ မသိဘူး၊ အစ်မ သိထားတာက တော့ Lacer Face မှာ ပြင်လို့ရတယ်၊ Grand မီးရထား ဟိုတယ်မှာလည်း ပြင်လို့ရတယ်တဲ့"

"ကျေးဇူးပါပဲ အစ်မရယ်၊ ... တစ်ခုတော့ရှိတယ် မျက်နှာ လှပေမယ့် ကျွန်မ အသားက မည်းတော့ ..."

"ညီမ အသားက တော်တော်ညိုတဲ့အဆင့်ပဲ ရှိတာပါ၊ မည်းတဲ့အဆင့်မျိုးထိ မရောက်သေးပါဘူး၊ အခု တစ်ကိုယ် လုံး ပေါင်းတင်ပြီး whitening ပစ္စည်းတွေ စွဲသုံးရင် တဖြည်း ဖြည်း ဖြူလာမှာပေါ့၊ အဲဒါဆို ညီမ အရမ်းကြည့် ကောင်းသွားမယ်၊ ညီမရဲ့ ကိုယ်လုံးလေးကလည်း လှတယ် လေ"

"မလှပါဘူး အစ်မရယ်၊ ဒီလောက်ပိန်တာ ..."

"အို ... ခုခေတ်မှာက ဒီလို အဆီပိုမရှိဘဲ ကျစ်လျစ်တဲ့ ကိုယ်လုံးမျိုးကိုမှ လှတယ်လို့ခေါ်တာလေ ညီမရဲ့"





ညိုချောသည် ထိုအစ်မရဲ့ စကားတွေကို နားထောင်ရင်း ပျော်ရွှင်တက်ကြွလာပါသည်။

"ဆံပင်ကိုရော ဘယ်လိုလုပ်ရင် ကောင်းမလဲဟင် အစ်မ"

"ညီမ ဆံပင်ကကြမ်းတော့ ဖြောင့်လိုက်ပြီး စတက်ကလေး တွေ ညှပ်ချလိုက်ရင် အဆင်ပြေပြီ"

"အဲဒါဆိုလည်း အဲဒီလိုပဲ လုပ်ပေးပါ အစ်မရယ်"

ထိုနေ့မှာ ညိုချောက မျက်နှာပေါင်းတင်၊ မျက်ခုံး စုတ်ထိုး၊ ဆံပင်ဖြောင့်၊ တစ်ကိုယ်လုံးပေါင်းတင်၊ ခြေသည်း လက်သည်းပြင်၊ သင့်တော်သည့် Skin care ပစ္စည်းတွေ၊ ကော် စမတ်တစ်တွေ ဝယ်လိုက်တာမို့ ပိုက်ဆံ တော်တော်ကုန်သွားပါ သည်။

သို့သော် ... ညိုချောက ပျော်ရွှင်နေမိကာ မိုးစုပ်စုပ် ချုပ်မှ ဗြူတီဆလွန်းထဲမှ ပြန်ထွက်လာရသည်။

ညိုချော လက်ထဲမှာတော့ သွားဆေးခန်းတစ်ခုရဲ့ လိပ်စာကတ်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လာပါသည်။


❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





(၂၀)

"ကျော့ရှင်းက ငါ့ကို လုံးဝ ခွင့်မလွှတ်တော့ဘူး ထင်ပါရဲ့ ကွာ၊ အရင်တုန်းကလိုတောင် မျက်နှာချင်းဆိုင် မခံတော့ဘူး၊ ငါ့အရိပ်ကို ဝေးဝေးက တွေ့ရုံနဲ့ ချာခနဲ လှည့်ထွက်သွားတော့တာပဲ ..."

အဲ့ဒါ နည်းတောင် နည်းသေးတယ် သမိန် ...။

"သူ ခွင့်လွှတ်အောင် ငါ ဘာလုပ်သင့်သလဲ ..."

သွားသေလိုက်ပေါ့ သမိန် ...။

"ငါ့ရင်ထဲမှာ မချိဘူးကွာ ..."

ကျော့်ရသသည် သမိန့်ကို စိတ်ထဲကနေ ခံပြောနေရာက နားငြီးလာကာ တစ်ဖက်သို့ လှည့်ပြီး မကြားချင်ယောင်ဆောင်နေလိုက်မိပါသည်။

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျော့ရှင်း မျက်နှာမလှတော့ဘူးဟု သိရချိန်က ဖိဖိခါ ငြင်းဆန်ရောင်ရွှာခဲ့သော သမိန်က ကျော့ရှင်းဟာ အရင်အတိုင်း လှနေတုန်းပဲဟု သိရချိန်မှာ နည်းနည်းမှမရှက်ဘဲ ပြန်လည်ချဉ်းကပ်ဖို့ ကြိုးစားခဲ့တာမို့ ရသက သမိန့် စိတ်ဓာတ်ကို 'ချဉ်' သွားမိပါသည်။

ခုတော့ သမိန်ဟာ ကျော့ရှင်းကို အရှုံးအမှုးအသည်းအသန် ပြန်ဖြစ်ကာ ကျော့ရှင်း လာရာလမ်းမှာ သွားစောင့်ပြီး လူတွေအများကြီးရှေ့မှာ ဒူးထောက်ပြလိုပြ။ ကိုရိုးယားကား ဆန်လှပါသည်။

"ရသ ... ငါ ဘာလုပ်ရရင် ကောင်းမလဲကွာ၊ ငါ့ကို အကြံပေးပါဦးကွာ၊ ငါ သူ့ကို မစွန့်လွှတ်နိုင်မှန်း ပိုပြီး သေချာလာလို့ပါကွာ"

သမိန်က ပြောနေရင်းက ရသ ပခုံးကို လှမ်းဆွဲဖက်လိုက်ပါသည်။ ရသက သမိန့် လက်ကို ဖယ်ချလိုက်ရင်း ...

"ဖယ်စမ်းပါကွာ ...၊ အဲဒါ မင်းကိစ္စ၊ ငါ့လာမပြောနဲ့"

"အံမယ် ...မင်းက သူငယ်ချင်း အချင်းချင်း တော်တော် တစိမ်းဆန်နေပါလား၊ မင်းက ငါ့ကို ကူညီရမှာစိုးတာနဲ့ပဲ အထာကိုင်နေရပြန်ပြီ"

"ငါက မင်းကို ဘာကူညီစရာရှိလို့လဲ ..."





"အခု မင်းတို့အုပ်စုနဲ့ ကျော့ရှင်းနဲ့က အရမ်းခင်နေကြပြီဆိုတော့ ကျော့ရှင်းကို ဖျောင်းဖျပေးဖို့ မင်းကိုပဲ အကူအညီ တောင်းရမှာပေါ့ ..."

"ငါက ဘာကို ဖျောင်းဖျရမှာလဲ ..."

"ငါ သူ့ကို မစွန့်လွှတ်နိုင်တဲ့အကြောင်း၊ ငါ အရမ်းခံစားနေရတယ်ဆိုတဲ့ အကြောင်းကို သူသိအောင် ပြောပြနားချပေးပေါ့"

ရသက သမိန့်ကို စိတ်ပျက်စွာကြည့်မိရင်း ...

"သမိန် ... မင်းဟာ တော်တော် တရားကျဖို့ကောင်းတဲ့ ကောင်ပါလား ...၊ မင်း မစွန့်လွှတ်နိုင်တာက ကျော့ရှင်း လှနေသေးလို့ မဟုတ်လား၊ ကျော့ရှင်း မလှနိုင်တော့ဘူးလို့ ထင်ခဲ့တုန်းက မင်း ကျော့ရှင်းကို ဘယ်လိုသဘောထားခဲ့လဲ၊ မင်းကိုယ်မင်း ပြန် မေးကြည့်ပါဦး"

"အဲဒီတုန်းက ရုတ်တရက်ကြီးမို့လို့ အရမ်းတုန်လှုပ်နေလို့ပါကွာ၊ ပြီးတော့ ကျော့ရှင်းကို အရမ်းချစ်လို့ မကြည့်ရက်နိုင်တာလည်း ပါပါတယ်"

"ဒါကတော့ မင်းစိတ်ကို မင်း ပိုသိပါလိမ့်မယ်၊ ငါ ဘာမှ မပြောချင်တော့ပါဘူး ..."

"ကူညီပါကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်မင်း လိပ်ပြာလုံရင် မင်းဘာသာ ကြိုးစားပေါ့"

"ရှာရာ ... မင်းသဘောထားကလည်း တစ်မျိုးပဲ"

"ဘာတစ်မျိုးလဲ ..."

"မင်း အခုပြောနေတဲ့ ပုံက ကျောင်းဘက်က ရပ်တည်နေတဲ့ ပုံမျိုးပဲ၊ အရင်တုန်းက ကျောင်းကို လုံးဝကြည့်မရခဲ့တဲ့ မင်းနဲ့ မင်းကို ကြည့်မရတဲ့ ကျောင်းက အပေါင်းအသင်းတွေ ဖြစ်နေကြတာလည်း နည်းနည်းအံ့သြဖို့ကောင်းတယ်"

"ဒါကတော့ မင်း လုပ်ပုံမဟုတ်လို့ ငါက ကြားထဲက အားနာပြီး ကျောင်းဆီ သွားတွေ့ရင်း ခင်မင်သွားကြတာပဲလေ၊ ငါက လူ ချင်းချင်း တန်ဖိုးထားတယ်၊ အဲဒီလို တန်ဖိုးထားတဲ့ သူမျိုးနဲ့ပဲ အပေါင်းအသင်း လုပ်ချင်တယ်"

"စကားလုံးကြီးတွေနဲ့ ကိုင်ပေါက်မနေပါနဲ့တော့ကွာ၊ မင်းလည်း ယောကျ်ားထဲက ယောကျ်ားတစ်ယောက်ပဲ ဥစ္စာ၊ ကျောင်းအလှမှာ ယစ်မူးတာ မဆန်းပါဘူး၊ ငါ သဘောပေါက်ပါတယ်၊ မင်း မကူညီရင်လည်း ကိစ္စမရှိဘူး၊ ငါက တော့ ငါ့နည်း ငါ့ဟန်နဲ့ ကြိုးစားရမှာပဲ ..."

သမိန်က နှုတ်ခမ်းကိုမဲ့ရင်း ရယ်မောကာ သူ့ရှေ့က ထွက်သွားသည်။





သူငယ်ချင်း အချင်းချင်း စိတ်ဝမ်းကွဲရသလို ဖြစ်နေသည့်အတွက်တော့ ရှာက စိတ်မကောင်းပါ။

ဒဏ်ရာရဟန်ဆောင်ပြီး ပရိယာယ် ဆင်ခဲ့သည့် ကျောင်းကိုပဲ အပြစ်တင်ရမလား။ အလှမက်လှသည့် သမိန့်ကိုပဲ အပြစ်တင်ရမှာလား ...။

ဟိုး ... ရှေးရှေးကတည်းက သမိန့်ကို မျက်နှာသာ ပေး စေခိုင်းခဲ့တဲ့ ကျောင်းကရော မလွန်ဘူးလား ...။ သူကရော ကျောင်းအပေါ် ခုမှ ဘာလို့ နားလည်စာနာမိပါလိမ့် ...။

သူ့စိတ်တွေ ထွေပြီး ကျန်ရစ်ခဲ့ရပါသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com





(၂၁)

"ကျော့ရှင်း ..."

လာပြန်ပြီ ...။

ကျော့ရှင်းသည် သမိန့် ခေါ်သံကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားရလေသည်။

သမိန့်ကို ကျော့ရှင်းက စကားပြောချင်စိတ် မရှိ။ တခြား ကျော့ရှင်းကို ပိုးပန်းကြသည့် ယောကျ်ားလေး မိတ်ဆွေတွေကိုလည်း အယုံအကြည် မရှိစွာ ရှောင်ခွာနေမိတာ ဘယ်လောက်ကြာပြီလဲ။

အားလုံးထဲမှာ သမိန့်က ဇွဲကောင်းကောင်းဖြင့် လိုအင်လံကြိုးပမ်းလျက် ရှိပါသည်။

ကျော့ရှင်းရဲ့ စိတ်သည် ရသတို့ အုပ်စုနဲ့ အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်း ဖြစ်မှ ငြိမ်းချမ်းလာသည်ဟု ခံစားရကာ ထိုငြိမ်းချမ်းမှု ကလေးကိုပဲ ဆက်လက် ထိန်းသိမ်းထားချင်သည်။

ရသလို စိတ်ခါတ် ဖြောင့်မှန် ငြိမ်းချမ်းသူနဲ့ နီးနီး ကလေးမှာ နေရခြင်းက ကျော့ရှင်းကို ပျော်ရွှင်စေခဲ့သည်။

သမိန့်ကို မြင်လျှင်တော့ ပူလောင်သည်ဟု ခံစား ရမြဲပင် ...။

"ကျော့ရှင်းရေ ..."

သမိန်က အပြေးတစ်ပိုင်း လျှောက်လာတာမို့ ကျော့ရှင်းကို မီလာသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါ ကျော့ရှင်းရယ်"

အို ... အိုဗာ အက်တင်တွေ ...။

ကျော့ရှင်းက မသနားသည့်အပြင် လှောင်ပြောင် သရော်ချင်လာသည်။

"ကျော့ရှင်း ခွင့်မလွှတ်မချင်း ဒီနေရာက မထဘူး"

"ရှင်က ပွဲနိဂုံးလား၊ ဒါရိုက်တာ ရင်လား၊ ချွဲခွာနူးလား"

"ခင်ဗျာ ..."

"သြော် ... ရှင်က ကိုရီးယားကလာတာလားလို့ မေးနေတာ ဘယ်ဇာတ်ကားအတွက် ဇာတ်ဝင်ခန်း ရိုက်နေတာလဲဟင်"

"မလှောင်ပါနဲ့ ကျော့ရှင်းရယ် ..."





"ကဲ ... ထပါ ... ထပါ၊ သူများတွေလည်း ဝိုင်းကြည့်နေကြပြီ၊ ကျွန်မလည်း ရှင့်ကို သိပ်သနားသွားတာပဲ၊ ကျွန်မ မလှတော့ဘူးထင်ပြီး ရှောင်ခဲ့တဲ့၊ လှမှန်းသိတဲ့အချိန်မှာ ပြန်တောင်းပန်တဲ့ ရှင့်ကို ကျွန်မကလည်း သဘောထား ကြီးကြီးထားပြီး ခွင့်လွှတ်ရမှာပေါ့နော်၊ ရှင့်မေတ္တာက စစ် မှန်တယ်ဆိုတော့လေ ..."

"ကျော့ရှင်းကိုယ့်ကို အဲ့ဒီစကားလုံးတွေနဲ့ မနှိပ်စက်ပါနဲ့ ကွာ"

သမိန်က ထရပ်လိုက်တော့ ယိုင်ထိုး ယိုင်ထိုး ဖြစ် သွားသည်။ သမိန့်ထံမှ အရက်နံ့ငွေ့ငွေ့ ရနေသည်။

"ရှင် ... အရက်တွေ သောက်လာတာလား"

"ကိုယ် စိတ်ညစ်လွန်းလို့ပါကွာ၊ ကျော့ရှင်း ကိုယ့်ကို ခွင့်လွှတ်ရင် ကိုယ် မသောက်တော့ပါဘူး"

"ဒီမှာ ... သမိန် ... ကျွန်မပြောတာကို သေသေချာချာ နား ထောင်ပါ၊ ရှင့်ဘက်က ဘယ်လိုနည်းဗျူဟာတွေပဲသုံးသုံး ကျွန်မက ရှင့်ကို လက်ခံမှာမဟုတ်တော့တဲ့အတူတူ အချိန် ကုန် လူပမ်းခံမနေပါနဲ့တော့၊ ရှင့်ကို အရင်တုန်းကလည်း မချစ်ဘူး၊ အခုလည်း မချစ်ဘူး၊ နောက်လည်း ချစ်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ရှင့်ကို အသဝင် သေးလို့ပဲ၊ ပြန်ပါတော့ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



သမိန်က ကျော့ရှင်းကို ခပ်စိုက်စိုက် တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် ချာခနဲလှည့်ကာ ကားလမ်းမဘက်သို့ ကမူးရှူးထိုး ပြေးထွက်သွားလေသည်။

အဲ့ဒီအခိုက်မှာပဲ ဆိုးရွားသော အဖြစ်အပျက်တစ်ခုက ကျော့ရှင်းရဲ့ မြင်ကွင်းရှေ့မှာပဲ အလွန်လျင်မြန်စွာ ဖြစ်ပွားသွားခဲ့သည်။

"သမိန် ... ကားလာနေတယ်လေ ..."

ကျော့ရှင်းက လှမ်းအော်ခဲ့ပေမယ့် မမီခဲ့တော့။ ကားတစ်စီးက လမ်းမဆီ လှစ်ခနဲ ထွက်လာသော သမိန့်ဆီ ဦးတည်သွားသည်။

"ကျွီ ..."

"ဒုန်း ..."

ကျော့ရှင်း အာရုံထဲကို အရောင်တွေ၊ အရိပ်တွေ အသံတွေ ကြမ်းတမ်းစွာ ပြေးဝင်ဆောင့်လိုက်သည်။

"အား ..."

ကျော့ရှင်း မျက်လုံးကို စုံမှိတ်ချကာ သတိလက်လွှတ် အော်ဟစ်လိုက်မိလေသည်။



(၂၂)

တံခါးဆီမှ ဘဲလ်မြည်သံလိုလို ကြားရသည်။

ရသသည် သမိန့် အဝတ်အစားတွေကို လျှော်ဖွပ်နေရင်းက ခဏရပ်ပြီး နားစွင့်မိသည်။

ဘဲလ်သံတစ်ချက် ထပ်မြည်လာတာမို့ ရေချိုးခန်းထဲက ထွက်အလာမှာ မီးဖိုပေါ်က သမိန် စားဖို့ချန်နေသည့် ကြက်ဆေါင်းအိုးမှ အနံ့ထွက်လာတာမို့ ပြေးကြည့်လိုက်ပြီးမှ အိမ်ရှေ့သို့ သုတ်သုတ်ပျာပျာ ထွက်လာခဲ့သည်။

တံခါးချပ်ကို ဆွဲဖွင့်လိုက်သောအခါ ဖြူဖျော့သော မျက်နှာထားလေးဖြင့် ညှိုးငယ်စွာ ရပ်နေသော ကျော့ရှင်းကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရသ ... သမိန့်ကို ကျွန်မ တာဝန်ယူပါရစေ ..."

ရသကူ ကျော့ရှင်းကို နားမလည်သလို ကြည့်နေမိဆဲ ကျော့ရှင်းက မျက်ရည်ဝဲနေသော မျက်ဝန်းများဖြင့် ရသကို မော့ကြည့်လာကာ ...

"ခုလိုဖြစ်ရတဲ့ ကိစ္စမှာ ကျွန်မ တာဝန် မကင်းဘူးလေ၊ ကျွန်မ အပြစ်တွေလည်း ရှိခဲ့တယ်၊ ကျွန်မက သူ့ကို အခွင့်အရေးပေးသလို ဖြစ်ခဲ့တာကိုး၊ တစ်ချိန်တုန်းကတော့ သူ့ရဲ့ ဂရုစိုက်မှုတွေအပေါ်မှာ ကျွန်မ သာယာခဲ့ဖူးပါတယ်၊ သူ့ရဲ့ သည်းခံမှုအပေါ် အခွင့်အရေးယူပြီး လိုသလို ခိုင်းစေ ညှဉ်းဆဲခဲ့ဖူးတယ်၊ ကျွန်မဘက်က အဲဒီလို ဆက်ဆံခဲ့လို့သာ သူ ကျွန်မအပေါ် အရူးအမူး ဖြစ်ခဲ့တာပေါ့ ...၊

"ဒီအကြောင်းတွေ တွေးမိတိုင်း ကိုယ့်ကိုယ်ကို အပြစ်ရှိသလို ခံစားရတယ်၊ သူ ကားအက်ဆီးဒင့်ဖြစ်ပြီး အောက်ပိုင်း မလှုပ်နိုင်တဲ့ဘဝနဲ့ စိတ်ဓာတ်တွေ အရမ်းကျနေတယ်ဆိုတာ စဉ်းစားမိလိုက်တိုင်း ငါ့ကြောင့်ဆိုတဲ့ စိတ်နဲ့ ယူကြုံးမရဖြစ်ရတယ်၊ အိပ်မပျော်တဲ့ ညတွေကို ဖြတ်ရတယ် ...၊

"ကျွန်မ ပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် သူလှည့်ထွက်သွားရင်း ကျွန်မရှေ့မှာပဲ ဒီလိုဖြစ်သွားခဲ့ရတယ် ရသရယ် ...၊





"အခုအချိန်မှာ ကျွန်မ သူ့ကို တာဝန်ယူပြီး စောင့်ရှောက်လို့ သူ နည်းနည်းလေးပဲ ပျော်ရွှင်သွားရင်တောင် ကျွန်မ ကျေနပ်မှာပါ"

ရသည် ကျော့ရှင်းကို ငေးကြည့်နေရင်း ရင်ထဲမှာ ဝေခွဲမရသော ခံစားချက်မျိုးစုံ ခံစားလိုက်ရပါသည်။ တာဝန်ယူမယ်တဲ့။ ဘယ်လို တာဝန်ယူမှာပါလိမ့်။

တစ်ခဏပဲလား ... တစ်သက်လုံးပဲလား ...။

သမိန့်ကို သူငယ်ချင်းမို့ သနားရတာမှန်ပေမယ့် ရသက ကျော့ရှင်းအပြစ်ရယ်လို့ မတွေးမိခဲ့တာတော့ အမှန်ပင်။

သမိန့် စိတ်အပြောင်းအလဲကို ရသလည်း သိခဲ့တာပဲ။ သမိန့် ချစ်ခြင်းဟာ ကျော့ရှင်းအပေါ် မစစ်မှန်ဘူးလို့လည်း ရသက ယူဆခဲ့ပြီးပြီ။

ခုတော့ ... ကျော့ရှင်းက စာနာစိတ်ဖြင့် သမိန့်ထံ ရောက်လာခဲ့သည်။

ကျော့ရှင်း သမိန့်ကို မချစ်တာကိုတော့ ကျော့ရှင်းရဲ့ မျက်ဝန်းတွေက ဖော်ပြနေသည်။

မင်း စိတ်ကလေး လှလာတာကိုတော့ ကိုယ် ကျေနပ်ပါရဲ့ ကျော့ရှင်းရယ်၊ သမိန့် ကိုယ်စားလည်း ကျေးဇူးတင်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုယ့်ရင်ထဲမှာလည်း ဘာမှန်းနားမလည်နိုင်တဲ့ ခံစားချက်မျိုးနဲ့ နင့်နေတယ်။

မင်း … သူ့အပေါ် ဘယ်လောက်ထိကောင်းနိုင်မှာပါလိမ့် …။ ဘယ်အချိန်ထိပါလိမ့် …။

ကျော့ရှင်းက အိမ်ထဲထိ တရွေ့ရွေ့ လှမ်းဝင်လာတော့ သူ နောက်ဆုတ်၍ လမ်းဖယ်ပေးမိသည်။

"သမိန်ရောဟင် ရသ"

"အခန်းထဲမှာ အိပ်နေတယ်"

"သမိန့် မိဘတွေကရော မလာဘူးလား"

"သမိန့်မှာ အမေပဲ ရှိတော့တာ၊ သူ့အမေက နှလုံးရောဂါရှိတယ်၊ လောလောဆယ်တော့ သမိန်က မပြောခိုင်းတာနဲ့ မပြောသေးပဲထားတယ်၊ သမိန့်ခြေထောက်ကလည်း အချိန်ယူ လေ့ကျင့်ပေးရင် ကောင်းလာနိုင်တယ်လို့ ဆရာဝန်က ပြောပါတယ်၊ ခုလောလောဆယ်တော့ ဗိုးချဲနဲ့ပဲ၊ နောက်တော့မှ တဖြည်းဖြည်း ဆေးရုံမှာလည်း သွားလေ့ကျင့်၊ အိမ်မှာလည်း လမ်းလျှောက်အကူကိရိယာနဲ့ လေ့ကျင့်ပေးရင် ကောင်းလာမှာပါ …"

ကျော့ရှင်းက ငိုင်သွားပြီးမှ ရသကို လှမ်းကြည့်ရင်း "ရသလက်မှာလည်း ဆပ်ပြာမြှုပ်တွေနဲ့ ဘာလုပ်နေတာလဲ"





"သမိန့် အဝတ်အစားတွေ လျှော်ပေးနေတာလေ၊ မီးလာတော့ အဝတ်လျှော်စက်က လျှော်မရတာနဲ့"

"စားဖို့ သောက်ဖို့နဲ့ သမိန့် ဝေယျာဝစ္စတွေလည်း ရသပဲ လုပ်ပေးရတာလား"

"လောလောဆယ်တော့ ကျွန်တော်ပဲ သူ့အနားမှာ ရှိတာဆိုတော့ …"

"ဒါဆို ဒီနေ့ကစပြီး ရသ အနားယူတော့၊ သမိန့်ကိစ္စတွေ ကျွန်မပဲ တာဝန်ယူ လုပ်ကိုင်ပေးမယ်"

"ရပါတယ် ကျော့ရှင်းရယ်"

"ကျော့ရှင်းကို အားမနာပါနဲ့၊ ကျော့ရှင်းလည်း တာဝန်ယူချင်လို့ပါ၊ ရေချိုးခန်းက ဘယ်မှာလဲဟင်"

"ဟို … ဟိုဘက်မှာ …"

"အိုကေ … အဲဒါဆို ရသ အလုပ်တွေ ကျွန်မ ဆက်လုပ်လိုက်မယ်နော်"

ကျော့ရှင်းက လှစ်ခနဲ အိမ်နောက်ဘက်သို့ ပြေးဝင်သွားသည်။

ရသ တားပေမယ့် မရ …။

ရသက ခေါင်းကုပ်မိရင်း ရင်ထဲမှာ ကြပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





## (၂၃)

သမိန်သည် ခုတော့ ဒီပရက်ရှင်ဝင်နေရာမှ ကျော့ရှင်းကြောင့် ထူထူထောင်ထောင် ဖြစ်လာလေသည်။

ကျော့ရှင်းက မနက်ဆို သူတို့ဆီရောက်လာခဲ့ကာ မနက်စာ စီစဉ်ချက်ပြုတ်ခြင်း၊ အဝတ်အစား လျှော်ဖွပ် မီးပူတိုက်ခြင်း၊ သမိန့်ရဲ့ ဗိုးချဲကို တွန်းကာ ထမင်းစားခန်းဆီ ခေါ်ဆောင်လာပြီး ဂရုတစိုက် အဖော်ပြု စကားပြောပေးခြင်း၊ အားပေးနှစ်သိမ့်ခြင်းတို့ကြောင့်ပင် သမိန့်ရဲ့ အခြေအနေ ကောင်းလာခဲ့ခြင်းဖြစ်သည်။

ရသသည် ကိုယ့်အိမ်ကလေးထဲမှာ ရွှေ့လျားနေသော ကျော့ရှင်းရဲ့ အရိပ်ကလေးကို လိုက်ကြည့်ရင်း မကြာခဏ သက်ပြင်းချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သမိန့်ကို ဂရုတစိုက် ပြုစုနေသည့် အခါတွေမှာ ခပ်လှမ်းလှမ်းက ထိုင်ကာ ကျော့ရှင်းကို ငေးကြည့်ရင်း ရင်ထဲမှာ ဝမ်းနည်းနေမိတတ်သည်။

လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဲတဲ့ သတ္တိဟာ လူသားဆန်မှုဆိုပေမယ့် ကျော့ရှင်းရဲ့ လူသားဆန်မှုက သူ့ရင်ကို ရှလေသည်။

ညနေခင်းတချို့တွင် သမိန့်ကို အပြင်သို့ခေါ်သွားကာ ပန်းခြံထဲတွင် လမ်းလျှောက်ကျင့်ပေးရသည်။

ထိုအခါများမှာ ရသက ပထမထပ် တိုက်ခန်းပေါ်မှ သမိန့်ကို ပွေ့ချီခေါ်လာပြီး ကျော့ရှင်းက ဝှီးချဲကို ယူလာသည်။ ပြီးတော့ ပန်းခြံဘက်သို့ အတူတွန်းသွားကာ သမိန့်ကို ပျော်ရွှင်တက်ကြွလာအောင် စကားတွေပြောပြီး လမ်းလျှောက်ကျင့်စေရသည်။

သမိန့်ရဲ့ ပျော်ရွှင်သော မျက်နှာကို ငေးကြည့်မိသည့် အခါတိုင်း ရသက ပီတိဖြင့် သက်ပြင်းချမိသည်။

တစ်ခါတစ်ရံတော့ ရသနှင့် ကျော့ရှင်းတို့ အချိန်အနည်းငယ်လောက် စကားပြောခွင့် ရနိုင်သည်။

ကျော့ရှင်းက ငြိမ်းချမ်းသော မျက်နှာထားကလေးဖြင့် အဝေးသို့ ငေးနေရင်းက ...





"ညိုချောတို့ ဖွေးဥတို့လည်း ကျောင်းပိတ်ကတည်းက နယ်ပြန်သွားကြတာ၊ ခုထိ ပြန်မလာကြသေးဘူးနော်"

"ကျောင်းမဖွင့်ခင် တစ်ပတ်အလိုမှာ ပြန်လာမယ် ပြောတာပဲ၊ ကျော့ရှင်း အိမ်မပြန်တာရော ကျော့ရှင်းအိမ်က ကျေနပ်ရဲ့လား"

"ကျော့ရှင်း သင်တန်းတွေ တက်နေတယ်လို့ ပြောထားတယ်လေ၊ တကယ်လည်း တစ်ပတ် ၂ ရက်တော့ အချိန်ပိုင်း သင်တန်းတွေ ပြေးတက်နေတာပဲ"

"ကျော့ရှင်းလည်း ပင်ပန်းနေပြီ"

"ရပါတယ် ရသရဲ့၊ ကျော့ရှင်း မရှိရင် ရသ တစ်ယောက်တည်းလည်း ပင်ပန်းရမှာ မဟုတ်လား၊ ရသလည်း အိမ်မပြန်ဘဲ နေနေရတာလေ၊ ဟော ... ဟိုမှာ သမိန် ခေါ်နေပြီ၊ သွားကြရအောင် ရသ ..."

ရသက သက်ပြင်းချမိကာ ကျော့ရှင်းနောက်မှ လိုက်လာခဲ့ရပါသည်။

သမိန်ကတော့ ရသကို အကဲခတ်သလို လှမ်းကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## (၂၄)

"ကိုယ် နေကောင်းသွားလည်း ကျော့ရှင်း ကိုယ့်အနားက ထွက်မသွားရဘူးနော်၊ ဒီအတိုင်းလေးပဲ ကိုယ်ကြိုက်တယ်၊ ကိုယ့် ဝေယျာဝစ္စလေးတွေ ကျော့ရှင်း လုပ်ပေးတာမြင်တိုင်း ကိုယ်အရမ်းကျေနပ်တယ်၊ ကိုယ်တို့ အခု လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးထားကြရအောင်လား ကျော့ရှင်းရယ်၊ ကျော့ရှင်းက ဒီမှာပဲလာနေ၊ ကိုယ့်ခြေထောက်တွေ ကောင်းသွားမှ မင်္ဂလာကိစ္စ စီစဉ်ကြမယ်"

ဟင့်အင်း ...။ ကျော့ရှင်းသည် သမိန့်ကို စိုက်ကြည့်ရင်း ရင်ထဲမှာ ခါးခါးသီးသီး ငြင်းဆန်လိုက်မိသည်။

မရောင့်ရဲနိုင်ပါလား သမိန့်ရယ်၊ ရှင် အတွေးကြီးလှပါလား။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ကျွန်မ ပြုစုနေမိတာဟာ အတိုင်းအတာတစ်ခုထိပါပဲ။ ရှင့်စိတ်ကို ရှင်ဆောက်တည်နိုင်တဲ့တစ်နေ့ အမှန်ကို လက်ခံနိုင်တဲ့ နေ့အထိပါပဲ။

ကျွန်မ ရှင့်ကို ဒီလိုဆက်ဆံနေတာဟာ ကျွန်မရဲ့ အပြစ်ရှိစိတ်ကို ချေဖျက်ချင်တာလည်း ပါတယ်၊ ကျွန်မ ဘဝမှာ လိပ်ပြာလုံလုံနဲ့ စိတ်အေးချမ်းသာ အိပ်စက်နိုင်တဲ့ ညတွေကိုပဲ ဖြတ်သန်းချင်လို့ပါ။

"ကိုယ့်စကားကို နားထောင်ပါ ကျော့ရှင်းရယ်"

"အို … ဖယ်ပါ"

သမိန့်က ကျော့ရှင်း လက်ကို လှမ်းဆွဲလိုက်တာမို့ ကျော့ရှင်းက ရုန်းထွက်လိုက်မိသည်။

"ဒီလောက်ထိ လိုက်လျှော့ပြီးခါမှ ဒီလို ခါးခါးသီးသီး မလုပ်ပါနဲ့ ကျော့ရှင်းရယ်"

"ကျွန်မက ဘာတွေ လိုက်လျှော့ခဲ့မိလို့လဲ …၊ ကျွန်မရဲ့ စာနာထောက်ထားမှုကို အခွင့်အရေး မယူပါနဲ့လား သမိန်ရယ်"

"ကိုယ့်အိမ်ကို အချိန်မရွေး ဝင်ထွက်ပြီး ပြုစုပေးခဲ့တာဟာ ကျော့ရှင်းရဲ့ လိုက်လျှော့မှုပဲပေါ့"

"အချိန်မရွေး ဆိုပေမယ့် မနက်ပိုင်း အချိန်တွေပဲ များတာ





ပါ သမိန်၊ ကျွန်မ တစ်နေကုန် နေတာမှ မဟုတ်တာ၊ လုပ်စရာရှိတာ လုပ်ပေးပြီး ပြန်သွားတာပဲ၊ ညနေပိုင်းတွေကလည်း လမ်းလျှောက်ကျင့်ပေးဖို့ လာခေါ်ရုံပဲလေ၊ အခု ညဦးပိုင်းလေးကမှ ကျွန်မ အဆောင်မှာ ယူပြီး မီးပူတိုက်ပေးထားတဲ့ ရှင့်အဝတ်အစားတချို့ကို လာပို့ရင်း မနက်ချက်ဖို့ ဝယ်ထားတဲ့ ဟင်းချက်စရာတွေကို ရှင်တို့ ရေခဲသေတ္တာထဲ လာထည့်ပေးတာပဲ၊ ခုပဲ ပြန်မလို့လေ၊ ရှင်က နေပါဦးဆိုလို့ စကား ထိုင်ပြောပေးနေရတာ၊ ရှင့်ကို ကျွန်မကြောင့် ဒီပရက်ရှင် မရစေချင်လို့ပါ"

"ဘာပဲဖြစ်ဖြစ် အရင်က မရတဲ့ အခွင့်အရေးတွေကို ကျော့ရှင်းက ပေးနေတော့ ကိုယ်လည်း မျှော်လင့်မိတာပေါ့"

ဒုက္ခပါပဲလား သမိန်ရယ် …။ ဆေးအတွက် ပိုလေးတော့မယ် ထင်ပါရဲ့။ အားလုံး ရှုပ်ကုန်တော့မယ်။ ရှင်လည်း ဒီအတွေးသံသရာထဲက ခုထိ မထွက်နိုင်သေးပါလား။

ကျော့ရှင်းသည် တယူသန်စွဲနေသော သမိန့်ကို ကြည့်ရင်း စိတ်တွေ ရှုပ်ထွေးကာ ထွက်ပြေးချင်လာသည်။

ရသံရေ … ရှင်ဘယ်မှာလဲ၊ ကျွန်မတို့ နားကို လာခဲ့ပါဦး …။

"ကျော့ရှင်း ကိုယ့်ကို ခွင့်ကျွေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သမိန်က ပန်းသီးစိပ်ပန်းကန်ကို ညွှန်ပြကာ တောင်းဆိုပြန်သည်။

"ရှင်စားဖို့ ဝယ်လာပြီး ကျော့ရှင်းကိုယ်တိုင် စိပ်ထားတာပါ၊ ရှင်ကိုယ်တိုင်ပဲ ယူစားပါ သမိန်ရယ်၊ အတိုင်းအတာတစ်ခုအထိပဲ ကျွန်မ စာနာနိုင်မှာမို့လို့ပါ"

"မရဘူးကွာ ... ကျော့ရှင်း ခွံ့ကျွေးတာလိုချင်တယ်၊ ကိုယ်မှာ ကျော့ရှင်းကို ချစ်ခဲ့မိလို့ ဒီအဖြစ်ကိုလည်း ရောက်ရသေးတယ်၊ ကိုယ့်ကို သနားဦးပေါ့"

"သနားလို့ပဲ ဒီအထိလာပြီး လုပ်သင့်လုပ်ထိုက်တာတွေလည်း လုပ်ပေးထားပြီပဲ သမိန်၊ ဒီထက်ပိုပြီး မလိုချင်ပါနဲ့"

"ကိုယ်က အချစ်နဲ့ ပတ်သက်ရင် လောဘကြီးတယ်၊ ခွံ့ကျွေးပါကွာ၊ တစ်စိပ်တည်းပါ"

ကျော့ရှင်းက သမိန့်စကားလုံးတွေကြောင့် အသက်ရှူ ကြပ်လာရဆဲ ဝရန်တာဘက် ထွက်သွားသော ရဲသကို ရိပ်ခနဲ တွေ့လိုက်ရပါသည်။

"ခွံ့ပါကွာ ... ကိုယ် အခုပဲ ဆရာဝန်ပေးတဲ့ ဆေးတွေ သောက်ပြီး အိပ်ရမှာပါ၊ အိပ်မက်လှလှမက်အောင် ကူညီစမ်းပါ"





ကျော့ရှင်းက သက်ပြင်းချကာ သမိန့်ကို ပန်းသီးတစ်စိပ် လှမ်းခွံ့လိုက်ရပါသည်။

သမိန်က ကျေနပ်သွားပုံရကာ ဆေးသောက်ပြီး သူ့အခန်းထဲ ဝင်သွားသည်။

ကျော့ရှင်းက ရင်ထဲ တလှပ်လှပ် မောပန်းလာသလိုမို့ ဝရန်တာဘက်သို့ ခြေသံဖွဖွဖြင့် လျှောက်လာခဲ့သည်။

ဝရန်တာ မှန်တံခါးကို အသာအယာ ဆွဲဖွင့်မိသောအခါ ကျော့ရှင်းကို ကျောပေးလျက် အနေအထားဖြင့် ရပ်နေသော ရဲသကို တွေ့ရလေသည်။

ရှင်လည်း ခံစားနေရမယ်ဆိုတာ ကျွန်မ သိတာပေါ့ ရဲသရယ်၊ ကျွန်မ သမိန့် ဝေယျာဝစ္စတွေကို လုပ်ပေးတိုင်း မချိတဲ့ မျက်လုံးတွေနဲ့ ရှင် ငေးကြည့်နေခဲ့တာ ...။

ရှင့်မျက်လုံးတွေက တစ်ဆင့် ရှင့်ရင်ထဲထိ ထွင်းဖောက်ပြီး ကျွန်မ မြင်ရတယ်"

ကျွန်မလည်း ပင်ပန်းလှပြီ ရဲသရယ်။

ကျွန်မ ဒီလိုလုပ်မိတာ မှားသွားပြီ ထင်ပါရဲ့။

ကိုယ်မချစ်တဲ့ ယောကျ်ားတစ်ယောက်နားမှာ အနီးကပ် နေရတာ၊ လိုက်လျောနေရတာဟာ တကယ့် ဝဋ်ဆင်းရဲပါ။

ပြီးတော့ ကိုယ့်ရင်ထဲမှာ ချစ်နေသူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲရှိသမျှ မဖွင့်ဟနိုင်ဘဲ မျိုသိပ်ထားရတာလည်း ဒုက္ခတစ်မျိုးပဲ မဟုတ်လား။

ကျော့ရှင်းက ဝရန်တာတံခါးကို ပြန်စေ့ပိတ်ခဲ့ကာ သူ့နောက်နားဆီသို့ လျှောက်သွားလိုက်မိရင်း ခပ်တိုးတိုး မေးမိသည်။

"ရသ ပင်ပန်းနေလားဟင်"

ရသသည် နောက်နားဆီမှ ဖွဖွကြားလိုက်ရသော ကျော့ရှင်းအသံကြောင့် နာကျင်နေသော မျက်လုံးတွေကို ဖွင့်ဖို့ ကြိုးစားရသည်။ ပြီးတော့ ကျော့ရှင်းဆီ လှည့်ကြည့်မိသည်။

ကျော့ရှင်းက သူ့ကို နားလည်သော မျက်ဝန်းတွေဖြင့် စိုက်ကြည့်နေခဲ့သည်။

အရမ်း ပင်ပန်းတာပေါ့ ကျော့ရှင်းရယ်၊ မင်းကို သမိန့် ပြောတဲ့ စကားတွေကိုကြားရတိုင်း သမိန့်ရဲ့ အပြုအမူတွေ လွှန်ကဲလာတိုင်း သမိန့် သဘောထားတွေကို သိရတိုင်း ကိုယ် အရမ်း ပင်ပန်းခဲ့ရတယ်။

အားနည်းချက်ရှိတဲ့ သမိန့်အပေါ် စာနာချင်ရက်နဲ့ပဲ မင်းအတွက် နာကျင်ခံခက် အမျက်ထွက်ရတယ်။

ဒါတွေအားလုံးကို ထိန်းချုပ်ရတာ ကိုယ် အရမ်း ပင်ပန်းလှပါပြီ။





ရသက ပြောချင်သမျှ စကားလုံးတွေကို ပြန်မျိုချကာ ကျော့ရှင်းကိုသာ ကြင်နာစွာ ပြန်မေးမိသည်။

"ကျော့ရှင်းရော ပင်ပန်းနေပြီလား"

"ဟုတ်ကဲ့... ကျော့ရှင်း အရမ်းပင်ပန်းနေပြီ ရသရယ်"

ကျော့ရှင်းက လေသံဖျော့ဖျော့ကလေးနှင့် ဖြေလေသည်။

ရသက ကျော့ရှင်းကို ငေးကြည့်ရင်းက သက်ပြင်းချကာ သူ့ရဲ့လက် သန်းကလေးဖြင့် ကျော့ရှင်း လက်သန်းကလေးကို လှမ်းချိပ်လိုက်ပါသည်။

ကျော့ရှင်းက သူမရဲ့ လက်သန်းကလေးကို ကွေးထားကာ ခိုင်မြဲအောင် တွဲထားလိုက်သည်။

အဲ့ဒီညက သူတို့နှစ်ယောက် လက်သန်းချင်းချိပ်ကာ အချိန်အတန်ကြာသည်အထိ နက်ပြာရောင် ကောင်းကင်ကြီးဆီ တိတ်ဆိတ်စွာ ငေးမောကြည့်နေခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂၅)

ညိုချောသည် တက်ကြွရွှင်မြူးသော စိတ်နှလုံးဖြင့် မှန်ရှေ့မှာ ရပ်လိုက်လေသည်။

ညိုချောရဲ့ သွားတွေကို ဆရာဝန်က စတီးလ်ကြိုးကလေးတွေဖြင့် တုပ်ထားပြီးပြီမို့ နောက် တစ်နှစ်လောက်ကြာလျှင် ညိုချောရဲ့ သွားတွေ မခေါနိုင်တော့ဘူးတဲ့။

ညိုချောရဲ့ အသားကလည်း မည်းရာကနေ ညိုတဲ့ အဆင့်ကို ရောက်လာပြီ။

ညိုချောရဲ့ မျက်ခုံးမွေးတွေလည်း ပုံကျကျ လှပလျက် ရှိလည်။ နှုတ်ခမ်းသားကလေးဟာလည်း နှုတ်ခမ်းနီ မဆိုး ရသေးဘဲနဲ့တောင် ရဲလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုချောရဲ့ ဆံပင်ဖြောင့်ဖြောင့်ကလေးတွေသည် ပုံကျစွာဖြင့် ပခုံးပေါ်ကို ထိတိုက် ဝဲပျံလျက်ရှိသည်။

ဒီလိုလှလာဖို့ ညိုချော ဘယ်လောက် အပင်ပန်းခံခဲ့ရသလဲ။ ဘယ်လောက်ထိ အထီးကျန်စွာ စောင့်ဆိုင်းခဲ့ရသလဲ။

နယ်ပြန်သွားသည်ဟု တစ်အုပ်စုလုံးကို ညာထားခဲ့ကာ ဝင်ငွေရဖို့ အလုပ်တစ်ခုလုပ်ရင်း ရှိသမျှ ပိုက်ဆံဖြင့် ညိုချောကိုယ် ညိုချော လှအောင် ပြုပြင်နေခဲ့ရသည်။

ခုတော့ ညိုချောရဲ့ နှာခေါင်းကလေးကို ပလတ်စတစ် ဆာဂျရီလုပ်ဖို့ပဲ လိုတော့သည်။ အဲ့ဒီအတွက်တော့ ပိုက်ဆံများများ လိုလိမ့်ဦးမယ်။

ညိုချောသည် ပြောင်းလဲလာသော ကိုယ့်ရုပ်သွင်ကို ရှုထောင့်အမျိုးမျိုးက လှည့်ပတ်ကြည့်ရင်း သီချင်းကလေးတောင်မှ ညည်းမိလေသေးသည်။

ပြီးတော့ ရသကိုလည်း တမ်းတမ်းတတ သတိရလာလေသည်။

ကျော့ရှင်းအလှကို မမီရင်တောင်မှ အရင်လို အရုပ်မဆိုးတော့တဲ့ ညိုချောကို ရသ သဘောကျတန်ကောင်းပါရဲ့ နော်။

တကယ်တော့ ညိုချောကမှ ရသနဲ့ ပိုပြီး ရင်းနှီးခင်မင် သံယောဇဉ် ရှိခဲ့ကြတာ မဟုတ်လား။





ညိုချောအတွက် ရသရင်မှာ နည်းနည်းလောက် လှုပ်ခတ်သွားမယ့် အဖြစ်ကို ညိုချော သိပ်ကို မျှော်လင့်ခဲ့ရတာပါ။

ညိုချောသည် မှန်ဆီငေးကြည့်နေမိရင်းက တဒိတ်ဒိတ် ခုန်လာသော ရင်ကို လက်ဖြင့် ဖွဖွဖိထားရင်း ရှက်ပြုံးကလေး ပြုံးနေမိလေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



❦ ❦ ❦

"ရသရေ… ကျွန်မကို ကြည့်ပါဦး၊ အရင်နဲ့ တူသေးရဲ့လားဆိုတာ၊ ဟပ်ချလောင်း…"

"ညိုချော…"

ရသသည် ကိုယ့်ရှေ့မှာ ဖျတ်ခနဲ ရပ်လာပြီး မျက်နှာကို လွယ်အိတ်ဖြင့် ကွယ်ထားပြီးမှ မျက်လှည့်ပြသလို ဖယ်ချရင်း ပြောလိုက်သော ညိုချောကို ကြောင်ကြည့်နေမိသည်။

ရင်ထဲမှာတော့ ဘယ်လိုဖြစ်ရတာလဲ ညိုချောရယ်ဟု မေးချင်နေမိသည်။

အရင်တုန်းက မလှပမေယ့် ရိုးစင်းသော ညိုချောမျက်နှာသည် ခုတော့ ဆေးရောင်စုံများဖြင့် ထူးခြားခေတ်ဆန်လျက်ရှိသည်။

ဆံပင်ကလည်း တိုတိုနန့်နန့်၊ ပြားကပ်ကပ်ကလေး





ဖြစ်နေသည်။ သွားတွေကိုလည်း ဘာလုပ်ထားမှန်းမသိ၊ တစ်မျိုးဖြစ်နေသည်။ မျက်ခုံးမွေးတွေဟာ လေးကိုင်းသဏ္ဌာန် ကွေးညွတ်ပုံပြောင်းနေကာ ထူးထူးခြားခြား အလှတွေပြင်ထားသော ညိုချောပုံဟာ အရင်လောက် ရုပ်မဆိုးပေမယ့် အချိုးကျကျ လှပနေတာမျိုးတော့ မဟုတ်ရှာသေးပါ။

"ဟင်း… ဟင်း… ရှင် အံ့သြသွားပြီ မဟုတ်လား ရသရဲ့၊ ကျွန်မ အရမ်း ပြောင်းလဲသွားတယ် မဟုတ်လား"

"ညိုချော… နင် ဘာတွေလျှောက်လုပ်လာတာလဲ"

"ဘာလုပ်ရမှာလဲ၊ ရုပ်ဆိုးတာကို မဆိုးအောင် ပြင်ခဲ့တာပေါ့"

"နင့်သွားတွေက ဘာလုပ်ထားတာလဲ"

"ဆရာဝန် လုပ်ပေးထားတာလေ၊ နောက်တစ်နှစ်လောက်ဆို ကျွန်မ သွားတွေ မခေါတော့ဘူးတဲ့"

"ပိုက်ဆံတွေကုန်မှာပေါ့၊ ဒီအတိုင်းထားလည်း ဘာဖြစ်လဲ"

"ဒီအတိုင်းထားရင် မလှလို့ပေါ့၊ ကျွန်မလည်း လှချင်သေးတာပေါ့၊ ဟောဒီ နှာခေါင်းကလေးပဲပြင်ဖို့ ကျန်တော့တာ၊ နှာခေါင်းပြင်ပြီးရင် အရမ်းအဆင်ပြေသွားပြီ"

ရသက မျက်လုံးပြူးသွားကာ…

"နှာခေါင်း ပြင်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ပလတ်စတစ် ဆာဂျရီ လုပ်လို့ရတာပဲ"

ရသက ညိုချောကိုကြည့်ရင်း ဒေါသထွက်လာမိပါသည်။

ညိုချောတို့ မိသားစုက ငွေရေးကြေးရေး ပြေလည်လှတာ မဟုတ်ကြောင်းကို ရသ သိထားခဲ့လို့ပင်။

ဒီလိုအလှတွေပြင်ဖို့ဆိုတာ ပိုက်ဆံတွေ ဘယ်လောက် ကုန်ကျမယ်ဆိုတာလည်း ရသက ခန့်မှန်းနိုင်ပါသည်။

"နင် ဘာတွေလျှောက်လုပ်လာတာလည်း ညိုချော၊ ငါတို့ကိုတောင် မတိုင်ပင်ပဲ ထင်ရာစိုင်းနေတယ် ... ဟုတ်လား၊ ဒီလောက် ငွေကုန်ကြေးကျခံပြီး အလှပြင်ရအောင် နင်က ရုပ်ရှင်မင်းသမီးလား"

ရသက ဆူမိတော့ ညိုချောက မျက်နှာပျက်သွားကာ

"အို ... ရုပ်ရှင်မင်းသမီးမှ လှချင်ရမှာလား ရသရဲ့၊ ကျွန်မလည်း မိန်းကလေးပဲ၊ လှချင်သေးတာပဲ"

"လှချင်ရင်လည်း တော်ရုံလောက်ပဲ လှချင်ပေါ့၊ ဆံပင်ပြင်တာ၊ မိတ်ကပ်ပြင်တာလောက်ပဲပေါ့၊ ဒီသွားတွေ၊ နှာခေါင်းတွေအထိ ပြင်ရအောင် နင်က သူဌေးလား၊ ပိုက်ဆံတွေ မနှမြောဘူးလား၊ ရုပ်က ဒီလောက်တောင် အရေးကြီးလို့လား"





"အရေးကြီးတာပေါ့၊ တချို့က ရုပ်လှတဲ့ မိန်းကလေးဆို အရေးပေးကြလွန်းလို့လေ၊ ရုပ်လှတဲ့ မိန်းကလေးဆိုတာ နေရာတိုင်းမှာ ပန်းပန်နေနိုင်တာပဲ"

"နင် ... ကျော်ရှင်းကို ရည်ရွယ်ပြီး ပြောနေတာလား"

"ဟုတ်တယ် ... ရှင်က ကျော်ရှင်းမှ ကျော်ရှင်းဖြစ်နေတာ၊ ကျော်ရှင်းရဲ့ စိတ်ပုပ်တွေကိုတောင် ခွင့်လွှတ်နိုင်တာ သူ့ရုပ်ကလေး လှလို့မဟုတ်လား"

"မဟုတ်သေးဘူး ညိုချော၊ နင်ထင်တာတွေ စွက်ပြောမနေနဲ့"

"ရှင် ... သူ့ကို မချစ်ရဘူး ..."

"ညိုချော ..."

ညိုချောက ခပ်ဆတ်ဆတ် အော်ရင်း ငိုချလိုက်တာမို့ ရသ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။

ညိုချောက ကိုယ့်အပေါ် သာမန်ထက် ပိုပြီး စိတ်ဝင်စားနေတာကို သိပေမယ့် ဒီလောက် ပြင်းထန်ရူးသွပ်လာလိမ့်မယ်လို့ မထင်မိခဲ့ပါ။

ကိုယ့်ဘက်ကတော့ ခင်မင်သနားရတာအပြင် မပိုခဲ့တာမို့ သူငယ်ချင်းလို နှမကလေးလိုသာ ရိုးသားစွာ ဆေးရှောက်ကူညီခဲ့မိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ညိုချော ပုံစံက ပေါက်ကွဲတော့မည့် ဆဲဆဲ ပုံမျိုး ဖြစ်လာသည်။

"ရှင့်ဆီက အံ့ဩ ချီးမွမ်းစကားလေး၊ ဒါမှမဟုတ် အသိအမှတ်ပြု စကားလေး တစ်ခွန်းတလေ ကြားရမလားလို့ ကျွန်မ ဒီလိုလုပ်ခဲ့မိတာ၊ အခုတော့ ရှင်က ကျွန်မကို အမောဆို့အောင် ဆီးပြီးဆူတယ်၊ အကောင်းမပြောဘူး၊ လှတဲ့ မိန်းကလေးတွေအလှပြင်တာကျတော့ ရှင့်မျက်စိထဲ ကြည့်ကောင်းတယ် မဟုတ်လား၊ ကျွန်မလို ရုပ်ဆိုးမက အလှပြင်တော့ ရှင် ကြည့်မရဘူးမဟုတ်လား၊ လှတဲ့လူမှ အလှပြင်ရမှာလား၊ ရုပ်ဆိုးရင် မပြင်ရတော့ဘူးလား၊ ရှင်က ကျော့ရှင်းကိုမှ လှတယ်ထင်နေတာ မဟုတ်လား"

"ညိုချော ဘာတွေလျှောက်ပြောနေတာလဲကွာ၊ ဒီလောက် စိတ်မလှုပ်ရှားပါနဲ့၊ တစ်ဖက်သတ် အတွေးတွေနဲ့ ဒေါသဖြစ်မနေပါနဲ့ဟာ၊ တိတ် ... တိတ် ... မငိုနဲ့ ..."

ရသက ညိုချော ပခုံးကို အသာဖွဖွ ပုတ်၍ နှစ်သိမ့်မိတော့ ညိုချောက ပို၍ ငိုကြီးချက်မ ဖြစ်လာကာ ...

"ရသရယ် ... ကျွန်မ တောင်းပန်ပါတယ်၊ ရှင် ကျော့ရှင်းကို မချစ်ရဘူး၊ ကျေးဇူးပြုပြီး ကျော့ရှင်းကို မချစ်ပါနဲ့နော်"

ရသသည် ဆောက်တည်ရာမရ ငိုနေသော ညိုချောကို ကြည့်ရင်း ဘယ်လိုနှစ်သိမ့်ရမှန်း မသိအောင်ပင် ...။





ညိုချောကို ခံစားစေမိပြီဟု တွေးရင်းက ကျော့ရှင်းကိုလည်း သတိရမိပါသည်။ ပြီးတော့ သမိန့်ကိုလည်း သတိရမိကာ ရင်ထဲမှာ ခံစားချက်မျိုးစုံ ပြည့်ကြပ်လာခဲ့ရသည်။

ရသက သက်ပြင်းရှည်ကြီးချကာ ညိုချော အငိုတိတ်သည်အထိ စိတ်ရှည်လက်ရှည် ဖိုင်စောင့်ပေးမိခဲ့လေသည်။

အချစ်ဆိုတာ လွဲချော်မှုတွေနဲ့ ဖန်တီးတည်ဆောက်ထားတဲ့ အရာလားကွာ ...။



www.burmeseclassic.com

www.burmeseclassic.com





## (၂၆)

"နောက်နေ့တွေမှာ သမိန့်ဆီ ကျော့ရှင်း မလာနိုင်တော့ဘူးဆိုတာ ရသကို လာပြောတာပါ ...။

"အခု ကျော့ရှင်း သူ့ကို လိပ်ပြာသန့်သန့် စွန့်ခွာနိုင်ပြီ၊ အချစ်ဆိုတာ ကိုယ်က မပေးအပ်နိုင်ရင်တောင် ကိုယ့်အပေါ် ထားရှိလာတဲ့ ချစ်ခြင်းကို လေးစားသင့်တယ်လို့ ကျော့ရှင်း ထင်ခဲ့တယ် ...။

"ခုချိန်မှာတော့ သမိန့်အချစ်ဆိုတာကိုကျော့ရှင်း မလေးစားနိုင်တော့ဘူးလေ၊ ကျော့ရှင်းဘက်က ကူညီသင့်သလောက်လည်း ကူညီခဲ့ပြီးပြီ ...။

"သူ့အတွက်နဲ့သူ လွန်လွန်ကျူးကျူး တေးချင်းဆို



www.burmeseclassic.com

www.burmeseclassic.com



လာတာကိုတော့ ကျော့ရှင်းဘက်က ဖြည့်ဆည်းမပေးနိုင်တော့ဘူး ... ၊

"အခု သူ့ခြေထောက်လည်း ကောင်းစပြုနေပြီပဲ၊ သူ စိတ်ဓာတ်ကျမှာကိုတော့ ကျော့ရှင်းလည်း မတတ်နိုင်တော့ဘူး၊ သူ့စိတ်ကို သူ ကိုယ်တိုင်ပဲ သတိတရားနဲ့ ပြုပြင်မှ ရမယ်လေ ...

ကျော့ရှင်းသည် တံခါးဝမှာပင် ရပ်တုံ့ကာ စကားတွေ ဆက်တိုက် ပြောလာပြီးမှ မောပန်းသွားသူလို ငြိမ်သက်သွားပါသည်။

"ကျော့ရှင်း ..."

ရသက စကားစမည်ပြင်ဆဲ ကျော့ရှင်းက စကားဖြတ်ကာ ...

"ညိုချောလည်း ပြန်ရောက်နေပြီ၊ သူ လှဖို့ အရမ်းကြိုးစားထားရှာတယ်၊ သူ တစ်စုံတစ်ယောက်ကို ချစ်နေခဲ့ရင်လည်း သူချစ်နေတဲ့သူက သူ့အချစ်ကို လေးစားတန်ဖိုးထားပါစေလို့ ကျော့ရှင်း ဆုတောင်းပေးနေမိတယ်၊ သမိန့်အချစ်ဟာ မလေးစားအပ်ပေမယ့် ညိုချောအချစ်လို လေးစားအပ်တဲ့ အချစ်တွေလည်း ဒီလောကကြီးမှာ ရှိနေသေးတာ ဖြေသာစရာပဲ၊ ကျော့ရှင်း သွားပါဦးမယ် ရသ ..."





"ကျော့ရှင်း ..."

ရသက လှည့်ထွက်သွားသော ကျော့ရှင်း လက်ကို ဖျတ်ခနဲ လှမ်းဆွဲထားမိသည်။

ကျော့ရှင်းက လန့်သွားပြီးမှ ရပ်တုံ့နေလိုက်ပြီး ရသရဲ့ လက်ကို ဖွဖွပြန်ဆုပ်ကိုင်လိုက်ရင်း ခေါင်းငုံ့ငြိမ်သက်နေခဲ့လေသည်။

♥ ♥ ♥

ညိုချောသည် ကိုယ်တိုင်ချက်လာသော ရသ ကြိုက်သည့် မုန့်ဟင်းခါးချိုင့်ကလေးကို ဆွဲကာ လှေကားအတိုင်း ဖြည်းဖြည်းမှန်မှန် လျှောက်တက်လာရင်း လှေကားထိပ် မှန်ချပ်တွေရှေ့မှာ ခဏရပ်ကာ ခပ်ဝါးဝါးသာ မြင်ရသည့် ကိုယ့်အရိပ်ကို ပြန်ကြည့်လျက် ဆံပင်စနှင့် အကျႌ လုံချည်ကို ပိုသပ်ရပ်သွားအောင် ဆွဲဆန့်ပြုပြင်ပြီးမှ ရှေ့ဆက်တက်လာခဲ့ပါသည်။

ညိုချောက တချို့ လှေကားထစ်တွေကို အပြေးတစ်ပိုင်း ကျော်ဖြတ်ရင်း တစ်ဆစ်ချိုး လှေကားထစ်နားမှာရပ်ကာ ရသတို့ အခန်းဆီ လှမ်းမော့ကြည့်လိုက်မိသည်။

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ရသက ကျော့ရှင်း လက်ကို ဖွဖွဆုပ်ကိုင်လျက် ကျော့ရှင်းကလည်း ရသလက်ကို ပြန်အုပ်ကိုင်လျက် ...။ ရသက ကျော့ရှင်းကို ငေးကြည့်လျက်၊ ကျော့ရှင်းက ခေါင်းငုံ့လျက် ငြိမ်သက်နေသော မြင်ကွင်းက ညိုချော ရင်ဝကို စူးရှပူလောင်သွားစေသည်။

ညိုချောက သူတို့ မမြင်ခင် ချာခနဲ ပြန်လှည့်ဆင်းလာမိသည်။

ညိုချော ပါးပြင်ပေါ်မှာ မျက်ရည်စတွေ စိုစွတ်လာသော်လည်း ညိုချောက မသုတ်မိတော့ဘဲ ညိုချော အလုပ်လုပ်ရမည့် ဆိုင်ကလေးဘက်သို့သာ ပြေးထွက်ခဲ့လေသည်။



## (၂၇)

"ညိုချော တစ်ယောက်တော့ ရူးများသွားပြီလား မသိပါဘူး အေ ..."

ရသသည် ဖွေးဥတို့အဆောင် ဧည့်ခန်းထဲသို့ လှမ်းဝင်တော့မည့် ဆဲဆဲမှာမှ အဒေါ်ကြီးတစ်ယောက်ရဲ့ ဒေါနှင့်မောနှင့် ပြောနေသော အသံကို ကြားလိုက်ရတာမို့ ခြေလှမ်းတုံ့ကာ ဧည့်ခန်းဘက်သို့ အသာကလေး ချောင်းကြည့်လိုက်မိပါသည်။

ညိုချောနှင့် အတော် ရုပ်ချင်းဆင်သော အဒေါ်ကြီးက ဒေါသတကြီး စကားဆိုနေတာဖြစ်ပြီး ဖွေးဥတို့ သုံးယောက်က မျက်နှာငယ်လေးတွေဖြင့် အဒေါ်ကြီးနားမှာ ဝိုင်းထိုင်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ မှုပျက်နေတာတော့ ဟိုတစ်ခေါက် အိမ်ပြန်လာကတည်းကပဲ၊ အမေ ဆင်ထားတဲ့ နားကပ်ကို ရောင်းပစ်ပြီး အလှပြင်ထားလိုက်တာလည်း မင်းသမီးကျနေတာပဲ ...၊

"သူ့သွားတွေလည်း ဘယ်လိုလုပ်တယ် မသိပါဘူး၊ မခေါ်အောင် ပြင်ထားတယ်ဆိုလားမဲ ...၊

"ဒါပေမယ့် အဒေါ်လည်း ကိုယ်မွေးထားတဲ့ ကိုယ့်သမီးပဲ၊ လှတယ် မလှဘူးဆိုတာ ကြည့်တတ်တာပဲ၊ သူ ဒီလိုတွေလုပ်ထားပေမယ့် ထူးပြီး လှလာတာမှ မဟုတ်ဘဲ၊ ပိုက်ဆံတွေ နှမြောလိုက်တာများ ...၊

"အိမ်ရောက်တော့လည်း ခဏပဲနေပြီး ပြန်တယ်လေ၊ ရန်ကုန်မှာ အလုပ်လုပ်နေတယ်လို့ပဲ ပြောခဲ့တယ်၊ အဲ့ဒီတုန်းကတော့ ဘာအလုပ်မှန်းမသိပါဘူး၊ အဲ့ဒီ အလုပ်လုပ်တာကလည်း သူအလှပြင်ဖို့ ပိုက်ဆံရအောင် လုပ်တာထင်ပါတယ် ...၊

"အခု နောက်ဆုံးတစ်ခေါက် အိမ်ပြန်[illegible]တော့ ဒင်းက အကြံနဲ့လာတာလေ၊ အဒေါ့်ရဲ့ တစ်ခုတည်းသော အဖိုးတန်လက်ဖွဲ့ပစ္စည်း ဘယက်ကလေးကို တောင်းတယ်လေ၊ အဲ့ဒါကိုရောင်းပြီး သူ့နှာခေါင်းကို ပြင်မလို့ တဲ့ ...၊





"အဒေါ်ကလည်း မပေးနိုင်ပါဘူးလို့ အခါခါ ငြင်းပါတယ်၊ ဒါပေမယ့် သမီးလိမ္မာကလေးက အမေ မသိအောင် ဘယက်ကိုယူပြီး ရန်ကုန်ပြန်လာတယ် ...၊

"အဒေါ်လည်း စိတ်ပူပြီး ရန်ကုန်လိုက်လာရတယ်၊ သူ့အဆောင်ကို သွားစုံစမ်းတော့ သူ အလုပ်လုပ်တယ်ဆိုတဲ့ လိပ်စာကို သိရတယ်၊ အခု အဲ့ဒီ လိပ်စာအတိုင်း လိုက်မသွားခင် သမီးတို့ဆီ အရင်လာခဲ့တာ ...၊

"သမီးတို့ နာမည်တွေ၊ နေရပ်လိပ်စာတွေကိုတော့ သူ တဖွဖွပြောလွန်းလို့ အဒေါ် မှတ်မိနေတာ ...၊

"ညည်းတို့ သူငယ်ချင်းအကြောင်း ညည်းတို့ ပိုသိမှာပေါ့ ...၊ သူ့မှာ ရည်းစားတွေ ဘာတွေ ရနေပြီလား၊ သမီးတို့ သိသလောက် အဒေါ့်ကို ပြောပြကြပါကွယ်၊ သူ ဘယ်သူ့ပယောဂနဲ့ ဒီလောက် ဖြစ်နေတယ်ဆိုတာ အဒေါ် သိချင်လို့ပါ ..."

ဖွေးဖွေးဥတို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီးမှ ဖွေးဥက ...

"ဘယ်သူ့ ပယောဂမှတော့ မဟုတ်ပါဘူး အဒေါ်ရယ်၊ သူလည်း မိန်းကလေးပီပီ လှချင်တာပဲနေမှာပါ၊ သူ့မှာ ရည်းစားလည်း မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ သူနဲ့ မနေ့ကပဲ တွေ့ခဲ့သေးတာ၊ သူ့နှာခေါင်းကတော့ မပြင်ရသေးပါဘူး"

"ဒါဆို အဒေါ် ဘယက်ကလေးများ ပြန်ရနိုင်မလား မသိဘူး၊ သူ မရောင်းရသေးရင်လေ ..."

"ဒီလိုလုပ်ပါလား အဒေါ် ... ညိုချော အလုပ်လုပ်တယ်ဆိုတဲ့ လိပ်စာကို ဖွေးဥတို့ကို ပေးလိုက်၊ ဖွေးဥတို့ မြန်မြန်သွားရှာပေးမယ်၊ အဒေါ် ဘယက်ကိုလည်း အချိန်မီပြန်ရအောင်လေ ..."

"အေး ... အေး ... ကျေးဇူးပါပဲ သမီးရယ်၊ အဒေါ် ဒီကပဲစောင့်နေလိုက်မယ်နော်၊ သမီးတို့ ရန်ကုန်မှာ အဒေါ်ကနေရာများများ သွားတတ်တာ မဟုတ်ဘူးကွယ့်"

"ဟုတ်ကဲ့ ... အေးအေးဆေးဆေး နားပါ အဒေါ်"

ဖွေးဥတို့က အဒေါ်ကြီး ပေးသော လိပ်စာ စာရွက်ကို လှမ်းယူလိုက်ပြီး အဆောင်အပြင်ဘက်သို့ လှမ်းထွက်လိုက်တော့မှ ရသကို တွေ့လိုက်ကြရပါသည်။

"ဟင် ... ရသ၊ ဘယ်တုန်းက ရောက်နေတာလဲ"

"ကြာပြီ ... ငါ အားလုံးကြားတယ်၊ ပေး ... အဲဒီ စာရွက်၊ ငါပဲ သွားရှာလိုက်မယ်"





ရသက လိပ်စာ စာရွက်ကို ဖျတ်ခနဲ ဆွဲယူကာ အပြေးတစ်ပိုင်း လှမ်းထွက်လိုက်ပါသည်။


❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





(၂၀)

သိပ်စာက စားသောက်ဆိုင် တစ်ခုရဲ့ လိပ်စာဖြစ်သည်။

အဲ့ဒီဆိုင်မှာ ညိုချော ဘာအလုပ်လုပ်နေပါလိမ့်ဟု တွေးကာ ရသက နှမလေးကို စိတ်ပူသလိုမျိုး စိတ်ပူလာပါသည်။

ရသသည် ဆိုင်ထဲသို့ ဝင်လာရင်း ဝန်ထမ်းဖြစ်ဟန်တူသူ တစ်ယောက်ကို မေးရပါသည်။

"ဒီမှာ ခင်ဗျ ... ဒီဆိုင်မှာ အလုပ်လုပ်တဲ့ ညိုချောနဲ့ တွေ့ချင်လို့ပါ"

"ညိုချော ... ဟုတ်လား"

ဝန်ထမ်းကောင်လေးက ဇဝေဇဝါဖြစ်နေဆဲ တကြားကောင်လေးတစ်ယောက်က လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အသားမည်းမည်းလေးနဲ့ အလှတွေ အရမ်းပြင်ထားတဲ့ တစ်ယောက်ကို မေးတာထင်တယ်"

"ဩော် ... သိပြီ ... သိပြီ၊ သူက နောက်ဘက်မှာ တာဝန်ကျတယ် အစ်ကို"

"ဘာတာဝန်ကျတာလဲ"

"ပန်းကန်ဆေးတာလေ၊ သူ့အလုပ်က ပန်ကန်ဆေးတာပဲ၊ သူ အလုပ် စလျှောက်ကတည်းက ပန်းကန်ဆေးဖို့ပဲ လျှောက်တာ"

ရသက အံတစ်ချက်ကြိတ်ကာ ဆိုင်နောက်ဘက်သို့ ခပ်သုတ်သုတ် လျှောက်ဝင်လာခဲ့သည်။

"ဟေ့လူ ဒီမှာစောင့်လေ၊ သွားခေါ်ပေးမှာပေါ့"

လှမ်းပြောနေသော်လည်း ဂရုမစိုက်ဘဲ မီးဖိုခန်းဘက် လှမ်းဝင်လိုက်တော့ ပန်းကန်ပုံကြားက ညိုချောကို မချိတင်ကဲဖြစ်စရာ အနေအထားဖြင့် တွေ့လိုက်ရလေသည်။

"ညိုချော ..."

"ဟင် ... ရသ"

"လာခဲ့ ..."

ရသက ညိုချောလက်ကို ဆောင့်ဆွဲကာ ထွက်လာခဲ့သည်။ ညိုချောက ရသရဲ့ လက်ထဲမှာ ရုက်ရုန်းတုန်ရီနေကာ ...





"ရသ ... လွှတ်၊ ရှင် ဘာလာလုပ်တာလဲ၊ ဒီနေရာကို ဘယ်လိုသိတာလဲ၊ ဘာဖြစ်လို့ လာတာလဲ၊ သွား ... သွား ရှင် ကျွန်မဆီ မလာနဲ့။ ရှင့်ကို ဒီလိုအနေအထားနဲ့ မတွေ့ချင်ဘူး"

"ညိုချော နင်ရူးနေလား၊ နင် ဘာတွေလျှောက်လုပ်နေတာလဲဟင်၊ ဒီအလုပ်မျိုးကို နင် လုပ်စရာလား"

"ကျွန်မ ပိုက်ဆံလိုချင်လို့ လုပ်တာလေ၊ ဘာဖြစ်သေးလဲ၊ ကျွန်မက မလှတော့ တခြားအလုပ်တွေရဖို့ မလွယ်ဘူး၊ အသားမည်းမှာစိုးလို့ နေပူထဲလည်း မသွားချင်လို့ တခြားအလုပ်ရှာဖို့လည်း အချိန်မရှိလို့ လွယ်လွယ်ရတဲ့ ဒီအလုပ်ကိုလုပ်တာ ဘာဖြစ်လဲ"

"မရူးစမ်းပါနဲ့ ညိုချောရယ်၊ ပိုက်ဆံရဖို့ နင် ဒီတစ်ခုပဲ လုပ်ခဲ့ရတာလား၊ နင့်အမေဆီက ဘယက်ကိုပါ ယူခဲ့တယ် မဟုတ်လား၊ အခု အဲ့ဒီ ဘယက် ဘယ်မှာလဲ ..."

"ဟင် ... ရသ၊ ရှင် ... ရှင် ဘယ်လို သိ ... သိသွားတာလဲ"

"အခု နင့်အမေ ရောက်နေတယ် ညိုချော၊ ကိုယ့်အမေကို ဒီလောက် ဒုက္ခပေးရသလားဟင်၊ သူ့ခများ ဘယ်လောက် စိတ်သောက ရောက်နေမလဲ၊ ဘာဖြစ်လို့ ဒီလောက် မိုက်ရတာလဲ၊ အခု ဘယက်က ဘယ်မှာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ..."

"ညာမနေနဲ့၊ ပြန်ပေးလိုက် ..."

"မပေးနိုင်ဘူး၊ ကျွန်မ အလုပ်ပြင်မလို့ ..."

"ကျွတ် ... ခက်ပါလား ညိုချော၊ သွား နင့်အိတ် သွားယူ၊ အခုချက်ချင်း အလုပ်ထွက်ပြီး ပြန်လိုက်ခဲ့"

"ရသ ... ရှင် ဘာလို့ ကျွန်မကို အော်ငေါက်နေရတာလဲ"

"နင့်လုပ်ပုံကမှ မဟုတ်တာ၊ နင့်ကို ဒီလိုမျိုး မိဘကို စိတ်ဆင်းရဲအောင် လုပ်တတ်တဲ့သူမှန်း မသိလို့ ငါ အပေါင်းအသင်း လုပ်ခဲ့တာ၊ ဒီလို အကျင့်ရှိမှန်း အစကသိရင် လှည့်တောင်ကြည့်ဘူး၊ သွား ... အိတ်သွားယူလေ ..."

ညိုချောက ငိုမဲ့မဲ့ကလေးဖြစ်ကာ အိတ်သွားယူပြီး ပြန်ထွက်လာသည်။

ရသက တက္ကဆီငှားကာ ညိုချောနေသည့် အဆောင်သို့ မောင်းခိုင်းလိုက်ပါသည်။

အဆောင်ရှေ့ရောက်တော့ ညိုချောက ချာခနဲ လှည့်ဝင်ပြေးဖို့ ကြိုးစားတာမို့ ရသက လှမ်းဆွဲထားလိုက်ပြီး ...

"နင် ... ဘယက်ယူပြီး ခုချက်ချင်း ပြန်ထွက်လာခဲ့ ..."

"မလာဘူး ..."

ညိုချောက လက်ကိုရုန်းကာ ပြေးဝင်သွားသည်။ ပြီးတော့ ပြန်ထွက်မလာတော့ချေ။





ရသသည် ဖွဲမလျော့ဘဲ ညိုချောတို့ အဆောင်နားမှာ ပုန်းလျှိုးကွယ်လျှိုး စောင့်နေလိုက်သည်။

ညနေစောင်းတော့မှ ညိုချောက ရသ မရှိတော့ဘူး အထင်နှင့် သူမအိတ်ကို ရင်ဘတ်မှာ ပွေ့ကာ ပြန်ထွက်လာသည်။

"ညိုချော ... ဒါဘယ်လဲ"

"ဟင် ... ရှင် မပြန်သေးဘူးလား"

"မပြန်သေးဘူးလေ၊ နင့်ကိုစောင့်နေတာ၊ နင် အခု ဘယ်ကို ဘာသွားလုပ်မှာလဲ၊ ငါ့ကို မှန်မှန်ပြော ..."

ညိုချောက နှုတ်ခမ်းကို တင်းတင်းစေ့ထားရင်းက တစ်ဖက်သို့ မျက်နှာလွှဲလိုက်ရင်း ...

"ဘယက်သွားရောင်းပြီး ရတဲ့ ပိုက်ဆံနဲ့ ပလတ်စတစ် ဆာဂျရီ သွားလုပ်မလို့ ..."

"မသွားရဘူး ..."

"သွားမယ်"

ညိုချောက ပြေးထွက်လိုက်တာမို့ ရသက မီအောင် လိုက်ရသည်။ နှစ်ယောက်သား ရုန်းရင်းဆန်ခတ် ဖြစ်နေဆဲမှာ ရသက ညိုချောအိတ်ကို ဆွဲလုလိုက်နိုင်သည်။

အိတ်ကို ဖွင့်ကြည့်တော့ ပလတ်စတစ်အိတ်နှင့် သည့်ထားသော ဘယက်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရသက ဘယက်ကို ဆွဲထုတ်ယူလိုက်ရင်း ...

"ဒီမှာ ... ဒါကို နှင့်အမေကို ပြန်ပေးဖို့ ငါယူသွားမယ် ညိုချော၊ နှင့်အမေ အခုထိ ဖွေးဥတို့ အဆောင်မှာ စောင့်နေတုန်းပဲ"၊

"မလုပ်ပါနဲ့၊ ငါ့ကိုပြန်ပေးပါ ရသရယ် ..."

ညိုချောက ပြန်လုလို့ မရနိုင်တော့တာမို့ မျက်နှာကို အုပ်ကာ ငိုကြွေးလိုက်ရင်း ...

"ရသရယ် ... ငါတောင်းပန်ပါတယ်၊ ငါ့ကို စိတ်မဆိုးပါနဲ့၊ ငါ့ကို အထင်မသေးပါနဲ့၊ ငါ အရမ်းလှချင်လို့ပါ၊ ငါ လှချင်လို့ပါ ရသရယ် ..."

ရသသည် ညိုချောကို နောက်ဆိုင်းပြီးမှ ခဏရပ်ကာ ဆုံးဖြတ်ချက် ချလိုက်မိသည်။

ညိုချောကို မမျှော်လင့်စေချင် ...။ ကိုယ့်ကိုသာ နာကြည်းမုန်းမျက်သွားစေချင်သည်။ သူမ လှချင်တာတွေအားလုံးကို ရပ်တံ့ပစ်ဖို့ ...၊ မပြောချင်သော စကားတွေကို ပြောဖို့ လိုလိမ့်မည်။

ရသက အသက်ကို ဝအောင်ရှိုက်ရှူကာ အသံကို ပုံမှန်ဖြစ်အောင် ထိန်းချုပ်ရင် ...

"နှင် လှလာလို့လည်း ငါက ချစ်မယ်မထင်နဲ့၊ နှင့်ကို ငါ့ညီမလေး တစ်ယောက်လိုပဲ ငါချစ်တယ် ညိုချော ..."





အားလုံး တိတ်ဆိတ်သွားသည်။

ညိုချောဆီက ဘာသံမှ မကြားရတော့ ...။

ရသက ညိုချောဆီ တဖြည်းဖြည်း လှည့်ကြည့်မိသည်။

ညိုချောက ရသကို မယုံနိုင်သလို ကြောင်ကြည့်နေရင်းက မျော့ခွေလဲပြိုသွားလေသည်။

"ညိုချော ..."

● ● ●



www.burmeseclassic.com

www.burmeseclassic.com





## (၂၉)

“ညိုချော ဒီလိုဖြစ်ရတာ မင်းမှာ တာဝန်မကင်းဘူး ရသ”

ဒီပက ပြောတော့ ရသက ဆံပင်တွေထဲ လက်ထိုးသွင်းရှာ ခေါင်းငုံ့ငြိမ်သက်နေမိသည်။

“မင်းက လိုတာထက်ပိုပြီး ဂရုစိုက်ခဲ့တော့ သူလည်း စိတ်ကူးယဉ်မိမှာပဲပေါ့၊ သူ့ဘဝမှာ ဒီလိုမျိုး ကြုံမှမကြုံခဲ့ဖူးတာကိုး၊ သူ့အဆောင်ကို ခဏခဏ သွားခဲ့တာဟာလည်း သူ့ကို ဂုဏ်တက်အောင် လုပ်ပေးခဲ့တာပဲ မဟုတ်လား၊ ပြီးတော့ သူ့အတွက်ဆိုပြီး သီချင်းတွေ ဘာတွေတောင် ဆိုပြခဲ့သေးတာ မဟုတ်လား၊ မင်းလိုလူမျိုးက ဒီလောက်ထိ လုပ်ပေးမှတော့ သူ ကြွေရှာပြီပေါ့ကွာ ...”



www.burmeseclassic.com

www.burmeseclassic.com



"ငါက သူ့ကို ကူညီခဲ့တာ၊ စာနာခဲ့တာ၊ ဂရုဏာထားခဲ့မိတာ၊ ဖွေးဥတို့အပေါ်လည်း ဒီလိုပဲ၊ ညိုချောကတော့ ပိုပြီး အားငယ်တတ်လို့ ပိုပြီး ဂရုစိုက်ဖြစ်ခဲ့တာ၊ သူ့ကို ပျော်ရွှင်စေရုံသက်သက်ပါ"

"ဒါပေမယ့် သူလည်း ကျောက်ရုပ်မှ မဟုတ်တာကွာ၊ နှလုံးသားရှိတဲ့ လူတစ်ယောက်ပဲ၊ ခံစားမှုဆိုတာ ဖြစ်လာမှာပဲ"

"ငါ ဘာလုပ်ရမှန်း မသိတော့ဘူးကွာ ..."

"ညိုချောက အခု ဘယ်မှာလဲ"

"ဆေးရုံမှာ ..."

"အခြေအနေကရော ..."

"အရမ်းငိုပြီး ကျော့ရှင်းကို မချစ်ဖို့ တောင်းပန်နေတာပဲ၊ ပြီးတော့ ကယောင်ချောက်ချားနဲ့ ဘာတွေလျှောက်ပြောနေမှန်းလည်း မသိဘူး၊ တစ်ခါတစ်ခါ အရမ်းသောင်းကျန်းတယ်"

"ဒီအချိန်မှာ သူ့ကို ကုပေးနိုင်တာ မင်းတစ်ယောက်ပဲရှိတယ် ရသ၊ မင်းဘဝအတွက် လှတာ မလှတာ အရေးမကြီးဘူးဆိုရင် ညိုချောရဲ့ အချစ်ကို မင်း ငဲ့ကွက်သင့်တယ်"





"ငါ ညိုချောကို မလှလို့ မချစ်တာ မဟုတ်ဘူး၊ ကျော့ရှင်းကို ချစ်မိသွားတာကလည်း လှလို့မဟုတ်ဘူး၊ ရှင်းပြလို့ရတဲ့ အကြောင်းပြချက်တော့ မရှိဘူးပေါ့ကွာ၊ ဒါပေမယ့် စိတ်ထဲမှာ ဖြစ်လာတဲ့ ခံစားချက်ဆိုတာ လုပ်ယူလို့မှ မရတာ၊ ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူးကွာ"

ရသသည် ခေါင်းငိုက်စိုက်နှင့်ပင် ဒီပ ထံမှ ပြန်လာခဲ့သည်။

ညိုချော ဘယ်လောက်ခံစားနေရရှာမလဲဟု သတိရသည်။ ညိုချောကို မေးမနေစ်သိမ့်ပေးဖို့တော့ လိုလိမ့်မည်။ ပြီးတော့ရော ...

ကျော့ရှင်းကိုလည်း တွေ့ချင်သည်။ ကျော့ရှင်း ဘယ်မှာပါလိမ့်။

ကျော့ရှင်းရေ ... ကိုယ် ဘာလုပ်ရမလဲ ...။

လူဆိုတာ 'ကိုယ့်ကြောင့်' လို့ ထင်မိတဲ့အခါတိုင်း တာဝန်ယူချင်စိတ်ကလေးတော့ ပေါ်လာတတ်တယ် မဟုတ်လား။

သူက သမိန် ရှိနေသော အိမ်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

တံခါးကို ဖွင့်လိုက်တော့ ညည့်ခန်းထဲက ရှိသမျှ စာအုပ်တွေ ပစ္စည်းအတိုအစတွေ သူ့မျက်နှာဆီ ပြေးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို နောက်ကျောက ဓားနဲ့ထိုးတဲ့ကောင် ... ထွက်သွားစမ်း၊ မင်း ကျော့ရှင်းကို ကြံစည်နေတာမဟုတ်လား၊ မင်းကြောင့် ကျော့ရှင်း ငါ့ဆီ မလာတော့တာ မဟုတ်လား၊ မင်း ခုချက်ချင်း ကျော့ရှင်းကို ငါ့ဆီရောက်အောင် ခေါ်ခဲ့"

ဟာ ... ဘာတွေလဲကွာ ...။ ရူးချင်လာပြီကွာ ...။

သူက တံခါးကို ပြန်တွန်းပိတ်ကာ လှေကားအတိုင်း ပြေးဆင်းလာခဲ့သည်။ အခန်းဆီမှာ ဝုန်းဒိုင်းကျဲအသံတွေကို ကြားနေရသေးသည်။

အချစ်ဟာ လူတွေကို ရူးသွပ်စေသလား ...။

ရူးသွပ်စေတဲ့ အချစ်ကရော အစစ်မှ ဟုတ်ရဲ့လား။

မသိတော့ဘူးကွာ ...။

ရသသည် လေးပင်မောဟိုက်စွာပင် ကျော့ရှင်းတို့အဆောင်ဘက်သို့ ဦးတည်လိုက်သည်။

သူ့ကို ထွက်တွေ့သော ကျော့ရှင်းရဲ့ မျက်လုံးလေးတွေက ကြယ်ကလေးတွေလို လက်နေသည်။

"ရသ ... နေကောင်းရဲ့လား၊ မျက်နှာက အရမ်းညှိုးနေတာပဲ ..."

သူက ပြန်မဖြေဖြစ်ပါ။ ခဏကြာမှ လက်သန်းကလေးကို ကွေးကာ သူမထံကမ်းလိုက်မိတော့ သူမက လက်သန်းကလေးဖြင့် လာချိပ်လိုက်သည်။





"ကျော့ရှင်း ..."

"ဟင် ... ပြောလေ ရသ ..."

"ကိုယ် ညိုချောဘေးမှာ ရပ်တည်ပေးရလိမ့်မယ်ထင်တယ်"

ကျော့ရှင်းရဲ့ ကြယ်ကလေးတွေ အရောင်မှေးသွားခဲ့ရပါသည်။

"ရသ သဘောပါ၊ ကျော့ရှင်း နားလည်ပါတယ်"

"ကိုယ် သွားတော့မယ်"

"ဟုတ်ကဲ့ ..."

ကျော့ရှင်းက သူမရဲ့ လက်သန်းကလေးကို ဖြည်းဖြည်းချင်း ဖြည်လွှတ်ပေးလိုက်လေသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





# (၃၀)

"သွား ... နင်တို့နဲ့ ငါ မတွေ့ချင်ဘူး၊ ရှသနဲ့ တွေ့ချင်တယ်၊ ရှသ ဘယ်မှာလဲ၊ ရှသကို ခေါ်ပေးပါ ..."

ညိုချောက မျက်ရည်အရွှဲသားနှင့် အော်ပြောလိုက်တာမို့ မွေးဥတို့ သုံးယောက်သား ပခုံးကလေးတွေ ကျုံ့သွားကာ နံရံထောင့်မှာ သွားကပ်နေလိုက်မိလေသည်။

"ကျော့ရှင်းကြောင့် ရှသ ငါ့ကို အပြစ်တွေ မြင်နေတာ နင်တို့ သိရဲ့လား၊ အဲ့ဒါ နင်တို့အပြစ်လည်း ပါတယ်၊ နင်တို့လည်း ကျော့ရှင်းကို လက်ခံခဲ့လို့ ကျော့ရှင်းက အခွင့်အရေးတွေရပြီး ရှသကို ငါ့ဆီကနေ ဆွဲထုတ်သွားတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဥက ဆရာဝန်ပေးထားသော စိတ်ငြိမ်ဆေးနှင့် ရေခွက်ကို ကိုင်ကာ ညိုချောနားသို့ ကပ်သွားရင်း ...

"စိတ်အေးအေးထားပါ ညိုချောရယ်၊ ရသ နင့်ဆီ လာမှာပါ၊ နင် အိပ်နေလို့ ခဏအပြင်ထွက်သွားတာပါ၊ နင် သတိလစ်နေတုန်းကလည်း နင့်ကို သူပဲ ဂရုတစိုက် ဆေးရုံခေါ်လာပေးရ၊ အဆင်ပြေအောင် စီစဉ်ရ၊ စိတ်ပူရနဲ့ မောနေရှာတာပါ၊ ရော့ ... ဒီဆေးလေးသောက်ပြီး ခဏနားလိုက်နော် ..."

"မသောက်ချင်ပါဘူး"

ညိုချောက လက်နှင့် ယမ်းလိုက်တာမို့ ဖွေးဥလက်ထဲက ဆေးနှင့် ဖန်ခွက်က လွင့်ထွက်ကွဲကြေသွားသည်။

ဖွေးဥတို့ အားလုံးလည်း မလှုပ်ရဲတော့ဘဲ ညိုချောကိုသာ ငေးကြည့်နေမိခဲ့ကြပါသည်။

ညိုချောကို ဘယ်လိုလုပ်ရမလဲ ...။ ရသကို စွဲလန်းနေတဲ့ အဖြစ်ဟာ သနားစရာကောင်းလှပေမယ့် ရသက ကျော့ရှင်းကို ချစ်နေသည့် အဖြစ်ကိုလည်း ဖွေးဥတို့က သဘောပေါက်နှင့်ကြပြီး ဖြစ်ပါသည်။

ညိုချော စိတ်ချမ်းသာအောင် နေပေးဖို့ ရသကို ပြောလည်း မပြောရက်ပါ။





"ဘာလုပ်နေကြတာလဲ ... ရသကို သွားခေါ်ကြလေ ..."

ညိုချောက ထ,အော်လိုက်တာမို့ ဖွေးဥတို့သုံးယောက်သား လန့်ဖျပ် ထရပ်လိုက်မိကြပါသည်။

ထိုအခိုက်မှာပဲ အခန်းတွင်းသို့ ဝင်ရောက်လာသော ရသကို တွေ့လိုက်ရလေသည်။

ဖွေးဥတို့က ရသ ကယ်ပေလို့ဟု တွေးကာ သက်ပြင်းချမိဆဲ ရသက ညိုချောဆီ ဦးတည်သွားခဲ့ပါသည်။

"ရသ လာပြီ ..."

ညိုချော အသံက ချက်ချင်း နူးညံ့ကာ မျက်နှာကလေး ကြည်လင်လာသည်။

"ရသ ... ဘယ်လျှောက်သွားနေတာလဲ"

"အိမ်ခဏပြန်ပြီး သမိန့်ကို ကြည့်တာပါ ညိုချောရဲ့"

"သမိန့်ကို ကျော့ရှင်း ကြည့်ပစေပေါ့"

"ညိုချော နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဒါပေမယ့် နည်းနည်း မောနေသေးတယ်"

"အနားယူလိုက်ရင် ကောင်းသွားမှာပါ"

"အနားယူရုံနဲ့တော့ မကောင်းပါဘူး၊ ကျွန်မ စိတ်ထဲမှာ အမြဲတမ်း ငိုချင်နေတာ၊ ရသ လာရင် မငိုချင်တော့ဘူး"

"ညိုချောရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မငိုအောင် ရသ ကျွန်မ နားကို အမြဲလာမယ် မဟုတ်လား ..."

"လာမှာပေါ့ ညိုချောရယ်"

"ကျွန်မလေ ကျော့ရှင်းကို အမြဲရှုံးနေခဲ့ရတာ ရသရဲ့၊ ကျော့ရှင်းရဲ့ အနှိမ်ခံဘဝနဲ့ အချိန်တွေ အကြာကြီး နေခဲ့ရတာ၊ ခုမှ ကျော့ရှင်းကို နိုင်ခွင့်ရမှာ၊ ကျွန်မကို နိုင်ခွင့်ပေးမယ် မဟုတ်လားဟင်"

"ပေးပါ့မယ်"

"အို ... ကျွန်မ ပျော်လိုက်တာ၊ ရသ ကျွန်မ ဘေးမှာပဲ နေရမယ်နော်၊ ဘယ်မှ မသွားရဘူးနော်"

"မသွားပါဘူး ညိုချောရယ်၊ ညိုချောကို ပျော်အောင်ထားပါ့မယ်"

"ရသရယ် ... ကျေးဇူးတင်လိုက်တာ ..."

ညိုချောက ပျော်ရွှင်ခြင်း၊ စိတ်လှုပ်ရှားခြင်းဖြင့် ရှိုက်ငိုလိုက်ရာ ရသက ညိုချောရဲ့ ပခုံးတစ်ဖက်ကို ဖွဖွပုတ်၍ နှစ်သိမ့်ပေးရင်း အဝေးသို့ ငေးနေသည်။

မွေးဦတို့က ရသကို အံ့သြစွာ စိတ်မကောင်းဖြစ်စွာ ငေးကြည့်မိကြရင်း သက်ပြင်းကိုယ်စီ ချလိုက်မိကြပါသည်။

❀ ❀ ❀



## (၃၁)

အခုတော့ ညိုချောသည် ဘဝမှာ မရဖူးသော ပျော်ရွှင်မှုကို ရခဲ့လေပြီ။

ရသကို ချစ်သူတစ်ယောက်အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သော ညိုချောသည် ရသကို ချစ်သူတို့ ဝတ္တရားတွေ ပေးအပ်လာခဲ့သည်။

တနင်္ဂနွေနေ့မှာ ရုပ်ရှင်လိုက်ပြဖို့၊ ဥပုသ်နေ့မှာ ရွှေတိဂုံဘုရား လိုက်ပို့ပေးဖို့၊ shopping center တွေကို လျှောက်လိုက်ပေးဖို့၊ ကစားကွင်းကို မွေးဦတို့ကို မခေါ်ဘဲသွားဖို့၊ အမျိုးမျိုး တောင်းဆိုတိုင်း ရသက တိတ်ဆိတ်စွာ ခေါင်းညိတ်လိုက်လျှောတတ်မြဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရသဟာ ညိုချောကိုပဲ အမြဲအလိုလိုက် တတ်ပေမယ့် တဖြည်းဖြည်း စက်ရုပ်ဆန်လာကြောင်း သတိထား မိလာသည်။

ဟိုအရင်ကလို အူမြူးလိုက်လဲမှုတွေကိုလည်း ရသ ထံမှာ မတွေ့ရတော့။ ရသ မျက်လုံးတွေက မှုန်မှိုင်းငေးရီကာ စကားနည်းလာသည်။

ညိုချောကို အနားမှာထားပြီးလည်း သူ့အတွေးနှင့် သူ နစ်မျောချင် နစ်မျောနေတတ်သည်။

ညိုချောက ရသ လက်မောင်းကို ကိုင်လှုပ်မိကာ...

"ရသ... ဘာဖြစ်လို့လဲဟင်၊ မျက်နှာလည်း မကောင်းဘူး၊ ဘာတွေ တွေးနေတာလဲ..."

ရသက အားယူ၍ ရယ်ပြရရင်း...

"ညက ကြည့်မိတဲ့ ဗီဒီယိုကား တစ်ကားကွာ၊ အရမ်း သနားစရာကောင်းလို့ စိတ်ထဲစွဲသွားတာ၊ ခုလည်း အဲ့ဒီ အကြောင်း ပြန်တွေးမိနေတာ၊ ညိုချောလည်း ပျင်းနေပြီ ထင်တယ်၊ ဘယ်သွားချင်လဲ ပြောလေ၊ ငါလိုက်ပို့ပေးမယ်"

"ဘယ်မှ မသွားချင်တော့ပါဘူး၊ ရသနားမှာပဲ ငြိမ်ငြိမ်လေး နေချင်တယ်"

ညိုချောက ရသ နံဘေးမှာပဲ တိတ်ဆိတ်စွာ ဆက် ထိုင်နေမိသည်။





ခုချိန်မှာတော့ ညိုချောဟာ ရသအပေါ် မတရားတော့ လည်း ဖြစ်ကောင်း ဖြစ်မည်။

ရသရဲ့ အားနာတတ်မှု၊ ငဲ့ညှာတတ်မှုကို အခွင့် ကောင်း ယူမိရာလည်း ရောက်လိမ့်မည်။

သို့သော် ညိုချောတို့ လက်ထပ်ဖြစ်ခဲ့တဲ့အခါ ရသ ကို ညိုချောဘက်က အစွမ်းကုန် ပြုစုစောင့်ရှောက်ပြီး ပျော်ရွှင်စေ ရမည်ဟု ကြံစည်ထားခဲ့သည်။

ညိုချောတို့တတွေ သာယာသော မိသားစုဘဝ ကလေးကို တည်ဆောက်ကြမည်။ သံယောဇဉ်ဖြင့် နှောင်ဖွဲ့ကြ မည်။

ညိုချောက အမြဲ စိတ်ကူးယဉ်နေမိကာ ရသကို တွေ့ရလျှင်ပဲ ပျော်ရွှင်နေခဲ့မိသည်။

သို့သော် အချိန်ကြာလာလေ ရသရဲ့ မပျော်ရွှင်မှု ကို ညိုချော ခံစားလာရလေပင်။

တစ်ခါတစ်ခါ ရသထံမှာ ဘာစိတ်ခံစားမှုမှမရှိဘဲ ဗလာဖြစ်နေသည်ဟု ထင်သည်။

တစ်နေ့တော့ ညိုချောက ကစားကွင်း သွားချင်တယ် ပူဆာသဖြင့် ရသက မငြိုမငြင် လိုက်ပို့ပေးလေသည်။

ရဟတ်တစ်ခု၏ အနီးသို့အရောက်တွင် ရသက ရဟတ်ဆီ လှမ်းကြည့်ရင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ...



www.burmeseclassic.com

www.burmeseclassic.com



"ကျော့ရှင်း ... ရဟတ်မစီးရဲဘဲနဲ့ စီးဦးမယ်ထင်တယ်၊ အပေါ်ရောက်မှ အရမ်းလန့်သွားရင် ဒုက္ခပဲ"

ဟု ပြောရင်း ရဟတ်ဆီ အားသွန်ပြေးလေသည်။

ညိုချောကလည်း နောက်မှ ပြေးလိုက်လာခဲ့သည်။

သို့သော် ရဟတ်နားရောက်တော့ တခြားမိန်းကလေး တစ်ယောက်ကလွဲပြီး ဘယ်သူ့ကိုမှ မတွေ့ရချေ။

"ကျော့ရှင်း မှတ်လို့"

ရသက တီးတိုးပြောပြီး ပြန်လှည့်ထွက်သွားသည်။

ရသ မျက်လုံးတွေက တစ်မုဟုတ်ချင်း နီရဲစိုစွတ်လာတာကိုလည်း ညိုချောက မြင်ဖြစ်အောင် မြင်လိုက်သည်။

အဲ့ဒီနေ့ တစ်နေ့လုံး ရသ၊ မျက်နှာကို လိုက်ခိုးကြည့်ရင်း ညိုချော ငိုချင်နေသည်။

ရသက ညိုချောကို ရယ်ပြနေလည်း သူ့မျက်လုံးတွေ ငိုနေတာကို ညိုချော သိခဲ့သည်။

အဲဒီနေ့ ညနေမှာပဲ ညိုချောက ဖွေးဥတို့ဆီ သွားခဲ့လေသည်။

♥ ♥ ♥





"ရသကို ကြည့်ရတာ မပျော်သလိုပဲ ..."

ဘယ်ပျော်မလဲ၊ နင့်ကိုမှ မချစ်တာ၊ သူချစ်တာ ကျော့ရှင်းပဲ။

ညိုချောက ပြောလာချိန်မှာ ဖွေးဥတို့က စိတ်ထဲမှ အားရပါးရ တုန့်ပြန်ပြောလိုက်မိကြသည်။ သို့သော် အပြင် အမူအရာမှာတော့ ညိုချောကို ကရုဏာသက်စွာ ငေးကြည့်နေကြသည်။

"ကြာတော့ သူ့မပျော်ရွှင်မှုက ငါ့ဆီကို ကူးစက်လာပြီး ငါလည်း မပျော်တော့ဘူး"

ညိုချောအသံက တဖြည်းဖြည်း ဖျော့တော့လာသည်။

"သူ့မျက်လုံးတွေက အရင်လို ရွှင်မြူးမနေဘူး၊ သူ့စကားက အရင်လို ပွင့်လင်းမနေဘူး၊ သူ့အမူအရာက အရင်လို မတက်ကြွဘူး ...၊

"ဒီနေ့လည်း ရုပ်ရှင်တွေထဲကလိုမျိုးပဲ၊ အရမ်း



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာ ကောင်းတယ်၊ သူက ကျောရှင်း မရှိဘဲ ရှိတယ် ထင်ပြီး ကျောရှင်းဆီ စိုးရိမ်တကြီး ပြေးသွားတယ် …၊

"ပြီးတော့ သူ တိတ်တိတ်ကလေး ဝမ်းနည်းနေတယ်၊ ငါလည်း ဝမ်းနည်းရတယ်"

ဖွေးဥက သက်ပြင်းချရင်း …

"နင် … ဒါတွေ ငါတို့ဆီ လာပြောနေပေမယ့် ရသ ဘာလို့ ဒီလိုဖြစ်ရတယ်ဆိုတာ နင့် မသိစိတ်က သိပြီးသားပါ၊ နင့် သိစိတ်ကသာ လက်မခံတာပါ ညိုချောရယ် …၊

"တကယ်တော့ အချစ်ဆိုတဲ့ ခံစားမှုဟာ သူ့အလိုလို ပေါ်လာတတ်တာမျိုးပါ၊ အဲ့ဒီ ခံစားမှုမျိုး ဖြစ်လာအောင် တမင်ဖန်တီးယူလို့ရတဲ့ တက္ကနစ်တွေလည်း မရှိဘူး၊ ပုံသေနည်းတွေလည်း မရှိဘူး၊ ပြီးတော့ စာနာစိတ်တစ်ခု၊ တာဝန်ယူချင်စိတ် တစ်ခုနဲ့ အချစ်ကို ဖွတ်အတင်းဖန်တီးထားရင်တောင် ရေရှည်မခံနိုင်ဘူး"

"ငါ သူ့အပေါ် မတရားဘူးပေါ့နော်"

"ဒါပေါ့ …"

နင်တို့ ထောက်ခံတာကလည်း မြန်လိုက်တာ"

"ငါတို့က နင် မတရားဘူးလို့ စ,ပြောရမှာ အားနာလို့၊ နင် စ,ပြောလာမယ့် အချိန်မှာ အရမ်းထောက်ခံပစ်လိုက်ဖို့ စောင့်နေရတာ …"





"ဩော် … ဒီလိုလား …"

"ဟုတ်တယ် … ငါတို့လည်း နင့်ကို မရှက်တမ်း ရင်ဖွင့်ရရင် ရသကို သဘောကျခဲ့တာပဲ ညိုချောရဲ့ …၊ ရုပ်တလည်း ချောတယ်၊ စိတ်ထားလည်း ကောင်းတယ်၊ ကိုယ့်ကိုလည်း ဂရုစိုက်သေးတယ်၊ ဒီလိုလူမျိုးနဲ့ နီးစပ်တဲ့ ဘယ်မိန်းကလေးမဆို သူ့အပေါ် တစ်ချိန်မဟုတ်တစ်ချိန် မရိုးမသား စိတ်ဝင်စားမှာပဲ၊ မျှော်လင့်မိမှာပဲ …၊

"ဒါပေမယ့် ငါတို့က တရားရှိတယ်၊ ရသဘက်ကို ပြန်ကြည့်ပေးတယ်၊ ရသနဲ့ ငါတို့ဟာ လိုက်ဘက်မညီဘူးဆိုတာကို အလွယ်တကူ လက်ခံတယ်၊ သူနဲ့ လိုက်ဖက်ညီတဲ့ မိန်းကလေးမျိုးနဲ့ တွေ့ရင်လည်း သူ့အတွက် ကျေနပ်ပေးနိုင်တယ် …၊

"ဘယ်သူ့အတွက်မဆို လိုက်ဖက်ညီတဲ့ ဖူးစာရှင်ဆိုတာ တစ်နေရာရာမှာတော့ ရှိနေမှာပဲ၊ တစ်နေ့နေ့တော့ တွေ့ဦးမှာပဲ၊ ကံကြမ္မာက တန်ရာ တန်ရာတော့ တွဲဖက်ပေးဦးမှာပဲ …၊

"ငါတို့လည်း တစ်နေ့ကျ ငါတို့အပေါ်ချစ်တဲ့ ဖူးစာရှင်တစ်ယောက် တွေ့နိုင်တာပဲမဟုတ်လား၊ ဘာဖြစ်လို့ ကိုယ်နဲ့ မလိုက်ဘက်တဲ့ သူကို ဖွတ်အတင်းလုယူရမှာလဲ၊ ဘာတွေနဲ့ ခြိမ်းခြောက်ပြီး ကိုယ့်ဆီရောက်အောင် ဖန်တီးဦးမှာလဲ …၊



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ တို့ သုံးယောက်က ရသအပေါ် သူငယ်ချင်းလို၊ မောင်နှမလို စိတ်မျိုးနဲ့ ရိုးရိုးသားသား မျှော်လင့်ချက်ကင်းကင်း ဆက်ဆံနေနိုင်ပြီလေ၊ အဲဒီတော့ ရသလည်း စိတ်ချမ်းသာတယ်၊ ငါတို့လည်း စိတ်ချမ်းသာတယ် ...၊

"နင့်အနေနဲ့လည်း ရသကို အရင်လို မြူးတူး တက်ကြွနေတာ မြင်ချင်ရင် ပွင့်ပွင့်လင်းလင်း စကားတွေ ကြားချင်ရင် အခြေအနေမှန်ကို လက်ခံပြီး ရသကို လက်လွှတ်လိုက်ဖို့ပဲ"

"စွန့်လွှတ်လိုက်မှ ပိုလှသွားတဲ့ အချစ်တွေလည်း ရှိတတ်ပါတယ် ညိုချောရဲ့"

ညိုချောက ခေါင်းငိုက်စိုက်ကျသွားကာ စားပွဲပေါ်သို့ မျက်ရည်ပေါက်တွေ လိမ့်ဆင်းလာသည်။ ဖွေးဥတို့က ညိုချောကို ဖက်လိုက်ရင်း ...

"ဟိုကောင် သမိန်တစ်ယောက် ရှိသေးတယ်၊ သူ့ကိုလည်း ဘယ်လိုတရားချရမယ် မသိဘူး၊ ရသက သမိန့်ကိုလည်း အရမ်းငဲ့တာလေ"

ဟု ညည်းညူသလိုလေး ပြောလိုက်လေသည်။



## (၃၂)

ညိုချောသည် မီးရောင်ကလေး လင်းနေသော ရသနှင့် သမိန်တို့ နေထိုင်ရာ တိုက်ခန်းကလေးဆီ မော့ကြည့်လိုက်မိလေသည်။

ခုချိန်ဆို သမိန်တော့ ရှိနေမှာပေါ့ ...။

ရသကတော့ အခုလေးပဲ တိုက်ခန်းပေါ်က ဆင်းပြီး လမ်းထိပ်ဘက် ထွက်သွားတာကို ညိုချော ချောင်းကြည့်နေသည့် နေရာကလေးမှ လှမ်းမြင်လိုက်ရသည်။

ဟော ... ပြတင်းမှာ သမိန့်ရဲ့ အရိပ်ကို တွေ့ပြီ။

ညိုချောသည် လှေကားအတိုင်း ခပ်မှန်မှန် လျှောက် တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရသတို့ တိုက်ခန်းရှေ့ရောက်တော့ ညိုချောက ခဏ တွေရပ်နေမိသည်။ သမိန့်လို သူစိမ်းတစ်ယောက်နဲ့ ညိုချော ဘယ်လိုတွေ့ရမလဲ ...။ သမိန့်ကို ညိုချော ကြောက်သည်။

သို့သော် ဘာဖြစ်သေးလဲ ...။ ရသအတွက် ကိုယ်စွမ်းနိုင်သမျှအားလုံး လုပ်ပေးချင်သေးသည်။ အခက်အခဲ ဘယ်လောက်ရှိပစေပေါ့။

ညိုချောသည် သော့ခတ်ထားသော သံတံခါးကို လှမ်းကိုင်မိဆဲ အတွင်းတံခါး လော့ခ်မကျဘဲ ခပ်ဟဟပွင့်နေတာကို လှမ်းမြင်လိုက်ရသည်။

ညိုချောက အသာအယာ တွန်းကြည့်မိတော့ ဧည့်ခန်းထဲမှာ ခေါင်းငုံ့ထိုင်နေသော သမိန့်ကို တွေ့ရသည်။

ညိုချောက ဘဲလ်နှိပ်လိုက်တော့ သမိန်က ခေါင်းမော့မကြည့်ဘဲ ပြန်မေးသည်။

"ရသ မင်း ပြန်လာပြီလား၊ ကျောရှင်းပါရဲ့လား၊ ကျောရှင်းမပါရင် မပြန်ခဲ့နဲ့လို့ မင်းကို ငါ ပြောထားတယ်နော်"

ညိုချောက ချောင်းတစ်ချက် ဟန့်လိုက်ရင်း ...

"ဒီမှာရှင် ..."

ဟု အသံပြုကာ ညိုချောကို မြင်သာသည်အထိ အတွင်းတံခါးကို လှမ်းတွန်းထားလိုက်သည်။





သမိန်က ခေါင်းမော့လာကာ ညိုချောကို ဇဝေဇဝါ ကြည့်သည်။

"ကျွန်မကို မှတ်မိရဲ့လား၊ ကျွန်မက ညိုချောလေ ..."

သမိန်က လမ်းလျှောက်အကူကိရိယာကို လှမ်းဆွဲကာ တံခါးဝဆီ လျှောက်လာသည်။

"ဘာကိစ္စလဲ ... ရသ မရှိဘူး"

"ကျွန်မ ရှင်နဲ့ တွေ့ဖို့လာတာပါ၊ စကားနည်းနည်းလောက် ပြောချင်လို့ပါ"

သမိန်က ညိုချော မျက်နှာကို အဖြေရှာသလို ကြည့်နေသည်။

ညိုချောကလည်း သမိန် တံခါးဖွင့်ပေးဖို့ မျှော်လင့်နေခဲ့သည်။

စွန့်လွှတ်လိုက်မှ ပိုလှသွားတဲ့ အချစ်တွေအကြောင်း သမိန် နားလည်အောင် ပြောပြချင်လို့ ...

ကျေးဇူးပြုပြီး တံခါးတစ်ချက် ဖွင့်ပေးစေချင်ပါတယ် သမိန် ...။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





## (၃၃)

နှင်းမှုန်လေးတွေ ဝေ့ဝဲစပြုသော အဲဒီ ဒီဇင်ဘာ ညချမ်းမှာ ကျော့ရှင်းက ည ၉ နာရီ ရထားဖြင့် နယ်သို့ပြန်ဖို့ ပြင်ဆင်ထားခဲ့လေသည်။

ထိုညမှာပဲ ညိုချောက ရသကို ညိုချောတို့ အဆောင် ရှေ့မှာ တစ်ယောက်တည်း ဂစ်တာလာတီးဖို့ ဖိတ်ခေါ်ထားခဲ့သည်။

ညသည် အေးစက်ခြောက်ကပ်ခြင်းဖြင့်သာ တန်ဆာ ဆင်ထားကာ ကောင်းကင်ထက်မှာလကလည်း မသာချေ။ ညိုချော က ဒီညကို 'ဝမ်းနည်းဖွယ် ည' ဟုသာ သတ်မှတ်ထားသည်။

ပရစ်အော်သံတချို့ကိုလည်း ကြားရရဲ့....။ ပတ်ဝန်း ကျင်မှာလည်း လူသွားလူသာ တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုချောက ည ၇ နာရီကတည်းကပင် ရသ လာလျှင် ထိုင်တတ်သည့် အုတ်ခုံကလေးမှာ ထိုင်ရင်း ရသ လာမည့် လမ်းကို ကြိုစောင့်နေလိုက်သည်။

ဟိုအရင်က ရသတို့အဖွဲ့ရဲ့ သီချင်းသံတွေကြောင့် ပျော်ခဲ့ဖူးသော ညကို သတိရကာ ယဲ့ယဲ့ကလေး ပြုံးမိသည်။

တန်ခိုးရှိရင်လည်း အဲ့ဒီတုန်းက အပျော်တွေကို တစ်ခါတည်း ဖမ်းဆုပ်ပြီး တစ်သက်လုံးအတွက် လုံလုံခြုံခြုံ သိမ်းထားမိမှာပဲ။

အင်းလေ ... ခုလည်း ရင်ထဲမှာ သိမ်းထားနိုင်တာပဲ၊ စိတ်ညစ်တိုင်း အဲဒီတုန်းကအကြောင်းကို ပြန်စဉ်းစားမည်လေ။

ညိုချောက စောင့်မျှော်ဆဲမှာ ရသက တိတ်ဆိတ် ညှိုးလျော်စွာ ညိုချောထံသို့ ရောက်ရှိလာခဲ့သည်။

"ရသ ... အေးနေဦးမယ်"

ညိုချောက ဆီးကြိုကာ မျက်ရည်ဖြင့် ထိုးခဲ့ရသော သိုးမွေးခေါင်းစွပ်ကလေးကို သူ့ခေါင်းမှာ စွပ်ပေးလိုက်သည်။

"ထိုင်လေ ... ရသ"

ရသက ညိုချောနံဘေးမှာ ဝင်ထိုင်သည်။

"ညိုချောကို နောက်ဆုံးအနေနဲ့ သီချင်းတစ်ပုဒ်လောက် ဆိုပြခဲ့နိုင်မလားဟင် ..."





"နောက်ဆုံး အနေနဲ့ ! "

"အင်း ... နောက်ဆုံး အနေနဲ့ ..."

ရသက ညိုချော မျက်နှာကို အဖြေရှာသလို ကြည့်တာမို့ ညိုချောက ဟန်မပျက်ပြုံးပြရရင်း ...

"ရသဆီက အဲ့ဒါလေးတစ်ခုပဲ ညိုချော လိုချင်ပါတယ်"

သူက အသာအယာပင် ခေါင်းညိတ်ကာ ဂစ်တာကြိုး စညှိဆဲမှာ ညိုချော မျက်ရည်ဝဲစ ပြုလေသည်။

"ဘာသီချင်း ဆိုရမလဲ ..."

"အယ်လိလွန်းဝါရဲ့ ဆောင်းအိပ်မက် ဆိုပေးလေ"

သီချင်းသံသည် သူ့နှုတ်ဖျားဆီမှ ညင်သာစွာ ထွက်ပေါ်လာခဲ့ပါသည်။

"နေညိုချိန် လမ်းလေးပေါ် ... ရီဝေနေတဲ့ အကြည့်တွေ ...
တို့အတွက် နောက်ဆုံး အလွမ်းလက်ဆောင်များလား ...
နီးစပ်ဖို့လည်း မလွယ်တော့ဘူး ...
ဝေးသွားဖို့လည်း မခံနိုင်ဘူး ...
တွဲလက်ကလေး လွှတ်ကာသွားချိန် ...
ကိုယ်စီ စိတ်ကူးလေးတွေ လေဟာနယ်ထဲလွင့်ပြီး ...
အပိုင်းအစတွေပဲ တို့အတွက် ကျန်ခဲ့ပြီ
နီးစပ်ဖို့လည်း မလွယ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ပေးသွားဖို့လည်း မခံနိုင်ဘူး

တွဲလက်ကလေး လွတ်ကာသွားချိန် ...”

သီချင်းသံသည် ညိုချောရဲ့ နှလုံးကို ဆုပ်ညှစ်ထားသလို တဖြည်းဖြည်း နာကျင်လာသည်။

ညိုချောက မှောင်ရိပ်ဘက်သို့ တိုးရွှေ့ ထိုင်ရင်း မျက်ရည်ကျလေသည်။

“တို့နှစ်ယောက် နှုတ်ဆက်ချိန်လေးတွေ ...

ပြန်မြင်ယောင်နေမိတယ်

အတိတ်က တို့ရဲ့ အဖြစ်တွေလည်း အိပ်မက်လိုပဲ ...

အချစ်နဲ့ ပေးဆပ်ချင်လည်း

နင်ယှဉ်ဆောင်မသွားနိုင်တော့

တို့ရဲ့ အချစ်တွေ ဆောင်းအိပ်မက်လိုပဲ ...”

သီချင်းသံ ပြီးဆုံးတိတ်ဆိတ်သွားသောအခါ ညိုချောက မျက်ရည်တွေကို ရသ မမြင်အောင် သုတ်ပစ်လိုက်ပြီး သူ့ပခုံးဆီမှာ ခေါင်းမှေးမှီလိုက်မိသည်။

“ရသ ... ဒီအတိုင်းလေး ခဏနေပေးပါ”

ရသက ငြိမ်သက်သွားပြီး သက်ပြင်းဖွဖွတစ်ချက်က ညိုချောရဲ့ နဖူးဆီ ဖွဖွထိတိုက်သွားသည်။

ထိုအချိန်တွင် အဆောင် ဧည့်ခန်းမီး လင်းသွားကာ နှုတ်ဆက်သံတချို့ ကြားရသည်။





ကျော့ရှင်းက သူ့အိတ်ကိုဆွဲကာ အဆောင်တွင်းမှ ထွက်လာခဲ့ပြီ ...။

လမ်းထိပ်ကိုရောက်ဖို့ ကျော့ရှင်း ညိုချောတို့ရှေ့က ဖြတ်ရလိမ့်မည်။

ခပ်ဝေးဝေး မှောင်ရိပ်ဆီမှာ ကျော့ရှင်းက တွေဝေစွာ ရပ်တံ့လိုက်သည်။

ညိုချောက ရသထံ လက်ကမ်းပေးလိုက်ပါသည်။

“ရသ ... ထ”

ရသက ညိုချောကို နားမလည်သလိုမော့ကြည့်သည်။

ညိုချောက ရသလက်ကို လှမ်းဆွဲလိုက်ပြီး ကျော့ရှင်းဆီသို့ ဦးတည်လိုက်လေသည်။

♥ ♥ ♥

“ကျော့ရှင်း ... ရှင်ချစ်သူကို ရှင့်ဆီ ပြန်အပ်ပါတယ်”

ညိုချောက ရသရဲ့ လက်ကို ကျော့ရှင်း လက်ထဲသို့ ထည့်ပေးလိုက်ပါသည်။

“ညိုချော ... နင်”

ရသက ညိုချောကို မယုံနိုင်စွာ ကြည့်သည်။ ညိုချောက ရသကို အကြည်လင်ဆုံး ပြုံးပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျော့ရှင်း တစ်ယောက်ရှိတည်း ပြန်ရမှာ၊ ရှင် လိုက်ပို့လိုက်ပါနော်"

"ညိုချောအတွက် နှောက်ဆံမတင်းပါနဲ့၊ သမိန့်အတွက်လည်း စိတ်အေးလိုက်ပါတော့၊ သမိန်လည်း ခုလောက်ဆို ဟိုင်းဝေးကားပေါ် ရောက်သွားလောက်ပြီ၊ သူ့ကို ညိုချောကိုယ်တိုင် ကားဂိတ်ထိ လိုက်ပို့လိုက်တာပါ၊ သူ အချိန်တစ်ခုထိ သူ့အိမ်မှာ သူ့မိသားစုနဲ့ အေးအေးချမ်းချမ်း ပြန်နေမှာပါ၊ သူ့စိတ်တွေလည်း အေးချမ်းနေပါပြီ ..."

"ညိုချောရယ် ... နင် ... နင် ဖြစ်ရဲ့လား",

ကျော့ရှင်းက ညိုချောကို စိုးရိမ်တကြီး မေးလိုက်သည်။ ညိုချောက ခေါင်းညိတ်ပြရင်း ...

"ဖြစ်တာပေါ့၊ ဒါ့နားမှာလည်း ဖွေးဥတို့ ရှိနေတာပဲ၊ သွားတော့နော် ... နောက်ကျနေဦးမယ်"

"ကျေးဇူးတင်ပါတယ် ညိုချောရယ်"

ကျော့ရှင်းက ညိုချောကို ပွေ့ဖက်ရင်း တီးတိုးပြောလိုက်သောအခါ ညိုချောက အားယူပြုံးရကာ ...

"ရသီကို ဒေါ်ဆိ ခဏလေး ပေးထားခဲ့တဲ့အတွက်လည်း နင့်ကို ကျေးဇူးတင်ပါတယ်"

ဟု ကျော့ရှင်း ကြားသာရုံကလေး တီးတိုး ပြောမိလေသည်။





ရသနှင့် ကျော့ရှင်းတို့က ညိုချောကို နှုတ်ဆက်ထွက်ခွာသွားသည်။

ညိုချောက နေရာမှာ ခြေစုံရပ်ကာ သူတို့ကို ငေးကြည့်နေမိဆဲ ရသ တစ်ယောက်တည်း ပြန်လှည့်လာကာ စကားတစ်ခွန်းမှ မပြောဘဲ ညိုချောရဲ့ ဘယ်ဘက်ပခုံးစွန်းကလေးကို ဖွဖွပုတ်၍ နှစ်သိမ့်သွားသည်။

နှင်းမှုန်များကလေးတွေက ညကို ပို၍ အေးစက်လာစေသည်။

ညိုချောကတော့ ဘယ်ဘက် ပခုံးကလေးကို အသာအယာ ငုံ့ကြည့်မိရင်း ငြိမ်သက်နေဆဲ ဖြစ်လေသည်။

ထကယ်တော့ ... အချစ်ဆိုတာ ...

ပုညခင်
11.9.2006
(Monday)



www.burmeseclassic.com